ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ရက်၊ သောကြာနေ့၊ (22-8-2003)(၃၉၇၀)

ယနေ့ ထုတ် စောင်ရေ ၂၁၁၀၀၇

ဗာဟုသစ္စဥ္စ တော် မင်္ဂလ မုတ္တမံ။ အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် ဘရာဇီးလ်သမ္မတတို့ထံ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့

ရန်ကုန် ဩဂုတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ၂၀၀၃ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဗုံးပေါက်ကွဲ၍ ကွယ်လွန်သွားသည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် Mr. Sergio Vieira de Mello အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်ထံသို့ ပေးပို့ခဲ့ကြောင်း သိရှိရသည်။

အလားတူပင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘရာဇီးလ်သမ္မတ Mr. Luiz Inacio Lula da Silva ထံသို့လည်း ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြေးမုံ သတင်း၊ဆောင်းပါး အညွှန်း

အီရတ်ရှိ ကုလသမဂ္ဂရုံး ဗုံးခွဲမှု မည်သူ့လက်ချက်မှန်း မသိရသေး။

(နိုင်ငံတကာသတင်းများ၊ စာ-၃၊ ၄၊ ၅)

စင်စစ် ငြိမ်းချမ်းခြင်းရှိရာသို့ သွားရာခရီးတိုင်းတွင် အချိန်ကာလတစ်ခု မလွဲကေန် ရှိသည်။ အတားအဆီးများစွာကို ဖြတ်ကျော်ရသည်။

[မြင့်စိုး(နတလ)၏ ဆောင်းပါး၊ စာ-၆]

သင်တန်းသို့ မြန်မာစာရေးတတ်၊ ဖတ်တတ်လျှင် လက်ခံ သင်ကြားပေးခဲ့ရာ သင်တန်းအကြိမ်ပေါင်း ၁၁ ကြိမ်ရှိပြီဖြစ်။

(ကျော်စိန်၏ ရွှေနံ့သာ စိုက်ပျိုးရေး သင်တန်းကျောင်း သတင်းဆောင်းပါး၊ စာ-၁၃)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ ဦးနိုင်ထင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးနိုင်ထောမွန်နှင့် ဦးနိုင်ရောစ၊ တွဲဖက်အတွင်းရေးမှူး နိုင်ချမ်းတွဲနှင့် ဗဟိုကော်မတီဝင်များအား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ ဦးနိုင်ထင်က ကွယ်လွန်သွားသည့် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ ဦးနိုင်ရွှေကျင်၏ ဈာပနကိစ္စအဝဝကို ပြည့်စုံပြီးမြောက်အောင် ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မွန်ပြည်သစ်ပါတီအနေဖြင့် ဥက္ကဋ္ဌ ဦးနိုင်ရွှေကျင် ကွယ်လွန်ပြီးနောက် ၎င်းချမှတ်ခဲ့သည့် ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး မှာကြားမှုများကို ဆက်လက်ထိန်းသိမ်း ဖော်ဆောင်လျက်ရှိပါကြောင်း၊ ဒေသအတွင်း လမ်း၊ တံတား လုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းများ အထောက်အကူပြုရေး၊ လူငယ်လူရွယ်များ အသိပညာတိုးပွားရေးတို့အတွက် ဆက်လက်ပံ့ပိုး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၂-၈-၂၀၀၃
(သောကြာနေ့)

နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် သမိုင်းအစဉ်အလာကြီးမားပြီးစည်းလုံးညီညွတ်မှုရှိသောနိုင်ငံဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားရေး မူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများအပါအဝင် ဒေသအားလုံးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်စုံထောင့်စုံက အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။ ပြည်ထောင်စုကြီးအတွင်း ကွက်လပ်မကျန်စေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးအလေးပေး အကောင်အထည် ဖော်လျက်ရှိသည်။

ယခင်ခေတ်ကာလများက တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းခဲ့၍ နယ်မြေဒေသမငြိမ်းချမ်းဘဲ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခဲ့သော နယ်စပ်ဒေသများတွင်ပင် ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့်အတူ တိုင်းရင်းသားများ၏ လူမှုရေး၊စီးပွားရေးနှင့် လူနေမှုအဆင့်များ မြင့်မားလာလျက်ရှိသည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်တိုးတက်မြင့်မားလာစေရန် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ဒေသခံပြည်သူများအတွက် အကျိုးရလဒ်ကောင်းများ ခံစားရရှိစေမည့် လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် စီးပွားရေးအခြေခံ အဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုပါ ထည့်သွင်းစီမံတည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဆည်မြောင်းတာတမံကြီးများ၊ မြစ်ကူးတံတားကြီးများ၊ အကြီးစားရေအားလျှပ်စစ် စီမံကိန်းကြီးများကို တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိသည်။ ထို့အပြင် လေယာဉ်ပြေးလမ်းသစ်ကြီးများ၊ ခံ့ညားထည်ဝါသော တက္ကသိုလ်၊ ကောလိပ်ကျောင်းသစ်ကြီးများ၊ ဆေးရုံများ၊ ရထားလမ်းသစ်များ၊ ခရီးဝေးလမ်းမကြီးများနှင့် စက်ရုံ၊ အလုပ်ရုံသစ်များကိုလည်း တည်ဆောက်ဖောက်လုပ်ဖွင့်လှစ်ပေးလျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံရလဒ်ကောင်းများကို ရရှိတည်ဆောက်နိုင်ခြင်းမှာ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာနေ၍ဖြစ်သည်။ နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်တည်ဆောက်နိုင်ကြ၍ ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ မယိုယွင်း မပျက်စီးစေရန် တိုင်းရင်းသားပြည်သူတို့၏ စွမ်းအားဖြင့် ရယူတည်ဆောက်လျက်ရှိသည်။ အမျိုးသားရေး အကျိုးစီးပွား ဖြစ်ထွန်းရေးကို ရေရှည်အာမခံနိုင်မည့် ခိုင်မာသော အနာဂတ်ပေါ်ထွန်းလာစေရန် ကောင်းမြတ်သော စေတနာမွန်ဖြင့် ဆက်လက်ကြိုးပမ်း အားထုတ်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှု အဆင့်အတန်းမြင့်မားလာမှသာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများ တိုးတက်မြင့်မားလာကာ ပြည်သူများအသိအမြင် ကြွယ်ဝ လာနိုင်မည်ဖြစ်သည်။ ယင်းသို့သော အခြေခံကောင်းများကို နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုအပေါ်တွင် တည်မှီပြီး ကြိုးပမ်းဆောင်ရွက်မှသာ ရရှိဖြစ်ထွန်းနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းရေးကို မြတ်နိုးပြီး ဖြစ်ထွန်းတည်ရှိနေသည့် တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်းများ မပျက်မယွင်းစေရေးအတွက် ဆက်လက်ထိန်းသိမ်းသွားကြရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တီးကွက်မပျက် တီးနေလျက်

* မြန်မာ့ဆိုင်းဝိုင်း
မြင်သူတိုင်းက၊ ငေးမောရ၏
လှပထည်ဝါ၊မြန်မာ့ရတနာ။

* မြန်မာ့ဆိုင်းဝိုင်း
သိုင်းဝိုင်းညီတူ၊ ပေးယူမျှတ
တီးမှုတ်ကြ၍၊ ချိုမြသံသာ
မာန်ပါမြူးကြွ၊ ကြားရစိတ်တွင်
မြူးရွှင်စေတာ၊ မြန်မာ့ရတနာ။

* တို့ဆိုင်းဝိုင်း၏
အရှိကျက်သရေ၊ ပျက်ယွင်းစေပြီး
တီးနေမှုတ်နေ၊စိတ်နေပျော်ပါး
ဝိုင်းတော်သားများ၊ လွင့်ပါးအာရုံ
တီးပုံတီးကွက်၊ ဟန်ချက်ပျက်ရေး
ဓောင်းပေးစေ့ဆော်၊ မသူတော်တွေ
လုပ်၍နေတာ၊ တို့သိပါ၏။

* ဓောင်းပေးစေ့ဆော်၊ အော်ချင်အော်လေ
အော်နေသူပဲ၊ လည်ချောင်းကွဲမှာ
သေအချာပေါ့၊ တို့မှာတော့လေ
ခြေနေမပျက်၊ ဟန်ချက်မချော်
ပျော်ပျော်ရွှင်ရွှင်၊ တီးလျက်ပင်မို့
မမြင်ချင်ပိတ်၊ မျက်စိမှိတ်
မကြားချင်နား၊ ပိတ်၍ထား။ ။

ပျံလွှား

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဩဂုတ် ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးသိန်းထွန်း	ပါမောက္ခချုပ် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပို့ဆောင်ရေးဝန်ကြီးဌာန။
(ခ) ဦးဝင်းကြည်	ပါမောက္ခချုပ် သစ်တောတက္ကသိုလ် သစ်တောဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန။
(ဂ) ဦးကိုကိုကျော်	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန။



ဓမ္မဗိမာန်ကျမ်းစာ အမှတ်(၅)ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၁

စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မနောဒယချောင် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သဒ္ဓမ္မာဘိဝံသ ပြုစုစီရင်တော်မူသော "ဣတိဝုတ်ပါဠိတော် နိဿယသစ်" ကျမ်းစာအုပ်ကို ဓမ္မဗိမာန်ကျမ်း စာအမှတ်(၅)အဖြစ် ထုတ်ဝေထားသည်။ သစ္စာမဏ္ဍိုင်စာပေ၊ ရွှေတိဂုံတောင်ဘက်မုခ် ဖုန်း- ၂၈၁၄၃၁နှင့် ၅၄၈၅၄၈တို့သို့ မှာယူနိုင်ကြောင်းသိရသည်။ **(အပေါ်ဝဲပုံ)**

(က-ပ)

ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း ထိုင်းနိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံအား မြန်မာနိုင်ငံ နယ်စပ်ဖြစ်စဉ်နှင့် ပတ်သက်၍ တွေ့ဆုံပြောကြား

ရန်ကုန် ဩဂုတ် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းသည် ယနေ့နံနက် ၁၁နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာအိုပါ(စ်)ချန်တာရာဆပ်အား နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး ဒုတိယဝန်ကြီးက ယနေ့ဗန်ကောက်မြို့တွင် ထုတ်ဝေသော ဗန်ကောက်ပို့စ်၊ နေးရှင်းစသည့် သတင်းစာနှင့် အခြား ထိုင်းမီဒီယာတို့၌ မြန်မာနိုင်ငံနယ်စပ် ဖြစ်စဉ်တစ်ရပ်နှင့်ပတ်သက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ပြောဆိုမှုများပြုလုပ်ခဲ့သည်ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ ထိုရေးသားမှုများသည် အလွန်အကျွံသဘောဆောင်ပြီး တည်ရှိဆဲ နှစ်နိုင်ငံချစ်ကြည်ရေးကို အထောက်အကူမပြုကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ချစ်ခင်ရင်းနှီးသော အိမ်နီးနားချင်းနိုင်ငံများဖြစ်ကြသဖြင့် ဤအလွန်အကျွံရေးသားမှုများသည် မှန်ကန်မှုမရှိဟု မျှော်လင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဤကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းပေးပါရန် မေတ္တာရပ်ခံကြောင်းဖြင့် ပြောကြားခဲ့သည်ဟု သိရှိရသည်။

(သတင်းစဉ်)

ဝါခေါင်လကွယ်နေ့ တရားတော်အသံလွှင့်မည်

ရန်ကုန် ဩဂုတ် ၂၁

၁၃၆၅ခုနှစ် ဝါခေါင်လကွယ်နေ့ (ဩဂုတ်၂၆ရက်) နံနက် ၇နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဓောတိက က **နမူနာပြလတ်သစ်ဓာတ်တရားတော်** ကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းရှိ ကျောင်းသား၊ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲတွင် ရန်ကင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုမောင်က ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။

(က-ပ)

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြှောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး တိုက်ခိုက်ခံရမှု တုန်လှုပ်မှုဖြစ်ရ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကြေညာချက်ထုတ်ပြန်

ကုလသမဂ္ဂ ဩဂုတ် ၂၀

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးအား အင်္ဂါနေ့က တိုက်ခိုက်မှုနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

ကိုဖီအာနန်က ဖင်လန်နိုင်ငံသို့ ရက်အားအပန်းဖြေခရီးစဉ်ကို ဖျက်သိမ်းလိုက်ပြီး နယူးယောက်သို့ ဗုဒ္ဓဟူးနေ့တွင် ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။ ကုလသမဂ္ဂ၏ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ဝန်ထမ်း ၁၂၀၀ သည် အီရတ်နိုင်ငံတွင် ရှိနေပြီး ၎င်းတို့အထဲမှ ဝန်ထမ်း ၆၀၀ သည် ဘဂ္ဂဒက်မြို့တော်တွင် ရှိနေသည်။

စိုးရိမ်ကြောက်လန့်

ကုလသမဂ္ဂရှိ မိမိတို့ဝန်ထမ်းအားလုံးသည် အင်္ဂါနေ့က တိုက်ခိုက်မှုကြောင့် တုန်လှုပ်ချောက်ချားပြီး စိုးရိမ်ကြောက်လန့်နေရကြောင်း၊ ယင်းတိုက်ခိုက်မှုဖြစ်စဉ်အတွင်း မိမိ၏လုပ်ဖော်ကိုင်ဖက်အများအပြား ထိခိုက်ဒဏ်ရာရရှိပြီး အီရတ်နိုင်ငံသားများနှင့် နိုင်ငံတကာ ဝန်ထမ်းများပါဝင်သော အရေအတွက် မသိသေးသည့် ဝန်ထမ်းများ ထိခိုက်သေဆုံးခဲ့ရကြောင်း ၎င်းကြေညာချက်တွင် ဖော်ပြထားသည်။

ဆုမွန်ကောင်းတောင်း

အီရတ်ရှိ ကုလသမဂ္ဂ မစ်ရှင်အဖွဲ့ အောင်မြင်စေရေးအတွက် အစွမ်းကုန် ကျားကုတ်ကျားခဲ ကြိုးပမ်းနေသည့် မိမိ၏ အထူးကိုယ်စားလှယ် ဆာဂျီယိုဒီမဲလိုးအပါအဝင် ဒဏ်ရာရရှိသူများက ခေါင်းဆောင်များ၏ လက်အောက်ဝယ် အီရတ်ပြည်သူများ၏ ကိုယ့်စိတ်ကြိုက် ရွေးချယ်မှုနှင့်အတူ အီရတ်ပြည်သူတစ်ရပ်လုံးတွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးနှင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရာတွင် ကူညီပံ့ပိုးရန် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် အီရတ်နိုင်ငံသို့ သွားရောက်တာဝန်ထမ်းရွက်ကြသည့် အမျိုးသမီးနှင့် အမျိုးသားများအား အကြောင်းမဲ့ ကြောက်မက်ဖွယ်ရာကောင်းသော အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်အပေါ် မည်သည့်ဆင်ခြေဆင်လက်မှ ပေးရန်မလိုကြောင်း ကိုဖီအာနန်၏ ပြောကြားချက်ကို ၎င်းကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံပြန်လည် ရှင်သန်နိုးထနိုင်ရေးနှင့် လုံခြုံမှုအမြန်ရရှိစေရန် ဆောင်ကြဉ်းနိုင်ရေးအတွက် မိမိမျှော်လင့်သလို ဆုမွန်ကောင်းလည်း တောင်းလိုက်ပါကြောင်း၊ ကွယ်လွန်သွားသူများအတွက် မိမိ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းရပါကြောင်းနှင့် ၎င်းတို့၏ ကျန်ရစ်သူမိသားစုများအတွက် သည်းလှိုက်အူလှိုက် စာနာထောက်ထားရပါကြောင်း ကိုဖီအာနန်၏ ပြောကြားချက်ကို အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

မြင်တွေ့လို

ယုတ်မာရိုင်းစိုင်းမှုပြုသူ ဖောက်ခွဲရေးသမားများအား ဥပဒေအရ ဖမ်းဆီးရုံးတင်စစ်ဆေးရန် မြင်တွေ့လိုကြောင်း၊ မိမိအနေဖြင့် အီရတ်နိုင်ငံတွင် ငြိမ်းချမ်းမှု၊ လုံခြုံရေးနှင့် လွတ်လပ်ရေးအပြည့်အဝ အမြန်ဆုံးရရှိနိုင်စေရန် မြင်တွေ့လိုကြောင်း၊ ယင်းကိစ္စများ ဖြစ်ထွန်းလာစေရေးအတွက် ကုလသမဂ္ဂက ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အဆိုပါ ကြေညာချက်တွင် ကိုဖီအာနန်၏ ပြောကြားချက်ကို ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂ ကိုယ်စားလှယ် ဌာနချုပ်ရုံး ဖွင့်ရာ ဟိုတယ် ကားဗုံးပေါက်ကွဲပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (အဆိုပါ ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၂၀ ခန့် သေဆုံးခဲ့ရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ စစ်ဘက်မဟုတ်သော ပစ်မှတ်များ ဗုံးခွဲခြိမ်းခြောက်မှုနှင့် ကြုံတွေ့နေရ

ဘဂ္ဂဒက် ဩဂုတ် ၁၉

ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂရုံးကို အကြီးအကျယ် ထိခိုက်အောင် ယနေ့ ကားဗုံးဖောက်ခွဲခြင်းမှာ အီရတ်ရှိ နိုင်ငံတကာနှင့် စစ်ဘက်မဟုတ်သော ပစ်မှတ်များကို ပိုမိုအကြမ်းဖက်လာပြီး အမေရိကန် ဦးဆောင်သည့် ကျူးကျော်ရေးတပ်များကို အသေအပျောက် အများဆုံး စိန်ခေါ်လိုက်သည့် လက္ခဏာဖြစ်သည်။

လက်သည်မပေါ်သေးသည့် ဤတိုက်ခိုက်မှုမှာ ရက်သတ္တနှစ်ပတ်မျှပင် မပြည့်သေးသည့်အချိန်အတောအတွင်း ဘဂ္ဂဒက်မြို့တော်၌ စစ်ဘက်မဟုတ်သော နိုင်ငံခြားပစ်မှတ်ကို ဒုတိယအကြိမ်မြောက် ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ ပထမအကြိမ်မှာ ဩဂုတ် ၇ ရက်က ဂျော်ဒန်သံရုံးကို ယခုထက်သေးငယ်သော ကားဗုံးဖောက်ခွဲမှု ပြုလုပ်သဖြင့် အနည်းဆုံး ၁၇ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရခဲ့သေးသည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းချက်ကို ဖျက်ဆီးပစ်ရန် ကျယ်ကျယ်ပြန့်ပြန့် ပစ်မှတ်ထားပုံရသည့် မသင်္ကာဖွယ်ရာ အဖျက်သမားများသည် ဘဂ္ဂဒက်မှ ရေပိုက်လိုင်းကို တနင်္ဂနွေနေ့က ဖောက်ခွဲဖျက်ဆီးလိုက်သည့်အတွက် နှစ်ရက်ကြာ ရေမပေးနိုင်ဖြစ်ခဲ့ရသည်။ သူတို့သည် တူရကီသို့ ရေနံတင်ပို့ပေးသည့် ရေနံပိုက်လိုင်းကိုလည်း ဗုံးဖောက်ခွဲဖျက်ဆီးပစ်လိုက်သည့်အတွက် စတင်ပို့ပြီး မကြာမီမှာပင် ရေနံတင်ပို့ရောင်းချမှု ရပ်ဆိုင်းသွားရသည်။

ကြိုးကြားကြိုးကြား

လွန်ခဲ့သည့် လအနည်းငယ်အတွင်းတွင် အမေရိကန်စစ်သား ကင်းလှည့်စဉ်နှင့် မော်တော်ယာဉ်တန်းဖြင့် သွားရောက်စဉ် ကြိုးကြားကြိုးကြား တိုက်ခိုက်မှုများ ရှိခဲ့သည်။ သို့သော် အသေးစား မိုင်းထောင်ဖောက်ခွဲမှုများ သာပြုလုပ်၍ လူသူမနီးသည့်အဝေးပြေး လမ်းမကြီးများတွင် အမေရိကန်စစ်သားတစ်ဦးစ၊ နှစ်ဦးစ သေဆုံးရသည်။

အီရတ်ရှိအမေရိကန်ဦးဆောင်သည့် စစ်သားများအား တိုက်ရိုက်မဟုတ်သော်လည်း ယနေ့ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ မည်သို့ပင်ဖြစ်စေ အမေရိကန်စစ်သားများကို စိန်ခေါ်မှုကြီးတစ်ခုပင် ဖြစ်သည်။

လုံခြုံရေးတာဝန်

နံပါတ်တစ်အချက်အနေဖြင့်ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂရုံးကို အမေရိကန်စစ်သားများက လုံခြုံရေးတာဝန် ယူထားသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အီရတ်စစ်ပွဲအပြီးတွင် အီရတ်၌ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များ သို့မဟုတ် အခြားတပ်များကို အမေရိကန်သမ္မတဘုရှ်အစိုးရက ပါဝင်ပတ်သက်ခွင့် မပေးလို၍ ဖြစ်သည်။

ဒုတိယအချက်မှာ ထောင်ပေါင်းများစွာသော အမေရိကန် ဦးဆောင်သည့်တပ်များ ရှိနေပြီး မြို့တော်ကို အကြမ်းဖက်မှုအန္တရာယ်မှ မကာကွယ်နိုင်ခြင်း၊ သို့မဟုတ် အကြမ်းဖက်မှု၏ နောက်ကွယ်၌ မည်သူရှိသည်ကို ဖော်ထုတ်မပေးနိုင်ခြင်းဖြစ်သည်။

အင်တာနက်။

ကုလသမဂ္ဂ အထူးသံတမန် ဒီမဲလိုး ကယ်တင်ခံရရေး ဖုန်းဆက်ခဲ့

ဘရာဆီလီယာ(ဘရာဇီး) ဩဂုတ် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အင်္ဂါနေ့က ကုလသမဂ္ဂဌာနချုပ်ရုံးတွင် ဗုံးပေါက်ကွဲရာ၌ ပျက်စီးသွားသည့် အုတ်ကျိုးအုတ်ပဲ့ကြား ပိတ်မိနေရာမှ အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်ကိုယ်စားလှယ် ဆာဂျီယိုဒီမဲလိုးက ၎င်း၏ ကိုယ်ပိုင်မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်ကာ အကူအညီတောင်းခံခဲ့ကြောင်း ဘရာဇီးသတင်းဌာနက ဖော်ပြလိုက်သည်။

ဖော်ပြပါ အီရတ်ရှိ ကုလသမဂ္ဂဌာနချုပ်ရုံး ဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ဒါဇင်ပေါင်းများစွာသော သူများတွင် ဆာဂျီယိုဒီမဲလိုး အပါအဝင်ဖြစ်ပြီး နောက်ပိုင်းတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းဗုံး ပေါက်ကွဲမှုတွင် လူ ၂၀ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

ဒီမဲလိုးသည် ပေါက်ကွဲပျက်စီးသွားသည့် ၎င်း၏ရုံးအပျက်အစီး အကျိုးအပဲ့ကြားတွင် ရောက်ရှိနေရာမှ မိုဘိုင်းဖုန်းဖြင့် အဆက်အသွယ်လုပ်ကာ အီရတ်ရှိ အာဏာပိုင်များအား အကူအညီတောင်းခံခဲ့ကြောင်း ဘရာဇီးအစိုးရအဖွဲ့ အကြီးအကဲ ဂျိုးဆေးဒါဆူးအား ကိုးကား၍ ဘရာဇီးသတင်းဌာနက ဖော်ပြသည်။

ယင်းကိစ္စနှင့်ပတ်သက်သည့် သတင်းကို အထူးဆင့်ခေါ်သည့် ဘရာဇီးသမ္မတလူလာဒါဆီလ်ဗာနှင့် နိုင်ငံခြားရေးဝန်ကြီး ဆဲဆိုအမိုရင်တို့ ပြုလုပ်သည့် အစည်းအဝေးတွင် အကြောင်းကြားလိုက်ကြောင်း ဒါဆူးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကုလသမဂ္ဂအလံ တိုင်တစ်ဝက်လွှင့်ထူ

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဆာဂျီယို ဒီမဲလိုးအပါအဝင် လူ ၂၀ ခန့် သေဆုံးခဲ့ရသည့် အီရတ်ရှိ ကုလသမဂ္ဂ ဌာချုပ်ရုံး ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဝမ်းနည်းသည့် အထိမ်းအမှတ်အဖြစ် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ဩဂုတ် ၁၉ ရက်က ကုလသမဂ္ဂအလံ တိုင်တစ်ဝက် လွှင့်ထူထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

ကုလသမဂ္ဂ ဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရေး ရုရှားနိုင်ငံက အကူအညီပေးရန် အသင့်ရှိဟုဆို

မော်စကို ဩဂုတ် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂဌာနချုပ်အား ဗုံးဖြင့် တိုက်ခိုက်ဖျက်ဆီးပြီးသည့်နောက် ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဂေါ်အိုင်ဗင်နော့ဗ်က အီရတ်ရှိ ကုလသမဂ္ဂဝန်ထမ်းများ၏ လုံခြုံရေးတိုးမြှင့်ရာတွင် ကူညီရန် အဆင်သင့်ရှိကြောင်း ပြောကြားလိုက်သည်။

လူအများအပြားသေဆုံးခဲ့သည့် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးအား အကြမ်းဖက်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဗန်နော့ဗ်က ကိုဖီအာနန်အား ဝမ်းနည်းစကား ပြောကြားကြောင်းဖြင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်ရှိ ကုလသမဂ္ဂဝန်ထမ်းများလုံခြုံရေးကို အာမခံစေသည့် လုံခြုံရေးကောင်စီ၏ အစီအစဉ်များကို ရုရှားက ထောက်ခံရန် အသင့်ရှိကြောင်း အိုင်ဗန်နော့ဗ်က တယ်လီဖုန်းနှင့် ဆွေးနွေးရာတွင် ထည့်သွင်းပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်သည့် တည်ဆဲဆုံးဖြတ်ချက်များကို အခြေခံ၍ အီရတ်ရှိကုလသမဂ္ဂ ဝန်ထမ်းများ၏ လုပ်ငန်းလုံခြုံစေရေးအတွက် အစီအစဉ်များ ချမှတ်ရန် လိုအပ်ကြောင်းကို တယ်လီဖုန်းဖြင့် အိုင်ဗန် နော့ဗ်က ဆွေးနွေးသည်။ အမေရိကန်နှင့် ရောင်းရင်းများက ၎င်းတို့ တာဝန်ယူထားမှုအောက်တွင် ဖြစ်ပွားသည့်ကိစ္စဖြစ်၍ တာဝန်ရှိကြောင်းကိုလည်း ၎င်းက ပြောကြားသည်။

အဆိုပါ အကြမ်းဖက်လုပ်ရပ်သည် ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ဟု ရုရှားနိုင်ငံက အင်္ဂါနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းလုပ်ရပ်သည် အီရတ်စစ်ပွဲလွန်ခေတ် တည်ငြိမ်စေရေးအား နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ပြုလုပ်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း ရုရှားက ရှုတ်ချပြောကြားသည်။

အကြမ်းဖက်သမားများ၏ ပစ်မှတ်များ ကုလသမဂ္ဂ ဝန်ထမ်းများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂသည် အီရတ်စစ်ပွဲဖြစ်ပွားမှု၏ အကျိုးဆက်ရလဒ်များကို အီရတ်ပြည်သူတစ်ရပ်လုံး ကျော်လွှားနိုင်ရန်နှင့် ၎င်းတို့ဘဝအား ပုံမှန်အနေအထားသို့ ရောက်ရှိကူညီရန် ရည်ရွယ်ကြိုးပမ်းနေသည့် အဖွဲ့ဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့် လူ ၂၀ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ပွာ။

နိုင်ငံတကာသတင်းများ

စောင့်ကြပ်

ဩဂုတ် ၁၉ ရက်က အီရတ်နိုင်ငံတွင် အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိရာ ဘဂ္ဂဒက်မြို့တွင်းရှိ လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံရှေ့တွင် စောင့်ကြပ်နေသည့် အမေရိကန်တပ်သား တစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ ကုလသမဂ္ဂရုံးဗုံးခွဲမှု မည်သူ့လက်ချက်မှန်း မသိရသေး အယ်လ်ခိုင်ဒါအဖွဲ့ အီရတ်နိုင်ငံအတွင်း လှုပ်ရှားနေဟု ဘရီမာပြောဆို

ဘဂ္ဂဒက် ဩဂုတ် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ပြီးခဲ့သောအင်္ဂါနေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ ယခု ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၀၀ ကျော် သေဆုံးသွားသည်ဟုဆိုသည်။ အီရတ်ရှိ အမေရိကန်အရပ်ဘက် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက အိုစမာဘင်လာဒင်၏ အယ်လ်ခိုင်ဒါအဖွဲ့သည် အီရတ်နိုင်ငံအတွင်း၌ လှုပ်ရှားနေသည်ဟု ထုတ်ဖော်ပြောကြားခဲ့ပြီး နောက်တစ်ရက်အကြာတွင် အထက်ပါပေါက်ကွဲမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် နေ့စဉ်ဖြစ်ပွားလျက်ရှိသော အမေရိကန် တပ်များအား တိုက်ခိုက်မှုများနှင့် အခြားသော တိုက်ခိုက်မှုများသည် ခေါင်းမာလှသည့် ဆက်ဒမ်အား သစ္စာခံသူများ၏ လက်ချက်ဖြစ်ကြောင်း ဝါရှင်တန်က စွပ်စွဲထားသည်။

အကြမ်းဖက်သမား

သို့ရာတွင် အမေရိကန်စစ်ဘက်နှင့် အရပ်ဘက် အရာရှိများက အီရတ်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုများမှာ ပြည်ပမှ ဝင်ရောက်လာသည့် အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်ကြောင်း တို့၍ ပြောကြားခဲ့ကြသည်။

ကယ်ဆယ်ရေးဆောင်ရွက်

ကယ်ဆယ်ရေးသမားများသည် ဗုဒ္ဓဟူးနေ့စောစော ပိုင်းအချိန်က မီးမောင်းကြီးများအောက်တွင် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ကုလသမဂ္ဂ သုံးထပ် အဆောက်အအုံ ပြိုကျရာတွင် အသက်ရှင်ကျန်ရစ်သော ကုလသမဂ္ဂ ဝန်ထမ်းများကို ကယ်တင်ရန် ယန္တရားကြီး များ၏ အကူအညီကိုရယူပြီး လုပ်ကိုင်ခဲ့ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အီရတ် နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဆာဂျီယိုဒီမဲလိုးသည် ဗုံးပေါက်ကွဲမှုကြောင့် ရရှိသောဒဏ်ရာဖြင့် နာရီအတော်ကြာ အသက်ရှင်နေသေးသော်လည်း နောက်ပိုင်းတွင် ထိုဒဏ်ရာ ဖြင့်ပင် သေဆုံးသွားသည်။

ဘရာဇီးနိုင်ငံသား ကုလသမဂ္ဂကိုယ်စားလှယ် ဒီမဲလိုး သည် အသက် ၅၅ နှစ်ရှိပြီဖြစ်ပြီး ဘာသာစကား များစွာကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်သည်။ ၎င်းသည် လူ့အခွင့် အရေးဆိုင်ရာ ရပိုင်ခွင့်များကို အကာအကွယ်ပေးရာ၌ နာမည်ရသူဖြစ်သည့်အပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အသစ်အဖြစ် အလားအလာရှိသူလည်း ဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးတွင် အမေရိကန်တပ်သားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် အနောက်ဘက်ကမ်း ဟီဘရွန်မြို့မှ ရိုက်တာသတင်းထောက် မာဇင်ဒါနာ၏ ဈာပနအခမ်း အနားတွင် ပါလက်စတိုင်း သတင်းစာဆရာတစ်ဦးက ၎င်း၏ ရုပ်မြင်ကင်မရာကိုလွယ်လျက် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနှောင့်အယှက်ပေး လူသားချင်းစာနာသော အကူအညီပေးသူများကို ထိခိုက်စေ

နယူးယောက် ဩဂုတ် ၂၀

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနှောင့်အယှက်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြည်ပမှဝင်ရောက်လာသော အကြမ်းဖက်သမားများသည် အီရတ်ရှိ ကုလသမဂ္ဂဌာနချုပ်နှင့် မကြာသေးမီက ဖြစ်ပွားသော တိုက်ခိုက်မှုများကို ဆောင်ရွက်နေဟန်ရှိသည်ဟု ကျွမ်းကျင်သူအချို့ကဆိုသည်။ အီရတ် ကုလသမဂ္ဂဌာနချုပ်တွင် ပြီးခဲ့သည့်အင်္ဂါနေ့က ဗုံးခွဲခံခဲ့ရသည်။

အီရတ်နိုင်ငံတွင် လှုပ်ရှားနေသော အဖွဲ့အစည်းများစွာရှိသည်။ ထိုအဖွဲ့ များတွင် ပြုတ်ကျသွားသော ဆက်ဒမ် ဟူစိန်အား ထောက်ခံသူများလည်း ပါဝင်သည်။ ယခုဖြစ်ပွားသော ကုလ သမဂ္ဂ အဆောက်အအုံအား တိုက်ခိုက် မှုမှာ မည်သူမည်ဝါ၏ လက်ချက် ဖြစ် သည်ကိုကံသေကံမ မပြောနိုင်သေးပေ။

လက်ခံကျင့်သုံး

အီရတ်အမျိုးသားရေးဝါဒီ ခုခံရေး သမားများသည် အမေရိကန်တပ်ဖွဲ့များ ကို ဦးတည်ချက်ထား၍ တိုက်ခိုက်သော မူဝါဒကို လက်ခံကျင့်သုံးသည်။ ကုလ သမဂ္ဂအဖွဲ့အား တိုက်ခိုက်သည့်လုပ်ရပ် မှာ အီရတ်အမျိုးသားရေးဝါဒီ ခုခံ ရေးသမားများ၏ မူဝါဒနှင့်ဆန့်ကျင် ကွဲလွဲနေသည်။ ယခု တိုက်ခိုက်မှုမှာ အီရတ်လူမျိုးများနှင့် လူသားချင်း စာနာသော အကူအညီ ပေးနေကြသူ များကို ထိခိုက်စေသောလုပ်ရပ်ဖြစ်နေ ကြောင်း နိုင်ငံရေး စိစစ်လေ့လာသူ လင်ဒါဂျာမီဆင်က သုံးသပ်သည်။ ၎င်း မှာ မဟာဗျူဟာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာရေးဌာနမှ ဖြစ်သည်။

ယခု ဖြစ်ပွားသော ကုလသမဂ္ဂ အဆောက်အအုံကို အသေခံ ဗုံးခွဲမှု ကြောင့် သေဆုံးရသူများမှာ အီရတ် လူမျိုးများနှင့် ကုလသမဂ္ဂအရာထမ်း များသာ ဖြစ်သည်။ ထိခိုက်သေဆုံးသူ များထဲတွင် အီရတ်ရှိ ကုလသမဂ္ဂဌာန အကြီးအကဲ ဆာဂျီယိုဒီမဲလိုး ပါဝင် သည်။ ယခုတိုက်ခိုက်မှုသည် ဩဂုတ် ၇ရက်တွင် ဖြစ်ပွားသော ဘဂ္ဂဒက်ရှိ ဂျော်ဒန်သံရုံး တိုက်ခိုက်မှုနှင့် ဆင်တူ သည်။ ဂျော်ဒန်သံရုံးတိုက်ခိုက်မှုတွင် အီရတ် လူမျိုး ၁၉ဦး သေဆုံးခဲ့ရသည်။

နှစ်ဆပြင်းထန်

ကုလသမဂ္ဂ အဆောက်အအုံ ပြင်ပ တွင် ပေါက်ကွဲသွားသော ဗုံးသည် ဂျော်ဒန် သံရုံး၌ အသုံးပြုခဲ့သောဗုံးထက် နှစ်ဆ ပိုမို ပြင်းထန်သည်ဟုဆိုသည်။

ဂျော်ဒန်သံရုံးနှင့်ကုလသမဂ္ဂရုံးပေါက်ကွဲ မှု နှစ်ခုစလုံးသည် စက်တင်ဘာ ၁၁ ရက်က အမေရိကန် မြို့များတွင် တိုက်ခိုက်ခဲ့သောလုပ်ရပ်နှင့် လက္ခဏာ ချင်းဆင်သည်။ ၂၀၀၁ ခုနှစ် စက်တင် ဘာ ၁၁ရက်တိုက်ခိုက်မှုသည် အယ်လ် ခိုင်ဒါ အကြမ်းဖက်အဖွဲ့၏ လက်ချက် ဖြစ်သည်။

အီရတ်နိုင်ငံကို အမေရိကန်များ သိမ်းပိုက်ချိန်မှစ၍ ဖြစ်ပေါ်ခဲ့သော ဌာနေပြောက်ကျားများနှင့် ဆက်ဒမ် အား ထောက်ခံသူများ၏ တိုက်ခိုက် မှုများတွင် ယခုကဲ့သို့ အကြီးစား ဗုံးခွဲမှုမျိုး မပါဝင်သည့်အပြင် အသေခံ တိုက်ခိုက်မှုမျိုးလည်း မရှိခဲ့ဟုဆိုသည်။ ***အင်တာနက်။***

အီရတ်တည်ဆောက်ရေး ကုလသမဂ္ဂ ပိုမိုပါဝင်ရန် အီဂျစ်သမ္မတနှင့် အိုမန်စော်ဘွား တိုက်တွန်း

အလက်ဇန္ဒြီးယား ဩဂုတ် ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂရုံးကို ကားဗုံးဖောက်ခွဲခြင်း မပြုမီကလေးတွင် အီဂျစ်သမ္မတမူဘာရက်နှင့် အိုမန်နိုင်ငံစော်ဘွားကာဘူးတို့က အီရတ်အရေးတွင်ကုလသမဂ္ဂ၏ အခန်းကဏ္ဍာပိုမိုပါဝင်ရေးကိုဆွေးနွေးတိုက်တွန်း ကြကြောင်းဖြင့် အီဂျစ်သတင်းဌာနမီနာက အင်္ဂါနေ့တွင် ကြေညာသည်။

ခေါင်းဆောင် နှစ်ဦးတို့သည် အီရတ်အခြေအနေနှင့်တကွ အီရတ်ပြန်လည် တည်ဆောက်ရေးတွင် ကုလသမဂ္ဂအဖွဲ့၏ အခန်းကဏ္ဍာပိုမိုပါဝင်ပြီး ထိထိ ရောက်ရောက်ဖြစ်ရေးကို ဆွေးနွေးကြကြောင်း အီဂျစ်သမ္မတ မူဘာရက်နှင့် အိုမန်စော်ဘွားကာဘူးတို့သည် အစ္စရေးငြိမ်းချမ်းရေးလမ်းညွှန်မြေပုံကို စိတ်မပါ့ တပါ ဖြစ်နေစဉ် ပါလက်စတိုင်းနယ်မြေများ အခြေအနေတို့ကိုလည်း ထည့်သွင်း ဆွေးနွေးကြကြောင်းဖြင့် မီနာသတင်းဌာနက ကြေညာသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် တူညီသော အာရပ်တပ်ဦး ပြန်လည်ရှင်သန်ရေးနည်းလမ်းများနှင့် အာရပ်အဖွဲ့ချုပ်၏ ဆောင်ရွက်မှု တိုးတက်ရေးတို့ကိုလည်း ဆွေးနွေးကြမည်ဆို၏။ *အင်တာနက်။*

နေခြည်စွမ်းအင်သုံး ဓာတ်အားစက်ရုံ ထိုင်းတည်ဆောက်မည်

ဗန်ကောက် ဩဂုတ် ၂၀

ထိုင်းနိုင်ငံမြောက်ပိုင်း မဲဟောင်ဆွန်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် အရှေ့တောင် အာရှနိုင်ငံများတွင် အကြီးဆုံးဖြစ်လာမည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရန် စီစဉ်နေကြောင်းသိရသည်။

ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဌာနသည် ယင်းပြည်နယ်၌ ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် ဘတ်ငွေသန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၄ဒသမ ၇၆သန်း) တင်ပြတောင်းခံ ထားသည်။

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ရိုးရိုးလျှပ်စစ် ဓာတ်အားထုတ်လုပ်မှုထက် ငါးဆကြီးမြင့်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးက ပြောကြား ခဲ့သည်။

ပထမဆင့်အနေဖြင့် အဆိုပါ စက်ရုံမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၅၀၀ ထုတ်ပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် ကီလိုဝပ် ၁၇၅၀ ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါစက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ယူနစ်ပေါင်း ၇၀၀၀၀၀ ထုတ်ပေးခြင်းဖြင့် အမေရိကန်ဒေါ်လာ ၆၉၀၀၀ တန်ဖိုးရှိ ဒီဇယ် ၂၁၅ ဒသမ ၃၈၅လီတာ သက်သာစေမည်ဖြစ်ပြီး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် ထိုင်းဘတ်ငွေ ၁၉၅သန်း (အမေရိကန် ဒေါ်လာ ၄ ဒသမ ၆၄ သန်း) ကုန်ကျမည်ဟု ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ-ဆင်ဟွာ။***

အီရတ် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်သို့ မလေးရှားတပ်ကူများ ပေးပို့မည်မဟုတ်

ဒမတ်စကတ် ဩဂုတ် ၁၉

အီရတ်ကိုကျူးကျော်ရန် အမေရိကန်တပ်များနှင့် ဗြိတိန်တပ်များကို ကုလသမဂ္ဂအဖွဲ့ကြီးက မည်သည့်အခါကမျှ ခွင့်မပြုခဲ့ကြောင်း၊ ထို့ကြောင့် အီရတ်နိုင်ငံအခြေအနေ ထိန်းသိမ်းပေးရေးတွင် မလေးရှားနိုင်ငံက ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ စေလွှတ်မည်မဟုတ်ကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသာက ပြောကြားလိုက်သည်။

ပြောကြား

အခြားသော မွတ်စလင်နိုင်ငံများအတွက် သူ့အနေဖြင့် မပြောနိုင်သော်ငြားလည်း မလေးရှားနိုင်ငံကမူ အီရတ်တို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ကူပို့မည်မဟုတ်ဟု ဆီးရီးယား သတင်းထောက်တစ်ဦး၏ မေးမြန်းချက်ကို ဖြေကြားရာ၌ မလေးရှားဝန်ကြီးချုပ်က ယင်းသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ပူးတွဲသတင်းစာရှင်းလင်း

မလေးရှားဝန်ကြီးချုပ် မဟာသာသည် ဆီးရီးယားဝန်ကြီးချုပ် မူစတာဖာနှင့် တနင်္ဂနွေနေ့က တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်သည်။ စောစောပိုင်းကလည်း နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား နားလည်မှုစာချွန်နှင့် သဘောတူစာချုပ် ၁၂ခု လက်မှတ်ရေးထိုးပွဲသို့ မလေးရှားဝန်ကြီးချုပ် မဟာသာနှင့် ဆီးရီးယားဝန်ကြီးချုပ် မူစတာဖာတို့ နှစ်ဦး တက်ရောက်ခဲ့ကြသေးသည်။

စိတ်မကောင်း

အီရတ်ပြဿနာအပြင် ပါလက်စတိုင်းဒေသ အခြေအနေတွင်လည်း မလေးရှားနိုင်ငံများက များစွာစိတ်မကောင်းဖြစ်ရသည်ဟု မလေးရှားဝန်ကြီးချုပ် မဟာသာက ပြောကြားသည်။

မပြည့်စုံ

အမေရိကန်စီစဉ်ပေးသည့် ပါလက်စတိုင်း၊ အစ္စရေး ငြိမ်းချမ်းရေးလမ်းညွှန်မှာလည်း အိမ်နီးချင်း နိုင်ငံများအရေး ထည့်သွင်းစဉ်းစားရန် ပျက်ကွက်သည့်အတွက် မပြည့်စုံကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသာက ပြောကြားလိုက်သည်။ ***အင်တာနက်။***

ဗြိတိသျှ လက်နက်ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီ သေဆုံးမှုနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းခံရန် တရားရုံးသို့ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ကင့်ဘဲလ် မလာရောက်မီ ဆန္ဒပြနေသည့် ဗြိတိန်နိုင်ငံသားများအား ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက် အမေရိကန်စစ်သားနှစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၀

ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် အင်္ဂါနေ့က အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို ဒုံးပစ်လောင်ချာအပါအဝင် လက်နက်ငယ်များဖြင့် တိုက်ခိုက်ခံရရာ အမေရိကန်စစ်သားနှစ်ဦးဒဏ်ရာရရှိသွားသည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာများက ဆိုသည်။

အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရသောနေရာသည် ဆက်ဒမ်အားထောက်ခံမှု အားကောင်းသည့် ဆွန်နီတြိဂံဒေသအတွင်း၌ တည်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ အမှတ်(၄)တပ်မမှ ဒုတိယဗိုလ်မှူးကြီးဝီလျံမက်ဒေါ်နယ်က ပြောကြားသည်။

ပြီးခဲ့သော တနင်္လာနေ့က ဆက်ဒမ်၏ဇာတိမြို့ဖြစ်သော တီကရစ်မြို့၏ မြောက်ဘက်ရှိ ခဲယမ်းမီးကျောက်များ ထားသိုရာနေရာ၌ ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး အီရတ်လူမျိုးခုနစ်ဦး သေဆုံးသွားသည်။ ပေါက်ကွဲမှု ဖြစ်ပွားရာနေရာကို အမေရိကန်စစ်ဘက်မှ ရှာဖွေရာ အလောင်းတစ်လောင်းတွေ့ရပြီးနောက်ပိုင်း အီရတ်ရဲအဖွဲ့က ဆက်လက်ရှာဖွေရာ အလောင်းခြောက်လောင်းကို ထပ်မံတွေ့ရှိခဲ့ရကြောင်း မက်ဒေါ်နယ်က ပြောကြားသွားသည်။

လက်နက်ခဲယမ်းများထားသိုရာနေရာသည် လုယက်သူများ မကြာခဏရှာဖွေယူငင်လေ့ရှိသော နေရာဖြစ်ကြောင်း စစ်သားများက ပြောဆိုကြသည်။ သေဆုံးသွားသူများမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရသေးပေ။

ဘဂ္ဂဒက်မြို့အနောက်ဘက် ဆွန်နီမွတ်စလင်များအားကောင်းရာ ရာမာဒါမြို့တွင် အင်္ဂါနေ့နံနက်က ဖြစ်ပွားသော အခြားတိုက်ခိုက်မှုတစ်ခု၌ ဒုံးပစ်လောင်ချာဖြင့် အပစ်ခံရသောကြောင့် အနည်းဆုံး အမေရိကန်စစ်သားတစ်ဦး ဒဏ်ရာရရှိသွားသည်။ အမေရိကန်စစ်ဘက်ဆိုင်ရာများက ယခုကိစ္စနှင့်ပတ်သက်၍ သတင်းတစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ပြီးခဲ့သော တနင်္လာနေ့ မွန်းလွဲပိုင်းက ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်စစ်သားတစ်ဦး သေဆုံးသွားသည်။ မေလမှစ၍ ရေတွက်လျှင် အီရတ်နိုင်ငံသိမ်းပိုက်ရေးတပ်များအပေါ် တိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်သား ၆၁ ဦးသေဆုံးခဲ့ရပြီး ဗြိတိသျှစစ်သား ခုနစ်ဦး အသက်ဆုံးရှုံးသွားခဲ့ရသည်ဟု ဆိုသည်။ ***အင်တာနက်။***

ရုရှားရေတပ် စစ်ရေးလေ့ကျင့်မှု အိမ်နီးချင်းနိုင်ငံများ မခြိမ်းခြောက်ဟုဆို

မော်စကို ဩဂုတ် ၂၀

ရုရှားနိုင်ငံက တနင်္လာနေ့စောစောပိုင်းက စတင်ပြုလုပ်ခဲ့သော ရေတပ်စစ်ရေးလေ့ကျင့်မှုသည် ဒေသတွင်း တည်ငြိမ်မှုရှိစေရေးအတွက် အကူအညီပေးရန်ရည်ရွယ်ပြီး အိမ်နီးချင်းနိုင်ငံများအား မည်သည့်ခြိမ်းခြောက်မှုမျိုးမျှ ပြုလုပ်ရန်မရည်ရွယ်ကြောင်း ရုရှားစစ်ဘက်မှ ထုတ်ပြန်ကြေညာသည်။

တည်ငြိမ်ရေးစောင့်ရှောက်

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် စစ်ရေးလေ့ကျင့်မှုသည် ရုရှားနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး အကျိုးစီးပွားနှင့် ဒေသတစ်ခုလုံး၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို စောင့်ရှောက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အိုခေါ့စ်ပင်လယ်၊ ဘာရင်းပင်လယ်နှင့် ဂျပန်ပင်လယ်တို့၌ ပြုလုပ်ခဲ့သော ၁၀ ရက်ကြာ စစ်ရေးလေ့ကျင့်မှုတွင် စစ်ဘက်နှင့်အရပ်ဘက်မှ လူအင်အား ၇၀၀၀၀၊ လေယာဉ်ပျံနှင့် ရဟတ်ယာဉ်အစင်း ၇၀၊ ထောက်ပံ့ရေးသင်္ဘော ၃၅ စင်းနှင့် စစ်သင်္ဘောအစင်း ၆၀ တို့ ပါဝင်သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားနှင့် ဂျပန်မှ သင်္ဘောများ၊ ရဟတ်ယာဉ်များနှင့် အမေရိကန်ကမ်းခြေစောင့် စစ်သင်္ဘောတစ်စင်းတို့ ပါဝင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်စက်ရုံတစ်ခု၌ ပစ်ခတ်မှုဖြစ်ပွား လူနှစ်ဦး သေဆုံး

ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်အတွင်းရှိ မော်တော်ကားစက်ရုံတစ်ရုံ၌ အင်္ဂါနေ့ နံနက်က ပစ်ခတ်မှုဖြစ်ပွားပြီး လူနှစ်ဦးသေဆုံးကြောင်း အရာရှိများက ပြောဆိုသည်။

သေဆုံးသူများတွင် အဆိုပါ အင်ဒိုလာ စက်ရုံ၌ လူနှစ်ဦးကို ပစ်သတ်သည့် သေနတ်သမားပါဝင်သည်။

ထိုသူမှာ သူ့ကိုယ်သူ ပစ်သတ်ခြင်းလော၊ သို့မဟုတ် အခြားသူတစ်ဦးက ၎င်းအားပစ်သတ်ခြင်းလော ဆိုသည်ကို ချက်ချင်းမသိနိုင်သေးဟု စက်ရှာတာဘူလာစီရင်စု သေမှုသေခင်းစစ်ဆေးရေးအရာရှိရုံး ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်ဟု သတင်းတွင် ဖော်ပြထားသည်။

ထိုအမှုတွင် ဒဏ်ရာရသူ မည်မျှရှိသည်ကို မိမိမသိကြောင်း စက်ရှာတာဘူလာစီရင်စု ငြိမ်ဝပ်ပိပြားရေးအရာရှိ ဘီလ်ဂျွန်ဆင်က ပြောကြားသည်။ သို့သော် လူသုံးလေးဦးကို ဆေးရုံတင်လိုက်ရသည် ဆို၏။

လူတစ်ဦးသာ သေနတ်ဖြင့် အပစ်ခံရပုံရသည်ဟုလည်း ဘီလ်ဂျွန်ဆင်က ပြောဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကူးစက်မြန် ကွန်ပျူတာဗိုင်းရပ်စ် ပေါ်ပေါက်

နယူးယောက် ဩဂုတ် ၂၁

ဆိုဘစ်(ဒေါ့)အက်ဖ်ဟုခေါ်သည့် ကွန်ပျူတာဗိုင်းရပ်စ်သည် အီးမေးလ်ထဲဝင်ရောက်ကာ ကမ္ဘာတစ်ဝန်းရှိ ကွန်ပျူတာများကို တိုက်ခိုက်လျက်ရှိသည်။

ပျံ့နှံ့ကူးစက်

အီးမေးလ်ဖွင့်လိုက်ပါက ဗိုင်းရပ်စ်သည် ကွန်ပျူတာထဲသို့ ကူးစက်ပြီး ကွန်ပျူတာထဲရှိ လိပ်စာစာအုပ်ထဲမှာ လိပ်စာများကိုရယူပြီး အခြားကွန်ပျူတာများကို ပျံ့နှံ့ကူးစက်စေသည်။ အဆိုပါ ကွန်ပျူတာဗိုင်းရပ်စ်သည် ယခုသီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်းကို ထိခိုက်စေသည့် စတုတ္ထမြောက် အဓိကအင်တာနက်ဗိုင်းရပ်စ်ဖြစ်ကာ လျင်မြန်စွာ ပျံ့နှံ့ကူးစက်စေကြောင်း ကျွမ်းကျင်သူများက ပြောကြားကြသည်။ ***စီအင်န်အင်န်။***

အာဂျင်တီးနား ဘောလုံးအကျော်အမော် ဘာတစ္စတူတာ ဩဂုတ် ၁၉ ရက်က ကာတာနိုင်ငံ ဒိုဟာသို့ အရောက်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။ (၎င်းသည် ကာတာနိုင်ငံမှ အယ်ဘရာဘီ ကလပ်အသင်းတွင် ကစားရန်နှစ်နှစ်စာချုပ် ချုပ်ဆိုထားသည်။) *(ဓာတ်ပုံ-အင်တာနက်)*

အာဆီယံ-မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးရေး ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

ကူမင်း ဩဂုတ် ၂၀

ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ(အာဆီယံ)နှင့် မဲခေါင်မြစ်ဝှမ်းဖွံ့ဖြိုးရေးဝန်ကြီးများ အစည်းအဝေးတစ်ရပ်ကို တရုတ်ပြည် အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏ မြို့တော်တွင် အင်္ဂါနေ့က ဖွင့်လှစ်လိုက်သည်။

ဒုတိယဝန်ကြီး ကျန်ပေယန်က ၎င်းအစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

ကျန်က အာဆီယံ-မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရာတွင် တရုတ်ပြည်က တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း ပြောကြားပြီး ညီနိုင်းမှု၊ သာတူညီမျှရေး၊ အပြန်အလှန် တုံ့ပြန်နေမှုနှင့် တရုတ်နှင့် အာဆီယံ နှစ်ဦးနှစ်ဖက်ဆိုင်ရာ ဖွံ့ဖြိုးရေးစသည့် အခြေခံမူဝါဒများနှင့် လျော်ညီစွာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍသစ်များ တရုတ်ပြည်က ဆက်လက်စူးစမ်းနေသမျှ ကာလပတ်လုံး နှစ်ဦးနှစ်ဖက် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြီးပွားရေးအသီးအပွင့်များ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ကျန်က ထပ်လောင်း ပြောကြားသည်။

ကျန်က အာဆီယံ-မဲခေါင်မြစ်ဝှမ်းဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးတွင် အောင်မြင်မှုများရရှိမှုအပေါ် အမွှမ်းတင်ပြောကြားပြီး ခုနစ်နှစ်တာကြိုးပမ်းအားထုတ်ခဲ့ပြီးနောက် ပွင့်လင်းပြီး ကောင်းမွန်သည့် အပြန်အလှန်အကျိုးဖြစ်ထွန်းသည့် ပူးပေါင်းဆောင်ရွက်မှုပုံစံ တည်ထောင်ပြီးပါက ပူးပေါင်းဆောင်ရွက်မှုသည် ပိုမို၍ကျယ်ပြန့်သည့် နည်းလမ်းဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မဟာ့ရာလမ်းကိုဖြင့် မလှမ်းတော့ပြီ

မြင့်စိုး (နတလ)

(၁)

ပြီးခဲ့သည့်လအတွင်းက စီစီဝမ်-တာပန် တိုက်ပွဲဆိုင်ရာ ဆောင်းပါးတစ်ပုဒ်ရေးဖြစ်ခဲ့သည်။ ယင်းနောက်ပိုင်း ကျွန်တော့်အသိ ဗကပလူထွက်များကို သတိတရရှိနေခဲ့၏။ ကျွန်တော် တပ်ထဲမရောက်ခင်ကတည်းက ပထမဦးဆုံး ကြားဖူးသော လက်နက်ကိုင်အဖွဲ့အစည်းမှာ ဗကပဖြစ်သည်။ သို့သော် ကျွန်တော်တို့ အရပ်ဒေသမှာ သူတို့ကို ဗကပဟု မခေါ်။ ကွန်မြူနစ်တွေ၊ သူပုန်တွေဟုသာ နှုတ်ကျိုးသည်။

ဧရာဝတီတိုင်း အဖြူရောင်နယ်မြေ မဖြစ်ခင်က ကျွန်တော်တို့ နယ်တစ်ဝိုက်တွင် ခင်အောင်၊ တင်မောင်၊ ချစ်စိန်ကြီး၊ နော်တလုံးစိန်၊ ဂါးမင်းစသော ဗကပများ နာမည်ကြီးခဲ့သည်။ ဖြတ်လေးဖြတ်ကာလ၌ ဓားခုတ်ကြီးခေါ် ဗိုလ်အောင်ဖေကို အသေရမိခဲ့၏။

“ငါ့သားလည်း အရာရှိ ဖြစ်နေပြီ မောင်ရ။ ရော့-ဒါ သူ့တပ်လိပ်စာ။ မင်းအဆက်အသွယ်လုပ်ဦး။ မင်းတို့ဆရာ ဦးသိန်းဌေးသားလည်း ဒဏ်ရာရပြီး မင်္ဂလာဒုံရောက်နေတယ်ကြားတယ်။ အချိန်ရရင် သွားတွေ့လိုက်ပါဦး။”

ကျွန်တော့်ရုံးကို ရောက်လာခဲ့သော တပ်မတော်အရာရှိတစ်ယောက်၏ဖခင် ကိုညိုဝင်းနှင့် ယခင် ဗကပ ကိုညိုဝင်းတို့ ဘာဆိုဘာမျှ မဆိုင်တော့ပြီ။ လွန်ခဲ့သည့် အနှစ် ၃၀ ကျော်မှာ ကျွန်တော်တို့က အလယ်တန်းကျောင်းသား။ သူက အလင်းဝင်ပြီး လှော်ကထားဈေးနားမှာ ဆံပင်ညှပ်ဆိုင်ဖွင့်သည်။ စပို့ရှပ်၊ ဘောင်းဘီရှည်၊ ရှူးဖိနပ်နှင့် ကျကျနနဝတ်ပြီး လူငယ်ကြိုက် ဆံပင်ပုံ အမျိုးမျိုးညှပ်သည်။ ဆံပင်ညှပ်ရင်းနှင့် သူ၏ဗကပ အတွေ့အကြုံတွေနားထောင်သည်။ မှတ်မှတ်ရရ ကျွန်တော် လေးတန်းနှစ်၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် လှော်ကထားရွာဘေး လယ်ကွင်းထဲတွင် အငြိမ့်စင်ထိုး၍ ပွဲကသည်။ ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ်မို့ လာလိုက်ကြတဲ့လူတွေ မနည်းမနော။ မကြာပါ။ အောက်စုရွာထိပ်မှ သူပုန်ကလာပစ်သည်။ တပ်ကလည်း ပြန်ပစ်သည်။ တစ်ယောက်ကျော တစ်ယောက်နင်း၍ ပြေးလိုက်၊ လွှားလိုက်ကြသည်မှာ အုန်းအုန်းကျွက်ကျွက်။ အရေးထဲအရာပေါ် သူပုန်ပစ်လိုက်တဲ့ ကျည်ဆန်မှန်၍ သူ့ဆံပင်သုံးချောင်းပြတ်သွားပါသည်ဟု မင်းသမီးသုံးထပ်စိန် အပြောကြောင့် တစ်နယ်လုံး ရယ်လိုက်ကြသမှ ခွက်ခွက်ကိုလန်။ ထိုစဉ်က လာရောက်ပစ်ခတ်သည့် ဗကပအုပ်စုတွင် ကိုညိုဝင်းပါသည်။

(၂)

ကိုညိုဝင်းနှင့် တစ်ဆက်တည်း ကျွန်တော်တို့ သူငယ်ချင်းမောင်ဝင်းကို သတိရမိပြန်သည်။ ဝင်းချင်းတူသော်လည်း မောင်ဝင်းက သူပုန်ခေါင်းဆောင် တင်မောင်ကြီး၏သားဖြစ်၏။ မန်ကျီးကုန်း၊ ဆူးပုတ်ကုန်းအလွန် ဘန့်ဗွေးကုန်းရွာအနီး တောင်ကုန်းဆိုသည့်ရွာမှဖြစ်သည်။ သူငယ်တန်းလောက်ကစ၍ စိန်တောင်ဘုန်းကြီးကျောင်းမှာ လာနေသည်။ ကျွန်တော်တို့နှင့် သုံး၊ လေးနှစ် စာသင်ဖော်၊ ကစားဖော်ဖြစ်ခဲ့သည်။ ထိုနောက်ပိုင်း မောင်ဝင်းကို မတွေ့ရတော့ပေ။ သူ့အဖေက တောထဲခေါ်သွားခဲ့သည်။ နိုင်ငံချစ် အနုပညာရှင် တွံတေးသိန်းတန်က အဖေလည်းဆို၊ သားလည်းဆို လုပ်ခဲ့သည်။ ဗကပတင်မောင်ကြီးကတော့ အဖေလည်းခို၊ သားလည်းခိုလုပ်၍ လူမမည်သားကိုပါ တောခိုစေခဲ့သည်။ သေသည်၊ ရှင်သည်မသိတော့ပြီ။

နောက်တစ်ဦးမှာ အိုက်ကျော်။ ခလရ(၃၃)၌ တာဝန်ထမ်းဆောင်စဉ် ကျွန်တော့်တပည့် ‘ဝ’ တိုင်းရင်းသား တပ်ကြပ်အိုက်ကျော်။ သူနှင့်ကျွန်တော် နောင်လိုင်စခန်းကုန်းပေါ်တွင်ထိုင်လျက် ပွိုင့်၆၀၄၁ တိုက်ပွဲ အကြောင်းတွေ ပြောဖြစ်ခဲ့သည်။ ရှေ့တူရူ၌ ၁၉၇၈ ခုနှစ်က ပွိုင့်၆၀၄၁၊ ပါဖန်တို့နှင့် တစ်ပြိုင်တည်း တိုက်ပွဲဖြစ်ပွားခဲ့သော နောင်လိုင်စခန်း ကုန်းဟောင်းကြီးရှိနေသည်။ ထိုစဉ်က အိုက်ကျော်သည် ဗကပ။ ဗကပတို့ သံလွင်အရှေ့ခြမ်း၌ အခမ္မလူသစ်စုဆောင်းရာတွင် ပါလာသောဗကပဖြစ်သည်။

ကျွန်တော်က သေနတ်ကိုင်ချင်ပေမယ့် သူတို့အထဲကို ဝင်ချင်တာမှမဟုတ်တာ။

ဟောဟို စခန်းဟောင်းကုန်းကြီးကို တိုက်တုန်းက ကျွန်တော်တို့ပါတယ်။ လူသစ်တွေမို့ သေနတ်မကိုင်ရဘူး။ လက်ပစ်ဗုံးတွေပဲ ပေးထားတယ်။ စခန်းကုန်းအခြေမှာ ဝိုင်းပတ်ပြီး ပိတ်ထားတုန်း ကိုယ့်ဆီကပဲ ပစ်တာလား၊ စခန်းပေါ်ကပဲ ထုချသလား၊ တခုခုပဲ၊ ဗုံးသီးကျလာတာလေ။ လှည့်ကြည့်လိုက်တော့ ဘေးနားက ကျွန်တော့်သူငယ်ချင်း ခေါင်းမရှိတော့ဘူး။ သူ့အပေါ် တည့်တည့်ကျတာ။ ကျွန်တော် အဲသည့်တိုက်ပွဲလည်းပြီးရော ရအောင်ထွက်ပြေးပြီး တပ်ထဲပြန်ဝင်ခဲ့တာ---။

အချို့ကား မိမိသွားနေသော ခရီး၌လမ်းဆုံးလျှင် ရွာတွေ့လိမ့်မပေါ့ဟူသည့် ခံယူချက်မျိုးမထားပေ။ မှားနေမှန်းသိလျှင် နောက်ပြန်လှည့်သည်။ ပြီးလျှင် လမ်းသစ်ရှာသည်။

(၃)

ဗကပလက်အောက်တွင် တပ်မဟာမှူး တာဝန်ထမ်းဆောင်ခဲ့ဖူးသော ယခုငြိမ်းချမ်းရေး အဖွဲ့ဝင်တစ်ဦး၏ ပွင့်ပွင့်လင်းလင်းစကားတစ်ခွန်းကို အမှတ်ရမိသည်။

“အမှန်အတိုင်း ပြောရရင် ငြိမ်းချမ်းရေးယူပြီး သုံးလေးနှစ်အထိ ကျွန်တော့်စိတ်တွေ အနည်မထိုင်ချင်ဘူး။ တံတားတွေတွေ့ရင် ငါဘယ်လိုချိုးလိုက်ရ၊ ဘယ်လိုဖျက်လိုက်ရနှင့် ဒီလိုပဲ မကောင်းတဲ့စိတ်ကဝင်နေတုန်း။ နောက်မှအားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားတာ”

သည်နေ့ဝင်လာ မနက်ဖြန်မှာ လူသစ်စိတ်သစ်ဖြစ်ဖို့ ဆိုတာက လွယ်ကူသည့်ကိစ္စမဟုတ်ပါ။ စင်စစ်ငြိမ်းချမ်းခြင်းရှိရာသို့ သွားရာခရီးတိုင်းတွင် အချိန်ကာလတစ်ခု မလွဲကေန်ရှိသည်။ အတားအဆီးများစွာကို ဖြတ်ကျော်ရသည်။ အချို့ကား ခန့်မှန်းထားသည်ထက် အချိန်ပိုယူရသည်။ အရှေ့အလယ်ပိုင်း ဆိုရိုးစကား တစ်ခုရှိ၏။ စစ်ပွဲတစ်ပွဲဖြစ်ရန် ဘက်တစ်ဖက်ရှိလျှင် ဖြစ်နိုင်သည်။ ငြိမ်းချမ်းရေးအတွက်မူ ဘက်နှစ်ဖက်ရှိဖို့ လိုသည်ဟူ၍။ လက်ရှိနိုင်ငံတော် အစိုးရလက်ထက်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်ရာ၌ ဘယ်ခေတ်ဘယ်အခါနဲ့မှမတူ အောင်မြင်မှုများစွာ ရခဲ့သည်ဆိုခြင်းကို သံသယဖြစ်စရာမလိုပေ။ သမိုင်းကြောင်းနှင့် ယှဉ်ကြည့်လျှင်သိနိုင်သည်။ ဆိုခဲ့သည့်အတိုင်း သူပုန်သူကန်ပေါများသည့် ကျွန်တော်တို့ဒေသ၊ ကျွန်တော်တို့အရပ်၌ ဟိုဘက်ခေတ်၊ ဟိုဘက်ကာလက သုံးလေးယောက် ဝင်လာလျှင်ပင် အောင်မြင်မှုက အတော်ကြီးမားနေပေပြီ။ အဖွဲ့လိုက်၊ အစုလိုက်ဆိုတာမျိုးမမြင်ခဲ့။

ယခု တရားဥပဒေဘောင်အတွင်းသို့ လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့ ဝင်ရောက်ခဲ့ပြီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ကြသူတွေ အများကြီးရှိလာခဲ့သည်။ တစ်သက်လုံး စိတ်မကူးခဲ့သော MTA အဖွဲ့ကြီးလျှင်ပင် အကြွင်းမဲ့ လက်နက်စွန့်ခဲ့ကြသည်။ ဤသည်မှာ နိုင်ငံတော် အစိုးရသည်-

- တည့်မတ်မှန်ကန်သော အမျိုးသားရေးမူဝါဒကို ကျင့်သုံးသည်။
- စိတ်ရှည်သည်းခံ၍ စာနာနားလည်မှု အပြည့်ထားသည်။
- အပြန်အလှန် ယုံကြည်လေးစားမှုကို တည်ဆောက်သည်။
- ကျောသား၊ ရင်သားမခွဲခြား အားလုံးကို ရင်ဝယ်သားကဲ့သို့ သဘောထားသည်။
- စောသည်၊ နောက်ကျသည်ဟူ၍ မရှိ။ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းပေးသည်။



မြိုင်ကြီးငူ အထက်တန်းကျောင်း

မြိုင်ကြီးငူ အခြေခံပညာအထက်တန်းကျောင်းကို တွေ့ရစဉ်။

ဤအကြောင်းအရာများကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အပြည့်အဝ တည်ဆောက်နိုင်ခဲ့သည်။

(၄)

တလောဆီက (မြိုင်ကြီးငူအထူးဒေသ)ရှိ စုံနံ့သာမြိုင်ဆွေမြို့တော်၌ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ (၅၅)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ) ငြိမ်းချမ်းမင်္ဂလာအထိမ်းအမှတ် ပဋ္ဌမအကြိမ် သံဃာတော်အပါး၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ ၁၉၉၉ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့သော ယင်းအခမ်းအနားများတွင် သတိပြုမိသည်မှာ-

- ဘာသာ/ သာသနာအတွက် လှူဒါန်းမှုများ ပြုကြသည်။
- ပညာရေးဆိုင်ရာ လှူဒါန်းထောက်ပံ့မှုများ ပြုကြသည်။
- ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြသည်။
- ဒေသဖွံ့ဖြိုးရေးအတွက် စုပေါင်းအားထုတ်ကြသည်။

ကရင်ပြည်နယ်အတွင်း နေရာအနှံ့ စုံနံ့သာမြိုင်ပေါင်းများစွာ ပေါ်ပေါက်လာခဲ့ပါလျှင် မည်မျှကောင်းလိုက်မည်နည်း။ ဤသို့သော မျှော်လင့်ချက်ရောင်ခြည်မျိုး သန်းခဲ့ဖူးပါသည်။ နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးတည်ဆောက်ရာ၌ KNU ကို ချန်လှပ်မထားခဲ့ပါ။ ကမ်းလှမ်းမှုများကို ကြိုဆိုလက်ခံ၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ သို့သော် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး၊ အမျိုးသားညီလာခံကို တိုင်းရင်းသားများက ဆန့်ကျင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိတ်ပင်တားဆီးရေး၊ အာဆီယံဝင်ခွင့် နှောင့်နှေးစေရေး စသောအချက်များ ပါဝင်သည့် မဲသရောထကြေညာချက်အား ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ ထုတ်ပြန်ပြီးနောက် ငြိမ်းချမ်းရေးကို ကျောခိုင်းသွားခဲ့သည်။

မည်သို့ပင် ကျောခိုင်းသွားစေကာမူ ထာဝစဉ်ဖွင့်ထားသော ငြိမ်းချမ်းရေးတံခါးဝသို့ ဦးစောသမူဟဲ ခေါင်းဆောင်သည့် KNU တပ်ဖွဲ့ဝင်များ၊ ဖဒိုအောင်ဆန်းခေါင်းဆောင်သည့် KNU တပ်ဖွဲ့ဝင်များ၊ ဦးစောဗဲရီမိုး ခေါင်းဆောင်သည့် KNU တပ်ဖွဲ့ဝင်များ၊ ဦးကိုကြီးခေါင်းဆောင်သည့် KNU တပ်ဖွဲ့ဝင်များ ရောက်ရှိလာခဲ့ကြသည်။ KNU နှင့် လက်တွဲဖြုတ်၍ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကာ ဟောင်သရော၊ အဇင်း/ ကျိုက်ဒုံဒေသ၊ ဘုရားကုန်းဒေသ၊ သံတောင်မြောက်ပိုင်း ကျွန်းတောကုန်းနှင့် ပျားစခန်းဒေသများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အားသွန်ခွန်စိုက်လုပ်ကိုင်နေကြသည်။ KNU ကို ပဲ့ကိုင်နေသူများသည်လည်း ကောင်း၊ KNU တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ လက်တွဲဆောင်ရွက်သူများဖြစ်လာခဲ့ပါလျှင် မည်မျှကောင်းလိုက်မည်နည်း။ ကရင်ပြည်နယ်ကြီးသည်လည်း မည်မျှအေးချမ်းသာယာလိုက်မည်နည်း။

မြိုင်ကြီးငူ ပြည်သူ့ဆေးရုံ

မြိုင်ကြီးငူ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။

(၅)

လတ်တလော အခြေအနေတွင်မူ KNU သည် NCGUB, ABSDF, NLD(LA), DPNs, FTUB စသည်တို့နှင့် သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့ကာ လူထုတိုက်ပွဲစီမံချက်ဟုပဲခေါ်ခေါ်၊ နိုင်ငံရေးအရ တိုက်ပွဲဝင်သည်ဟုပဲ ညွှန်းညွှန်း၊ ဟန်ချက်ညီစစ်ရေး အရှိန်မြှင့်သည်ဟုပဲ သတ်မှတ်ချင်သတ်မှတ်၊ လက်တွေ့လုပ်ရပ်အနေဖြင့် ဗကပလမ်းစဉ်အတိုင်း မြင်မြင်သမျှ ဖောက်ဖို့၊ ခွဲဖို့၊ ဖျက်ဖို့၊ ဆီးဖို့ချည်း ဖြစ်နေသည်။

ကျွန်တော်မွေးကတည်းက ဗကပတောမှာ နေခဲ့ဖူးသည်။ သူတို့လမ်းစဉ်၊ သူတို့လုပ်ရပ်များနှင့် ပတ်သက်၍ မည်သူ့ထံကမှ သာစုခေါ်သံမကြားမိပါ။ မကြားခဲ့ဖူးပါ။ ရွံ့မုန်းကြသည်။ ကရင်တစ်မျိုးသားလုံး ကောင်းစားရေးဝါဒဖြင့် KNU သမိုင်းကို စခဲ့သူများသည် မိမိတို့ပြည်နယ်ကြီး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရန် ဆန္ဒရှိပါက လက်တွေ့လုပ်ရပ်များကို ပြန်လည်သုံးသပ်ဆင်ခြင်ရမည်သာ။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ၊ အထူးဒေသကြီးများ၏ ဖွံ့ဖြိုးရေးစီမံကိန်းများကို ကွန်ရက်သဖွယ်ပေါင်းစပ်၍ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းဆောင်ရွက်နေပါသည်။ မည်မျှပင် စေတနာထားစေကာမူ မငြိမ်းချမ်းသေးသော အရပ်ဒေသများ၌ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် မည်သို့မည်ပုံ စီမံလုပ်ဆောင်ပေးနိုင်ပါမည်နည်း။

ငြိမ်းချမ်းခြင်းအတွက် စစ်တိုက်ရန်မလိုပါ။ တောင်းဆိုရယူရန် မလိုပါ။ ဖွင့်ထားသောတံခါးမှ ဝင်လာရုံသာရှိပါသည်။ နှောင်ကြိုးမဲ့ဝင်လာရန်သာ လိုအပ်ပါသည်။ ထိုသို့ ငြိမ်းချမ်းရေးလိုလားသူများအတွက် ကရင်ပြည်နယ်အတွင်း နေရာအနှံ့ စုံနံ့သာမြိုင်ပေါင်းများစွာ ရှိနေပါသည်။ ။

ချင်းတွင်းအရှင်ကလျာဏ မော်လမြိုင်ကင်မွန်းခြိုတရားပွဲ

ရန်ကုန် ဩဂုတ် ၂၁

မော်လမြိုင်မြို့ ဈေးကြို ဒေါင်းဇရပ် ကင်မွန်းချုံကျောင်းစာသင်တိုက်တွင် ၁၃၆၅ခု ဝါခေါင်လကွယ်၊ ဩဂုတ် ၂၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နယ်လှည့်သာသနာပြု ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဓမ္မရက္ခိတ ဆရာတော် ချင်းတွင်း အရှင်ကလျာဏသည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားတော်များ ဟောကြားမည်ဟုသိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

တစ်ခါတစ်ခေါက် အရောက်သွားသင့်သော ကျောက်ဆည်မြို့နယ်၏ ဆင်လှူပွဲတော်

မြန်မာနိုင်ငံ၌ တစ်ခုတည်းသော ဆင်ပွဲတော်သည် ကျောက်ဆည်မြို့တွင်သာ ထူးခြားစွာ ရိုးရာမပျက် တည်ရှိခဲ့ပါသည်။

ကျောက်ဆည်မြို့၏ ဆင်ပွဲတော်သည် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် ကျင်းပခဲ့ရာ လာမည့်သီတင်းကျွတ်လတွင်လည်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးကြပ်စီစဉ်မှုနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့မိ၊ မြို့ဖများက စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စတင်လှုပ်ရှားဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။ ယခင်နှစ်က ကျင်းပပြီးစီးခဲ့သော ဆင်ပွဲတော်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်ကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

ကျောက်ဆည်ဆင်ပွဲတော်တွင် ဆင်ကသူများ စွမ်းရည်ပြသနေစဉ်။

ပုဂံခေတ်၏ ပြည့်ရှင်မင်းကြီး အနော်ရထာသည် သီဟိုဠ်ဘုရင်ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိခဲ့သော ဂေါတမမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားများကို ရှင်အရဟံ၏ အဆုံးအမဩဝါဒခံယူပြီး ဆင်မယဉ်သာ (ဆင်ဖြူတော်)ပေါ်သို့တင်၍ အဓိဋ္ဌာန်ပြီး လွှတ်တော်မူခဲ့ပါသည်။ ပုဂံရွှေစည်းခုံ၊ တန့်ကြည့်တောင်၊ လောကနန္ဒာ၊ တူရွှင်းတောင်များပေါ်သို့ ဆင်ဖြူတော်ဝပ်ခဲ့ပြီးနောက် ကျောက်ဆည်မြို့ အရှေ့ဘက် ရွှေသာလျောင်းတောင်ပေါ်တွင် ဆင်ဖြူတော်ဝပ်ခဲ့ပါသည်။ ထိုမှဆက်၍ ဆင်ဖြူတော်ဝပ်သော အထိကရနေရာများတွင် အနော်ရထာမင်းကြီးက တန်ခိုးကြီးဘုရားများ တည်ထားကိုးကွယ်ခဲ့သဖြင့် ဗုဒ္ဓသာသနာပြန့်ပွားတည်တံ့အောင် ဆောင်ရွက်ခဲ့ကြောင်းကို စာရေးဆရာ ကျောက်ဆည်ဦးညိမ်းမောင်၏ ရွှေသာလျောင်းဆင်လှူပွဲတော် ဆောင်းပါးကို ၂၀၀၃ ခုနှစ် ဩဂုတ်လထုတ် “ကျောက်ဆည်မြို့နယ်မဂ္ဂဇင်း”တွင် ဖတ်ရှုမှတ်သားရပါသည်။

ကျောက်ဆည်မြို့နယ် ရွှေသာလျောင်းတော်ပေါ်၌ ဆင်မယဉ်သာ (ဆင်ဖြူတော်)ကိန်းဝပ်ခဲ့သောနေရာကို ရွှေသာလျောင်းစေတီတည်ထားခဲ့ပြီး ရွှေသာလျောင်းတောင်ခြေရှိ ကျောက်ဆည်မြို့သည် ရှမ်းရိုးမတောင်တန်းကြီးများနှင့် ဆက်စပ်နေမှု၊ ဇော်ဂျီမြစ်နှင့်အခြားချောင်းများသည် ရှမ်းရိုးမတောင်တန်းကြီးမှ သဘာဝအလျောက်စီးဆင်းနေမှု၊ မြေပြန့်လွင်ပြင်တည်ရှိနေမှုများကို မင်းကြီးအနော်ရထာမြင်တွေ့ခဲ့ပြီး ရှေးခေတ်မြန်မာပညာရှင်ကြီးများနှင့် နယ်သူနယ်သားများစုပေါင်း၍ ကိုးခရိုင်နယ်မြေတည်ထောင်ကာ နှမ်း၊ မိုး၊ ဆောင်း သုံးရာသီ စိုက်ပျိုးနိုင်ရေးအတွက် ရေထိန်းဆည်များ၊ တူးမြောင်းများ ယှက်နွယ်ဖောက်လုပ်ခဲ့ပါသည်။ လယ်ယာမြေများကို ရာသီမရွေးစိုက်ပျိုးနိုင်အောင် တည်ဆောက်ပေးခဲ့ပါသည်။

ထိုစဉ်က လယ်တွင်းကိုးခရိုင်ဟု ခေါ်တွင်ခဲ့ပြီး အထက်မြန်မာပြည်၏ စပါးကျီအဖြစ် တင်စား၍ပင် ခေါ်ဆိုခဲ့ကြောင်းလည်း မှတ်သားရပါသည်။

ကိုးခရိုင်သူ၊ ကိုးခရိုင်သားများသည် ကြီးမားလှသော အနော်ရထာမင်းကြီး၏ ကျေးဇူးတော်ကို ပေးဆပ်သည့်အနေဖြင့်လည်းကောင်း၊ ရွှေသာလျောင်းစေတီတော်ကြီးကို နှစ်စဉ်ဆင်လှူပွဲ (ဆင်ပွဲတော်ကို) ကိုလည်းကောင်း မိုးရာသီစိုက်ပျိုးပြီးချိန် သီတင်းကျွတ်လ၌ ရှေးနှစ်ပေါင်းများစွာကပင် ရိုးရာမပျက် ခြိမ့်ခြိမ့်သဲကျင်းပခဲ့ပါသည်။

ကျောက်ဆည်သားများသည် ရပ်ကွက်အလိုက်၊ လူမှုရေးအဖွဲ့များအလိုက်၊ ဌာနဆိုင်ရာများအလိုက် ဆင်များချုပ် (ဆင်တည်ဆောက်)ပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပါသည်။

ဆင်လှူပွဲတော်ကို နှစ်စဉ်ကျင်းပပူဇော်ခြင်းသည် မိုးလေဝသမှန်ကန်၍ ဆန်ရေစပါးပေါကြွယ်ဝစေပြီး အေးချမ်းသာယာမှုကို ရရှိစေခဲ့သည်ဟု အဆိုရှိခဲ့သလို ဆင်လှူပွဲတော်တွင် ပါဝင်ဆင်နွှဲသူ၊ ကြည့်ရှုအားပေးသူများသည်လည်း စီးပွားတိုး၍ အကြံအစည်အောင်မြင်သည်။ အန္တရာယ်ကင်းသည်ဟု အဆိုရှိခဲ့ပါသည်။

စာရေးသူသည် ခုနစ်နှစ်သားအရွယ်ကပင် ရပ်ကွက်ဆင်အဖွဲ့တွင်ပါဝင်ပြီး ဆင်ကခြင်းတတ်မြောက်ခဲ့ပါသည်။ ဆိုင်းသံဗုံသံနှင့် ကရခြင်း၊ ဘေးမှကြည့်နေသူ အများအပြား၏ အလယ်တွင် ကပြရခြင်းတို့ကြောင့် မောရပန်းရမှန်းမသိ ပျော်လိုက်သည့်ဖြစ်ခြင်းပါ။ ကျောက်ဆည်သားများသည် ဆင်ကသည့် ဆိုင်းသံ

ခင်မောင်ထွန်း(လမ်းမတော်)

ကြားလျှင်ဘယ်ညာခြေထောက်များ အလိုလိုကြွတက်လာတတ်သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။

ဆင်သည် ရတနာဖြစ်သော၊ မြင့်မြတ်သောသဘောရှိ၍ ထူးခြားစွာ ကျောက်ဆည်ဆင်ပွဲကို လာမည့်သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဆင်အကပြိုင်ပွဲကြီးကို ကျင်းပ၍ လဆန်း ၁၅ ရက်တွင် ရွှေသာလျောင်း တောင်ထိပ် ရွှေသာလျောင်းစေတီတွင် ရွှေရုပ်၊ ငွေရုပ် ဆင်ငယ်များကို လှူဒါန်း၍ ဆုတောင်းပွဲ ကျင်းပတော့မည်ဖြစ်ပါသည်။

လာမည့်လဆန်း ၁၄ ရက်တွင်ကျင်းပမည့် ဆင်လှူပွဲ(ဆင်ပွဲ)ကို နံနက် ၇ နာရီမှစ၍ မြို့မဈေးကြီးပတ်လည်ရှိ လမ်းပေါ်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ယင်းနေ့တွင် ဆင်အများအပြား ပါဝင်လှည့်ပြိုင်ကြမည်ဖြစ်ပါသည်။ ပါဝင်မည့်ဆင်များတွင် ဆင်အမျိုးသုံးမျိုး ယှဉ်ပြိုင်ကြပါမည်။ ၎င်းတို့မှာ ဘော်ကြယ်ဆင်၊ ရိုးရာ ဆင်နှင့် ကလေးဆင်(ကလေးငယ်များ ဝင်ကပြသည့်ဆင်)တို့ ဖြစ်ပါသည်။ ဆင်ကို ရှေ့ခြေထောက်မှလူတစ်ဦး၊ နောက်ခြေထောက်မှလူတစ်ဦး၊ နှစ်ဦးဝင်၍ ကပြကြရပါသည်။

ရိုးရာမပျက် တူရိယာများဖြစ်ကြသော ဒိုး၊ နှဲ၊ လင်းကွင်း၊ မောင်း၊ ဝါးစသော တူရိယာငါးမျိုးကို မပါမနေရဟု သတ်မှတ်ထားပါသည်။ ဆင်အကများတွင် ဘုရားကန်တော့၊ နတ်ပင့်၊ ဆင်ကိုကြိမ်းလင်္ကာ၊ လေးကင်း၊ အရိုင်၊ ဗုံထောက်၊ ခေတ်ဟောင်းသီချင်း၊ ခေတ်သစ်သီချင်းများ သီဆိုကြရာတွင် ဆင်ကသူများက အတီးနှင့်လိုက်ဖက်အောင် ဟန်ချက်ညီညီ ကပြကြရပါသည်။

ညနေပိုင်းတွင် ရွှေသာလျောင်းတောင်ခြေကွင်းပြင်ရှိ ဗဟိုမဏ္ဍပ်ကြီးတွင် ပြိုင်ပွဲဝင်ဆင်များ၏ အက၊ အလှ၊ သဘာဝကျမှု၊ စည်းကမ်းလိုက်နာမှုများကို အကဲဖြတ်အဖွဲ့များနှင့် ရွေးချယ်၍ ထိုက်တန်သောဆုများကို ချီးမြှင့်ပေးမည်ဖြစ်ပါသည်။

လာမည့်သီတင်းကျွတ်လဆန်း ၁၅ ရက်နေ့တွင် ရွှေသာလျောင်းတောင်ပေါ်သို့ တက်ကြ၍ ဆင်လှူကြမည့်နေ့ ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများသည် အတီး၊ အမှုတ်၊ အက၊ အခုန်တို့ဖြင့် ရွှေဆင်ငယ်၊ ငွေဆင်ငယ်၊ ဆီမီး၊ ဖယောင်းတိုင်၊ ဆွမ်းတော်ပွဲများဖြင့် ရွှေသာလျောင်းတောင်ပေါ်သို့ တက်ရောက်ကြပါသည်။ တောင်ပေါ်သို့ တက်ရာလမ်းကြောင်းရှိ

ဆင်ပွဲတော်တွင် ယဉ်ကျေးမှု ဆင်မိုးဇော်၏ ကကွက်တစ်ခု။

ဇရပ်များ၊ ဓမ္မာရုံများတွင် အဖွဲ့လိုက်၊ ရပ်ကွက်အလိုက် စတုဒိသာ အကျွေးအမွေးစုံလင်စွာဖြင့် ဒါနပြုကြသည်ကို စည်ကားစွာ တွေ့မြင်ကြမည်ဖြစ်ပါသည်။

ရွှေသာလျောင်းတောင်ထိပ်ပေါ်တွင် ဌာနဆိုင်ရာများ၊ ဂေါပကလူကြီးများနှင့် အလှူရှင်များသည် ရွှေဆင်၊ ငွေဆင်များနှင့် သမိုင်းဝင် ရွှေသာလျောင်းစေတီတော်မြတ်ကြီးကို လက်ယာရစ်သုံးပတ် ပတ်ပြီး လှူဒါန်းပူဇော်ကာ လိုရာဆုကို တောင်းကြရမည်ဖြစ်ပါသည်။ ယင်းနောက် တရားနာရေစက်ချပြီး၍ အနော်ရထာမင်းကြီးနှင့် ဆင်မယဉ်သာ(ဆင်ဖြူ)ကို အမျှအတန်းသုံးကြိမ်ဝေကာ မေတ္တာပို့၍ နိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောစေရန်၊ စီးပွားလာဘ်လာဘများ တိုးပွားကြစေရန် ဆုတောင်းကြသည်မှာ ကြည်နူးဖွယ်ရာ မြင်ကွင်းပင်ဖြစ်ပါတော့သည်။ ဆင်လှူပွဲ၌ တောင်းသောဆုသည် ပြည့်ဝသည်ဟု အဆိုရှိပါသည်။

ပုဂံခေတ်က အထက်မြန်မာနိုင်ငံ၏ စပါးကျီဟုခေါ်တွင်ခဲ့သော လယ်တွင်းကိုးခရိုင်၏ မြို့တော် ကျောက်ဆည်မြို့သည် သမိုင်းဝင်မြို့တစ်မြို့ ဖြစ်ခဲ့ပါသည်။

အချုပ်တင်ပြရလျှင် သမိုင်းဝင်စေတီတော်များ၊ ရှေးဟောင်းအမွေအနှစ်များ စုဝေးတည်ထားလျက်ရှိပြီး ကျောက်ဆည်မြို့သည် ယခင်ခေတ်များကနှင့်မတူ နိုင်ငံတော်အစိုးရမှ ခေတ်မီသော မြို့တော်အဖြစ် တည်ဆောက်ထားပါသည်။ စက်မှုမြို့တော်အဖြစ်လည်း ထူးခြားစွာ အကောင်အထည်ဖော် တည်ဆောက်ထားပါသည်။ မြို့အလယ်တွင် ဇော်ဂျီမြစ်နှင့် မြစ်များလက်ယှက်ထိုး ဖြတ်သန်းကာ စိမ်းလန်းစိုပြည်သာယာ လှပနေသော ကျောက်ဆည်မြို့၏ ရှုခင်းများသည်လည်း ယခင်နှင့်မတူ တစ်မူထူးခြားစွာ တည်ရှိနေပြီဖြစ်ပါသည်။ ထူးကဲလှသော ကျောက်ဆည်မြို့၏ ဆင်လှူပူဇော်ပွဲသည် အမြင့်မြတ်ဆုံး ရတနာအစစ်ဖြစ်သော ဆင်များကို လှူဒါန်း၍ ဆုမွန်တောင်းကြသော ရိုးရာပွဲတော်ကြီး ကြုံကြိုက်နေ၍ မရောက်ဖူးသူများ ကျောက်ဆည်မြို့အလှကို လေ့လာရင်း ဆုမွန်ကောင်းတောင်းကြရန် တစ်ခေါက်တစ်ခါ အရောက်သွားသင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၁

လက်တွေ့သဒ္ဒါနည်းကျကျ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်စေရန်ဆရာမကြီး ဒေါ်တင်လှိုင် (B.A., Eng) ဦးစီး၍ စနစ်တကျ သင်ကြားပေးမည့် Interview တစ်ပတ်၊ နိုင်ငံခြားသွားတစ်လ၊ အခြေခံ အဆင့်မြင့်တစ်လ၊ Seaman Course, Tourism, Hotel, Company, Student Visa Grammer, Phoneticအင်္ဂလိပ်စကားပြောသင်တန်းများကိုတန်းခွဲသစ်များအဖြစ် ရုံးဝန်ထမ်းများအတွက် စနေ၊ တနင်္ဂနွေ အထူးတန်းခွဲကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လှည်းတန်းမီးပွိုင့် အနီးရှိ ဒေါ်တင်လှိုင် စူပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်း ဖုန်း-၅၁၁၂၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဩဂုတ် ၁၄ ရက်က ဗဟန်း အမက (၂၅)တွင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် သွေးအုပ်စုခွဲ စစ်ဆေးခြင်းကို ဆောင်ရွက်နေစဉ်။ (က-ပ)



ဖန်ဆင်းခြင်းနှင့် နိုင်ငံတကာပုံပြင်များ စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၁

ဝင်းဝေနောင် ဘာသာပြန်တင်ဆက်လိုက်သော “ဖန်ဆင်းခြင်းနှင့် နိုင်ငံတကာ ပုံပြင်များ”စာအုပ်ကို ပန်းဝေဝေစာပေ အမှတ်(၃၆၀) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(ယာပုံ)** (က-ပ)



ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ညောင်ဦးခရိုင်နှင့် မြင်းခြံခရိုင် မြစ်ရေတင်လုပ်ငန်းများစစ်ဆေး မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတည်ဆောက်ရေး ကြည့်ရှု

ရန်ကုန် ဩဂုတ် ၂၁

မန္တလေးတိုင်း ပုဂံ-ညောင်ဦးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်း စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ညောင်ဦးခရိုင်နှင့် မြင်းခြံခရိုင်များအတွင်း မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လောကနန္ဒာ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီခွဲတွင် ညောင်ဦးခရိုင်ရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ရေတင်အဆင့်(၃) မြောင်းမကြီးနှင့် လက်တံမြောင်းအမှတ်(၂)ဝဲဘက်ခြမ်းတို့တွင် ရေရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လက်တံမြောင်းအမှတ်(၂)ဝဲဘက်ခြမ်း တစ်လျှောက် တိုက်ရိုက်အစေ့ချ စပါးစိုက်ပျိုးထားသော စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြောင်းမကြီး တစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လျာထားသတ်မှတ်ထားသော မိုးစပါး ၁၀၇ဧကကို အားလုံးစိုက်ပျိုးပြီးစီးရန် ဆောင်ရွက်ရေး၊ စိုက်ပျိုးပြီးစပါးခင်းများကိုလည်း ရေလိုအပ်မှုရှိမရှိ အမြဲစိစစ်၍ လိုအပ်သလို ရေသွင်းဆောင်ရွက်ရေး၊ မြောင်းမကြီးထိခိုက်ပျက်စီးမှုမရှိစေရန် အမြဲကြပ်မတ်ဆောင်ရွက်ရေးနှင့် အနီးဝန်းကျင်ရှိ ပြည်သူများသုံးရေအတွက် ရေမြောင်းမကြီးမှ ရေကိုသွယ်တန်း၍ အုတ်ကန်စီစဉ်ဆောက်လုပ်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဧရာဝတီမြစ်မှရေကို ရေတင်အဆင့်(၁)မြောင်းမကြီးအတွင်း ရေစုပ်တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေတင်အဆင့်(၁) မြောင်းမကြီးမှ မြစ်ရေတင်ရေဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကောက်စိုက်သမများ ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးကာ သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်ဦးခရိုင်ရှိ လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ရေတင်အဆင့်(၂) ရေတင်စက်ရုံသို့ ရောက်ရှိကြပြီး မြောင်းမကြီးအတွင်း ရေတင်နေမှုကို လည်းကောင်း၊ ရေတင်အဆင့်(၂) မြောင်းမကြီးမှ မြစ်ရေတင်ရေဖြင့် မိုးစပါးများ စိုက်ပျိုးထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မိုးစပါး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁နာရီတွင် ညောင်ဦး-မြင်းခြံကားလမ်းဘေးရှိ ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ လက်တံမြောင်း(၁)သို့ ရောက်ရှိကြပြီး လျှပ်စစ်မြစ်ရေဖြင့် မိုးစပါး ကောက်စိုက်နေမှုကို လည်းကောင်း၊ လက်တံမြောင်း(၁)၏ လက်ဝဲ၊လက်ယာနှစ်ဖက်လုံးတွင် မိုးစပါးစိုက်ပျိုးပြီးစီးမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ညှိနှိုင်းစီမံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးစပါးကို မူလလျာထားသည့်အတိုင်း ပြည့်မီစွာစိုက်ပျိုးရေး၊ စိုက်ပျိုးရေအတွက် မြစ်ရေတင်ဖြင့် ရေပေးရာတွင် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရေး၊ ဌာနများအနေဖြင့် မိမိတို့၏ လုပ်ဆောင်ရန် တာဝန်များကို လစ်ဟင်းမှု မရှိစေဘဲ ပြည့်မီစွာ ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၁၁နာရီခွဲတွင် မြင်းခြံခရိုင် တောင်သာမြို့နယ်ရှိ ကျောဇီလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျောဇီ လျှပ်စစ်မြစ်ရေတင် အဆင့်(၁)မြောင်းမကြီးအတွင်း ဧရာဝတီမြစ်မှ ရေစုပ်သွင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးစပါး လျာထားချက် အပြည့်အဝစိုက်ပျိုးပြီးစီးရေး၊ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများ အချင်းချင်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ရေရရှိမှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောဇီ မြစ်ရေတင်စီမံကိန်း လက်တံမြောင်းအမှတ်(၂)မှ မိုးစပါးစိုက်လယ်မြေများသို့ရေပေးဝေနေသော တမိုက်သာ ရွာအနီးသို့ ရောက်ရှိကြပြီး မိုးစပါးစိုက်လယ်မြေများအတွင်း ရေရရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ၁နာရီခွဲတွင် မြင်းခြံမြို့ရှိ မြင်းခြံဒီဂရီကောလိပ် တည်ဆောက်ရေးစီမံကိန်း (ပထမအဆင့်)လုပ်ငန်းခွင်သို့သွားရောက်၍ စာသင်ဆောင် ပထမထပ်ကြမ်းခင်း သံကူကွန်ကရစ်လောင်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းစီမံပေးကာ လိုအပ်သည်များကို မှာကြားသည်။

စက်မှုလက်မှုသိပ္ပံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြင့်ခြံမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲ ၂နာရီတွင် မြင်းခြံမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ အဆောက်အအုံတိုင်များ ကွန်ကရစ်လောင်းရန် စီစဉ်နေမှုနှင့် ကွန်ကရစ်လုပ်ငန်း လုပ်ဆောင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ လိုအပ်ချက်များကို ညှိနှိုင်းစီမံပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြင်းခြံ-ညောင်ဦး ကားလမ်းအတိုင်း ပုဂံ-ညောင်ဦးမြို့သို့ပြန်လည်ထွက်ခွာကြရာ ညနေ၄နာရီတွင် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကုလားတဲကျေးရွာ အနီးရှိ ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရေတင်အဆင့် (၁၅) မြောင်းမြေကြီးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကိုကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရေတင်အဆင့် (၁၅) မြောင်းပေါင်ပေါ်မှ ကုလားတဲ ကျေးရွာ အနောက်ဘက်တွင် ချောင်းမကြီး ချောင်းအခြေအနေကို ကြည့်ရှုလေ့လာသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကုလားတဲကျေးရွာမှ ကျေးရွာချင်းဆက်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မြင်းခြံ-ညောင်ဦးလမ်းမှ တစ်ဆင့် ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းရင်းသားခေါင်းဆောင်များတင်ပြသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရေး၊ လူငယ်လူရွယ်များ အသိပညာတိုးတက်ရေး၊ လမ်း၊ တံတားလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သမိုင်းအစဉ်အလာအရ ရှေးယခင်ကတည်းက မိမိတို့သည် အေးအတူပူအမျှ နေထိုင်ခဲ့ကြသော ညီအစ်ကိုများ ဖြစ်ကြကြောင်း။

သွေးခွဲသပ်လျှို

ယခုအချိန်အခါတွင် မိမိတို့တိုင်းပြည် ပြိုကွဲအောင်၊ ဖရိုဖရဲဖြစ်အောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲအောင် သွေးခွဲသပ်လျှိုမှုများ ပြုလုပ်နေသည်များရှိနေကြောင်း။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ငြိမ်းချမ်းရေး ထာဝရတည်တံ့ခိုင်မြဲရေးတို့အတွက် လက်တွဲဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်း တည်ဆောက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ မြစ်ရေတင်ဖြင့် မိုးစပါးစိုက်ပျိုးမှုကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ-ကိုရီးယားစီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန(KOTRA)၏ စီစဉ်မှုဖြင့် မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကို ယမန်နေ့နံနက်၁၀နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom (1)၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံရှိ စီးပွားရေးလုပ်ငန်းကုမ္ပဏီ ခုနစ်ခုတို့မှ ထုတ်လုပ်သည့် ပုစွန်စာပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့်ဓာတ်ငွေ့သုံး မီးစက်အမျိုးမျိုး၊ မျက်မှန်ပစ္စည်းအမျိုးမျိုး၊ တစ်ခါသုံး ဆေးထိုးအပ်များနှင့် ဆေးထိုးပြွန်များပြုလုပ်သော စက်ကိရိယာများနှင့် ဆေးထိုးအပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ရေပိုက်အမျိုးမျိုးတို့နှင့်စပ်လျဉ်းသည့်လုပ်ငန်းကိစ္စရပ်များကို ကိုရီးယားသမ္မတနိုင်ငံကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရှိ စိတ်ဝင်စားသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့နှင့်သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှစီးပွားရေးသံမှူး Mr. Choi Yong-Tae နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Choi Yong-Taeနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးကြစဉ်။ (သတင်းစဉ်)

ဆရာဝန်အသင်း ဆေးပညာသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)က ကြီးမှူး၍ အထွေထွေရောဂါကုဆရာဝန်များအတွက် Public Health, Research and Family Medicine Course 2003 သင်တန်းကို စက်တင်ဘာ ၆ရက်မှ အောက်တိုဘာ ၁၉ရက်အထိ (စနေ၊ တနင်္ဂနွေ) များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူဆရာဝန်များသည် စက်တင်ဘာ ၁ရက်မှ ၅ရက်အထိ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

✱ နယ်စပ်ဒေသမှ

တံတားမှာ နမ့်ယွန်းချောင်းကို ဖြတ်ကျော် တည်ဆောက်ထားသည့် အတွက် အမည်သညာအားဖြင့် နမ့်ယွန်းတံတားဟူ၍ အမည်တွင် မှည့်ခေါ်ထားကြောင်း သိရသည်။

နမ့်ယွန်းတံတားကို ရှမ်းပြည်နယ် (တောင်ပိုင်း)ဆောက်လုပ်ရေးဝန်ကြီး ဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်း အထူးအဖွဲ့(၉)က ၁-၅-၂၀၀၁နေ့တွင် စီမံကိန်းလုပ်ငန်း စတင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နမ့်ယွန်းတံတားသည် လင်းခေး ဘက်ကမ်းနှင့် ဟိုမိန်းဘက်ကမ်းသို့ ဆက်သွယ်ပေါင်းကူးပေးသည့်တံတား တစ်စင်းဖြစ်သည်။ တံတားအရှည် ပေ၁၄၀ရှိပြီး တံတားခန်းဖွင့် ဖွဲ့စည်းမှု မှာ ပေ၄၀+ပေ၆၀+ပေ၄၀ဖြင့် ဖွဲ့စည်း ထားသည်။

တံတား၏ယာဉ်သွားလမ်းအကျယ် မှာ၂၄ပေရှိပြီးလူသွားလမ်းကို တစ်ဖက် သုံးပေစီထားရှိပေးထားသည်။ တံတား အောက် ရေလမ်းကင်းလွတ်နယ်မြေ အဖြစ် အကျယ် ၅၂ ပေနှင့် အမြင့် ခြောက်ပေထားရှိသည်။

နမ့်ယွန်းတံတားအမျိုးအစားသည် တံတားအပေါ်ထည် သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်တိုင်များကို သံကူကွန်ကရစ် အားဖြည့် သံမဏိချွေ ပိုင်တိုင်များဖြင့် တည်ဆောက်ထားမှုကြောင့် ခိုင်ခံ့ သည်ကိုတွေ့ရှိရသည်။

ခံနိုင်ရည်

နမ့်ယွန်းတံတားပေါ်တွင် မောင်းနှင် ဖြတ်သန်းကြမည့်ယာဉ်များသည်ခွင့်ပြု ယာဉ်အလေးချိန် ၃၆တန် နှစ်လမ်း ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြု တန် ၆၀ ခံနိုင်ရည်ရှိကြောင်းလည်း သိရသည်။

နမ့်ယွန်းတံတား၏ ချဉ်းကပ်လမ်း အရှည်ကို လင်းခေးဘက်ကမ်း ပေ ၁၀၀၀နှင့် ဟိုမိန်းဘက်ကမ်း ပေ၁၀၀၀ စီ ထားရှိခြင်းကြောင့် တံတား၏ ဖြောင့်တန်းညီညာသပ်ရပ်မှုကိုဖော်ညွှန်း ထားသကဲ့သို့ရှိသည်။ ကုန်ကျစရိတ် သည် သိန်း ၁၈၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။

နမ့်ယွန်းတံတားကြီးကို တည် ဆောက်မှုကာလ၁-၅-၂၀၀၁ မှစတင် ခဲ့ပြီး ၃၁-၁၂-၂၀၀၂ နေ့တွင် လုံးဝ ပြီးစီးခဲ့သည်။ထို့ကြောင့် တည်ဆောက် မှုကာလသည် ကာလတိုအတွင်း တစ်နှစ်နှင့်ခြောက်လသာ ကြာမြင့်ခဲ့ ကြောင်း သိရသည်။ နမ့်ယွန်းတံတား သစ်ကြီးကို ၂၀၀၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ကမ္ပည်းကျောက်စာတိုင်ကို စက် ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

နမ့်ယွန်းတံတားကြီးကို အောင်မြင် စွာ တည်ဆောက်၍ ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြင့်ဒေသခံပြည်သူများ၊တိုင်းရင်းသား များ လွယ်ကူလျင်မြန်စွာ ဆက်သွယ် သွားလာနိုင်ပြီး ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်ဆံနိုင်တော့မည် ဖြစ် သည်။ ကျေးရွာချင်း၊ မြို့နယ်ချင်း ဆက်သွယ်ပေါင်းကူးပေးလိုက်သဖြင့် မောက်မယ်၊ လင်းခေး၊ ဝမ်ဟတ်၊ နားကုန်း၊ ဝမ်စလောင်းရွာရှိ တိုင်းရင်း သားမျိုးနွယ်များ နမ့်ယွန်းတံတားကို ကျော်ဖြတ်ကာတာဆွတ်ဟိန်းကမ်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

တာဆွတ်ဟိန်း ဘက်ကမ်းမှသည် သံလွင်မြစ်ကိုကျော်ဖြတ်ကာ ဟိုမိန်း ဘက်ကမ်းသို့ သွားရောက်နိုင်တော့ မည်လည်းဖြစ်သည်။

ဟိုမိန်းဒေသသည် သံလွင်မြစ် အရှေ့ဘက်တွင်တည်ရှိပြီး စိုက်ပျိုး ရေးဖြစ်ထွန်းသော ဒေသကြီးတစ်ခု လည်းဖြစ်သည်။ ဟိုမိန်းဒေသအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ စွမ်းဆောင်မှု နိုင်ငံတော်က ဟိုမိန်းမြို့နယ်ခွဲအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရှိရသည်။

ယခင် ခေတ်အဆက်ဆက်တွင် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခဲ့ရသော ဟိုမိန်းဒေသသည် ငြိမ်းချမ်းရေး ရယူ ပြီးနောက် ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်မှုလုပ်ငန်းများကို ဆောင် ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ နမ့်ယွန်းတံတား တည်ဆောက်ဖွင့်လှစ် နိုင်ခဲ့ခြင်းကြောင့် ဒေသနေပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည့် ကဏ္ဍအသီးသီး တို့ လျင်မြန်စွာဖွံ့ဖြိုးလာတော့မည် ဖြစ်ပြီး များမကြာသော ကာလတွင် ဟိုမိန်းဒေသသည် အေးချမ်းသာယာ သော နယ်စပ်မြို့တစ်မြို့အဖြစ် ပေါ်လွင်ထင်ရှားလာမည် ဖြစ်ပါတော့ သည်။ ။

(ကြေးမုံ)

စက်ခလုတ်နှိပ် ဖွင့်လှစ်

လင်းခေးမြို့နယ် ဝမ်စလောင်းကျေးရွာအနီးတွင် တည်ဆောက်ထားသည့် နမ့်ယွန်းတံတားသစ်ကြီးကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

ဓာတ်ပုံ-သွင်အေး (ကြေးမုံ)

ဩဂုတ် ၈ ရက်က ဖွင့်လှစ်လိုက်သည့် နမ့်ယွန်းတံတားသစ် မုခ်ဦးကြီးကို ရောင်စုံမီးလုံးများနှင့် နိုင်ငံတော်အလံများလွှင့်ထူ၍ ဤသို့ထည်ဝါစွာ တွေ့ရသည်။

ဓာတ်ပုံ-သွင်အေး(ကြေးမုံ)

● အဆင့်မြင့်တန်းမှ

ပွဲစသည်ဆိုသည်နှင့် သစ်တောရေး ရာအသင်းက အချိတ်အဆက်မိမိ အကွက်စိပ်စိပ်ဖြင့် ထိုးဖောက်ရာ တပ်မတော်ကြည်း(က)အသင်း ခံစစ် အနေအထားဖြစ်နေသည်။ အသင်း ခေါင်းဆောင် အောင်ကျော်ထွန်း ဦးဆောင်သော သစ်တောရေးရာ တိုက်စစ်ကြောင်းသည် ဂိုးရရှိရန် အတွက်ကြိုးစားထိုးဖောက်သော်လည်း ဂိုးရရှိအောင် ဖန်တီးပေးမှု၌ အားနည်း နေ၍ အဖွင့်ဂိုးကို နောက်ကျမှ ရရှိခဲ့ သည်။ မိနစ် ၂၀တွင် ဘယ်ကြောမှ ပေါ်ထွန်းကျော် ကန်တင်ပေးသော ဘောလုံးကို တိုက်စစ်မှူး အောင်ထွန်း နိုင်က ခေါင်းတိုက်သွင်းယူလိုက်၍ သစ်တောရေးရာအသင်း အဖွင့်ဂိုး စတင်ရရှိသွားသည်။ အောင်ထွန်းနိုင် သွင်းသောဂိုးသည် ပြိုင်ပွဲ၏ အဖွင့်ဂိုး လည်းဖြစ်သည်။

ဂိုးရပြီးနောက်ပိုင်းတွင် သစ်တော တိုက်စစ်ဆင်မှု အားနည်းသွားပြီး တပ်မတော်ကြည်း(က)က တစ်ကျော့ ပြန် ပြန်ဖိလာနိုင်သည်။ ၃၁မိနစ်တွင် တပ်မတော်ကြည်း(က)မှ အောင်ချမ်း မင်းကန်သွင်းသော ဘောလုံးမှာ ပိုင်နယ်တိစည်းအတွင်း၌ ရှိနေသော သစ်တောနောက်ခံလူ စိုင်းလှအောင် လက်နှင့်ထိသွားရာ ဒိုင်လူကြီးက ပိုင်နယ်တီသတ်မှတ်လိုက်၍ တပ်မ တော် ကြည်း(က) ပိုင်နယ်တီကန်ခွင့် ရသွားသည်။ အဆိုပါပိုင်နယ်တီကို သန့်ဇင်ထွေးကန်သွင်းရာ သစ်တောဂိုး သမား ညီညီထွန်း ပုတ်ထုတ်ကာကွယ် နိုင်သော်လည်း ပြန်အန်ထွက်လာသော ဘောလုံးကို သန့်ဇင်ထွေးကပင် ပိတ် သွင်းယူလိုက်၍ တပ်မတော်ကြည်း (က) ချေပဂိုးပြန်ရကာ ပထမပိုင်းတွင် တစ်ဂိုးစီ သရေဖြစ်နေသည်။



ပွဲစဉ်အလိုက် အကောင်းဆုံးဆုရ အောင်ကျော်ထွန်း။ (ကြေးမုံ)

ဒုတိယပိုင်းတွင် မိုးရေထဲ ကန်နေ ရ၍ ကွင်းချောသည်ကတစ်ကြောင်း၊ နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် အားကုန်ထုတ်လာသည်ကတစ်ကြောင်း ကြောင့် အတင်းဝင် အတင်းထွက် ကစားကြ၍ ထိခိုက်မှုများရှိလာသည်။ ၁၆မိနစ်တွင် ပိုင်နယ်တီစည်းနား တွင်ရရှိသော ပြစ်ဒဏ်ဘောလုံးကို အောင်ထွန်းနိုင်က တိုက်ရိုက်ကန်သွင်း ရာ ဂိုးထောင့်ထဲသို့ ဝေ့ဝိုက်ဝင်သွား၍ သစ်တော ဒုတိယဂိုး ရသွားသည်။ သစ်တော ဂိုးထပ်ရပြီး လေးမိနစ် အကြာမှာပင် မင်းယုအောင်က အောင် ကျော်ထွန်း ခင်းပေးသော ဘောလုံးကို ကန်သွင်းရာ တပ်မတော်ကြည်း(က) ဂိုးသမားစံထွေးပိတ်ထားသော ထောင့် ကျဉ်းထဲမှဝင်သွား၍ သစ်တော တတိယဂိုး ရရှိသွားပြန်သည်။

တပ်မတော်ကြည်း(က) အသင်းက လည်းသမ္မာရင့် တင်ထွေးကိုထည့် သွင်းကစားသော်လည်း ၎င်းနှင့် တွဲကစားမည့်သူမရှိ၍ သစ်တောဂိုး ပေါက်ကို မခြိမ်းခြောက်နိုင် ဖြစ်နေ သည်။ သစ်တောအသင်းကလည်း အခွင့်ရသည်နှင့် တိုက်စစ်ဆင်ကစား ရာ ၃၄မိနစ်တွင် ဂျေရဲနိုင် တင်ပေး သောဘောလုံးကို မင်းယုအောင်ကပင် ပိတ်လိုက်၍သစ်တော စတုတ္ထဂိုးရကာ ပွဲအပြီးတွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင် ရရှိသွားသည်။

ပွဲအပြီးတွင် သစ်တောရေးရာ အသင်းအုပ်ချုပ်သူ ဦးကြည်ဝင်းအား ကြေးမုံက တွေ့ဆုံမေးမြန်းရာ "ကျွန်တော့်အသင်းဟာ လေ့ကျင့်ရက် တစ်လခွဲလောက် ရရှိထားပါတယ်၊ အသင်းကို လူဟောင်းများများ အခြေခံ ပြီးတော့ လူသစ်ခုနစ်ဦး ထပ်မံ အားဖြည့်ထားပါတယ်၊ လူသစ် ခုနစ်ဦးက သွေးသစ်သုံးယောက်နှင့် ယူ၁၆ အသင်းက လေးဦးတို့ဖြစ်ပါ တယ်၊ ကလပ်အသင်းက နှစ်ယောက် ကိုလည်း ခေါ်ထားပါတယ်၊ ပတ္တမြား နဂါးက သူရနှင့် တံခွန်အသင်းက ညီညီစိုးတို့ခေါ်ထားပါတယ်၊ကျွန်တော့် အသင်းကို လာချင်တဲ့ကစားသမား ရှိရင်လည်း ကျွန်တော်ခေါ်ယူပါ့မယ်၊ ပွဲဦးထွက် အနိုင်ရထားတာကြောင့် နောက်ပွဲများကို အနိုင်ရရှိအောင် ကြိုးစားသွားပါမယ်" ဟု ကြေးမုံသို့ ပြောကြားသွားသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ

(အောင်ဆန်းကွင်း)

ကာကွယ်ရေးနှင့်ပတ္တမြားနဂါး။

(ကြေးမုံ)

ရိုးရာတူရိယာပစ္စည်းများပြပွဲ (၁၃)ရက်မြောက်နေ့အဖြစ် ဆက်လက်ခင်းကျင်းပြသ

ရန်ကုန် ဩဂုတ် ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး ကျင်းပသည့် မြန်မာ့ရိုးရာတူရိယာ ပစ္စည်းများပြပွဲကို ယနေ့နံနက် ၁၀နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံ ခန်းမ၌ (၁၃)ရက်မြောက်နေ့အဖြစ် ဆက်လက်ခင်းကျင်း ပြသလျက် ရှိသည်။

ပြပွဲတွင် မြန်မာ့ရိုးရာတူရိယာ ပစ္စည်းများကို မြန်မာ့ဆိုင်းဝိုင်းကြီး ဗဟိုပြကွက်၊ မြန်မာ့တူရိယာသမိုင်း ကြောင်းပြကွက်၊ မြန်မာ့တူရိယာ ငါးပါးဖြစ်သည့် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် တူရိယာများဆိုင်ရာ ပြကွက်များ၊ ပညာရှင်များ၏ တူရိယာ များပြကွက်၊ အသုံးပြု၍ရသော အသံ ပစ္စည်းများပြကွက်ဟူ၍ ပြကွက်များ ခွဲခြား၍ စနစ်တကျ ခင်းကျင်းပြသ ထားသည်။

ပြပွဲနှင့်အတူ ပြပွဲလာပြည်သူများ အား ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဂီတဌာနမှ ဆရာ ဆရာမများနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ ဦးစီးဌာန (ထုတ်လုပ်ဌာနခွဲ)မှ အနု ပညာရှင်များက မြန်မာ့ရိုးရာတူရိယာ ပစ္စည်းများကို လက်တွေ့တီးမှုသရုပ်ပြ တင်ဆက်ကြသည်။

ပြပွဲသို့ ရဟန်းရှင်လူ ပြည်သူ ၄၀၀ကျော် လာရောက်ကြည့်ရှု လေ့လာကြပြီး ပြပွဲကို ဩဂုတ် ၂၂ရက် တွင် နောက်ဆုံးနေ့အဖြစ် ခင်းကျင်း ပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်းတွင် ဩဂုတ်၉ရက် နံနက် ၇ နာရီ ၁၃မိနစ်က ဦးထက် အောင်သည် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၁)၌ ၁၂၂ကိုက်အကွာမှ Precept 01 ဘောလုံးကို Ping I.3, P.W တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ထိုအချိန်၌ ကစားဖော်များဖြစ်သည့် ဦးအောင်ကျော်လွင်၊ ဦးထွန်းရီနှင့် ဦးမောင်မောင်တင့်(မုံရွာ)တို့ အတူ ကစားလျက်ရှိကြသည်။ အလားတူ ဩဂုတ်၄ရက် ညနေ ၅နာရီ မိနစ်၅၀ ကလည်း ဦးထက်အောင်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်းတွင် ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ် (၁၆)၌၁၃၃ ကိုက်အကွာမှ Precept MC.30 ဘောလုံးကို Ping, I.3, No.9 တုတ် ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ယင်းအချိန်၌ ကစားဖော်များဖြစ် သည့် ဗိုလ်မှူးခင်ဇော်(ငြိမ်း)မုံရွာ၊ ဦးမောင်မောင်တင်(မုံရွာ)နှင့် ဦးဇော် ထက်တို့ အတူကစားလျက်ရှိကြောင်း သိရသည်။

(က-ပ)

တောင်အာဖရိက သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်

ရန်ကုန် ဩဂုတ် ၂၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးအေးအား တောင်အာဖရိကသမ္မတနိုင်ငံ ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံ တော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း

၈:၀၅ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်

၈:၂၀ ၈။ ပိုင်ကျုံရေထိန်းတံခါး

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ English for Everyday Use.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အထူးပြုအားလုံး) (မြန်မာစာ)

၅:၁၀ ၆။ **အိပ်မက်လှိုင်းများ (အပိုင်း-၂)** (နိုင်းနိုင်း၊ကျော်ရှိန်း၊ ဇာနည်၊နဝရတ်၊ ဆုမြတ်ရွှေစင်၊ ချောရတနာ) [ဒါရိုက်တာ-တင်သန်းဦး] (ကရင်ဘာသာစကားဖြင့်)

၅:၂၅ ၇။ ၂၀၀၃ခုနှစ်၊ကောဒသမအကြိမ် (၁၁)ကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာ နိုင်ကြရန် မဟာဂီတ (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား၊အမျိုးသမီး)

၅:၄၅ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ

၆:၀၀ ၉။ တေးဂီတအစီအစဉ်

၆:၁၅ ၁၀။ Discovery.

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ Milo Success In Soccer.

၇:၁၀ ၁၄။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)

၇:၂၀ ၁၅။ နှောင်းခေတ်တေးပဒေသာ

၇:၃၀ ၁၆။ မြန်မာ့ရိုးရာတူရိယာပစ္စည်းများ ပြပွဲ(အပိုင်း-၇)

၇:၄၀ ၁၇။ နိုင်ငံ့ဖွံ့ဖြိုး ပြည့်အကျိုး

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ ဒသမအကြိမ်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ **ရာမာယဏဇာတ်တော်ကြီး** (ပထမဆု)(ဧရာဝတီတိုင်း) (ဒုတိယပိုင်း)

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

မင်္ဂလာဗျူဟာ ဝိပဿနာ တရားစခန်း

ရန်ကုန် ဩဂုတ် ၂၁

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် (၂၂)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို စက်တင်ဘာ ၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီခွဲတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်းက အနာဂါမ်ဆရာသက်ကြီး၏ တရားရှုမှတ်နည်းအတိုင်း ကမ္မဋ္ဌာန်းနည်းပြဆရာ လေးဦးနှင့် အနီးကပ် ပြသမည်ဖြစ်ပြီး ယောဂီ ၁၀၀ ဦးသာ လက်ခံမည်ဖြစ်သည်။ စခန်းဝင် ယောဂီများနှင့် အလှူရှင်များသည် ဖုန်း-၃၇၀၉၅၈သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

တနင်္သာရီတိုင်း ပုစွန်၊ ကျောက်ငါးနှင့် ကဏန်း မွေးမြူရေးလုပ်ငန်းများ

မွေး/ ရေဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၇ရက်တွင် တနင်္သာရီတိုင်း မြိတ်မြို့ တိုင်းငါးလုပ်ငန်းဦးစီးဌာနရုံး၌ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကမ်းနီး/ကမ်းဝေး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှု၊ အက်ဖ်အိုဘီ(မြိတ်)စနစ်ဖြင့် ပြည်ပတင်ပို့ရောင်းချမှု၊ မြိတ်အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီး လုပ်ငန်းတွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် တနင်္သာရီတိုင်းအတွင်း ပုစွန်မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ညှိနှိုင်းဆွေးနွေးသည်။

ပေါင်းစပ်ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၈ ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်၊ တနင်္သာရီတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များ လိုက်ပါလျက် တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် ကမ်းရိုးတန်း ရတနာခန်းမ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရပ်မိ/ရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် ရေလုပ်ငန်းရှင်များအား တွေ့ဆုံ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကိုလည်းကောင်း၊ ပုစွန်တိုးချဲ့ မွေးမြူရေးဆိုင်ရာများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားရမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပုလောမြို့ ဇရပ်ဆိပ်ကျေးရွာအုပ်စုရှိ ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့် မြေနေရာများသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပုလောမြို့နယ် သဲပုံကျေးရွာ၌ ဗင်းတော့ချ် ကုမ္ပဏီလီမိတက်၏ ရေငန်ပုစွန် မွေးမြူရေးစခန်းသို့ သွားရောက်၍ သိပ္ပံနည်းကျ ပုစွန်မွေးမြူရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြိတ်ခရိုင် မြိတ်မြို့နယ် ကျွဲကူးကျောက်ဖျာရွာနှင့် လော့လော့ရွာကြားရှိ ပုစွန်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မည့် မြေနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တနင်္သာရီတိုင်းအတွင်း ပုစွန်မွေးမြူရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်နိုင်မည့် အခြေအနေ၊ အခွင့်အလမ်းများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် အခြေအနေများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၉ ရက်တွင် မြိတ်ခရိုင် ကျွန်းစုမြို့နယ်သို့ ရောက်ရှိကြပြီး ပြည်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျွန်းစုမြို့နယ်၊ ကတ္တလူ/ကပကျေးရွာအတွင်း ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း၊ တာပတ်ခြင်းနှင့် ကန်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့ရေရရှိရေးနှင့် ရေပေးဝေရေးအတွက် ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ် ၁၀သိန်း၊ တနင်္သာရီ ရေလုပ်ငန်း ကုမ္ပဏီလီမိတက်မှ ဦးကျားမောင်က ငွေကျပ် ၁၀သိန်း၊ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်း(တနင်္သာရီ)မှ ဦးလှမြင့်က ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ကျွန်းစုမြို့နယ် ကျောင်းပညာရေးကဏ္ဍများ၌ ကွန်ပျူတာတပ်ဆင်ရန် အတွက် ရေလုပ်ငန်းရှင် ဦးဌေးမြင့်က ငွေကျပ်နှစ်သိန်း၊ ဦးလှမောင်ရွှေ (ရွှေမိသားစုကုမ္ပဏီ)က ငွေကျပ်နှစ်သိန်း၊ ဦးအင်ပို (ပြည်ဖြိုးထွန်းကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ ဦးအောင်စိုး (သီတာ ရေလုပ်ငန်းကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ ဦးကြင်စိန်(ကေအန်အယ်လ် ကုမ္ပဏီ)က ငွေကျပ်တစ်သိန်းနှင့် ဦးသန်းဝင်းအောင်(ပုလဲနဒီကုမ္ပဏီ)က ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ၁၆သိန်းကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံယူပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းထံ လွှဲပြောင်းပေးအပ်သည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းစုမြို့နယ် မော်တုံးကြီး ကျေးရွာ၌ ပြည်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ဆောင်ရွက်လျက်ရှိသော လှောင်အိမ် စနစ်ဖြင့် ကျောက်ငါးမွေးမြူရေး စခန်းသို့ ရောက်ရှိ၍ ကျောက်ငါး မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းစုမြို့နယ် ဒေါင်းကူးမော်ကျေးရွာရှိ အဆောင်ကောင်း စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်က ဆောင်ရွက်လျက်ရှိသည့် ဒေါင်းကူးမော် ကဏန်း မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

မြန်မာ့ကုန်စည်ပြပွဲ-၂၀၀၃

ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co., Ltd. သည် စက်တင်ဘာ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာနတွင် "မြန်မာ့ကုန်စည်ပြပွဲ-၂၀၀၃" Myanmar Trade Fair, 2003 ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ ပြပွဲတွင် အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်း အလှဆင် ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း အမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း အမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါး ပစ္စည်းအမျိုးမျိုးတို့ကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဂျွန်လွင်ဦးစီးသော Star Entertainment Co., Ltd. ၏ ကုန်ပစ္စည်းကြော်ငြာ သရုပ်ပြပွဲနှင့် Dancing MTF 2003 ကြော်ငြာ သရုပ်ဆောင်ပြိုင်ပွဲ တွဲဖက်ကာ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဖုန်း-၅၇၃၁၄၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဂျပန်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၁

ဂျပန်ဘာသာကို လာမည့် ဒီဇင်ဘာ ၇ရက်၌ကျင်းပမည့် ဂျပန်ဘာသာစကား ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ ကိုတင်ပြင်ဆင်မှုသင်တန်း Level-4 ကို နံနက် ၁၀နာရီမှ ၁၁နာရီခွဲအထိ၊ Level-3 ကို နံနက် ၁၁နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ Aung LanguageCentre တွင် စက်တင်ဘာ ၂ရက်မှ စ၍ တစ်ပတ် ငါးရက် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် ဂျပန်ဘာသာစကား အခြေခံ အရေး၊ အဖတ်၊ အပြောကို ကျွမ်းကျင်စေရန် တစ်ဦးချင်း တနင်္လာနေ့မှ သောကြာနေ့အထိ တစ်ပတ် ငါးရက် သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း တိုက် (၂၈၂) အခန်း(၁) ရန်ကင်းကြားမှတ်တိုင်အနီး၊ ရန်ကင်းသဲကွင်းအနီး ဖုန်း-၅၄၂၈၂၀သို့ ရုံးချိန်အတွင်း စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု(အခြေခံ)

သင်တန်းအမှတ်စဉ်(၃) ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန သင်တန်းကျောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု (အခြေခံ) သင်တန်းအမှတ်စဉ် (၃)ကို စက်တင်ဘာ ၁၅ရက်တွင် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

စာရင်းပေးသွင်းနိုင်

သင်တန်းအမှတ်စဉ်(၃)သို့ ခရီးသွားလုပ်ငန်း လိုင်စင်ရရှိပြီးဖြစ်သော ပုဂ္ဂလိကခရီးသွားလုပ်ငန်း ကုမ္ပဏီများမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး အသေးစိတ်အချက်အလက်ကို အမှတ် (၄၀/၄၂) ဗိုလ်ဆွန်ပက်လမ်းရှိ ဧည့်လမ်းညွှန် သင်တန်းကျောင်းနှင့် အမှတ် (၇၇/၉၁) ဆူးလေဘုရားလမ်းရှိ မြန်မာ့ခရီးသွားလုပ်ငန်း ဌာနတို့၌ မေးမြန်းစာရင်းပေးသွင်းနိုင်သည်။

သင်တန်းကာလ

သင်တန်းတွင် သင်တန်းသား ၆၀ဦး လက်ခံမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းဂျာနယ် ရုံးခန်းဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့က ကြီးမှူးထုတ်ဝေမည့် နိုင်ငံ့ဝန်ထမ်းဂျာနယ်၏ ရုံးခန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် အမှတ်(၆၅) အဝေရာလမ်း တာမွေမြို့နယ်ရှိ ဝန်ထမ်းရေးရာ ဦးစီးဌာန၌ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဂျာနယ် အကြံပေးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းမှ အမှုဆောင် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံ့ဝန်ထမ်းဂျာနယ် စာတည်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

နိုင်ငံ့ဝန်ထမ်းဂျာနယ်နှင့် ဆက်သွယ်လိုပါက စာတည်းအဖွဲ့ နိုင်ငံ့ဝန်ထမ်းဂျာနယ် ဝန်ထမ်းရေးရာ ဦးစီးဌာန အမှတ်(၆၅) အဝေရာလမ်း တာမွေမြို့နယ် ဖုန်း-၅၅၇၃၈၃သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဩဂုတ် ၁၄ ရက်က လှိုင်သာယာမြို့နယ် အထက (၂) ကျောင်း ကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် သွားနှင့်ခံတွင်း ကျန်းမာရေး ပညာပေး ဟောပြောပွဲ ကျင်းပရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ဘွဲ့လွန်ကထိက ဌာနခွဲမှူး ဒေါက်တာ ရွှေမြင့်ဦးက ပညာပေး ဟောပြောစဉ်။ (က-ပ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်ဂေါက်ကွင်း(ဒညင်းကုန်း)တွင် ဦးစီးအရာရှိ ဦးမြင့်ဆွေသည် ဩဂုတ် ၁၉ရက် မွန်းလွဲ ၁နာရီခွဲတွင် ဂေါက်သီးရိုက် ကစားရာ ကျင်းအမှတ်(၄)ကို ၁၆၈ကိုက် အကွာမှ Serixon-1 ဘောလုံးကို Mizuno Iron-7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များအဖြစ် ဒုရဲမှူးကြီးမြင့်လွင်၊ ဒုရဲမှူး ရဲမြင့်နှင့် ဒုရဲမှူး မိုးမောင်သန်းတို့လည်း အတူကစားခဲ့ကြကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနှောဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၄။ နှောဝင်ငြိမ့်စီးသီချင်းကြီး
၄း၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅	၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅	၇။ မျိုးချစ်တပ်မတော်
၄း၅၅	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(စာရင်းအင်းပညာ) (ခ)ဒုတိယနှစ် (အင်္ဂလိပ်စာ)
၅း၃၅	၁၀။ ပညာခေတ်
၅း၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ မြန်မာ့ရှုခင်း
၆း၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည် (အပိုင်း-၈)**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း (အပိုင်း-၁၇) (သဝါဒမွန်ကောင်းကျိုးညွှန်း)**
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း-၂)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၆၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်၊၁၃ရက်၊၁၄ရက် (၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ရက်၊၂၁ရက်၊၂၂ရက်) တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

ဖြေဆို

အဘိဓမ္မာ (ရိုးရိုး)နှင့် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရ ပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ် စာမေးပွဲကို အစိုးရ ပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

ပေးပို့ထား

စာမေးပွဲ ဝင်ခွင့်တောင်းလွှာများနှင့် ကြေညာချက်များကို သက်ဆိုင်ရာ စာဖြေဌာနများတည်ရှိရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့် ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၁

အင်းစိန်မြို့ ရွာမအနောက် ဘုရင့်နောင်လမ်းမကြီး မင်းစေတီလမ်း ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ တော်သလင်းလဆန်း ၁ရက်မှ ၇ရက်(ဩဂုတ် ၂၇မှ စက်တင်ဘာ ၂ရက်)အထိ ခုနစ်ရက် တရားစခန်းကျင်းပမည်ဖြစ်ရာ ရိပ်သာ ပဓာနနာယက၊ မိုးကုတ်နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်က ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဖုန်း-၆၄၀၂၆၇ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၂၆ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း

အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၃ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် သန်လျင်မြို့ သီဟဒီပအားကစားရုံ၌ကျင်းပရာ အခမ်းအနားသို့ ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ရန်ကုန်တပ်နယ်ရှိ ရေတပ်စခန်း ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များနှင့်တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည် မိသားစုများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းကလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုကို အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စု အသင်းကလည်းကောင်း ရရှိသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တံခွန်စိုက်ဆုများနှင့် အကောင်းဆုံး အားကစားသမားဆုများကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ညောင်ကန်အေးရိပ်သာ ဗိမာန်တော်ကြီး မွမ်းမံမှုပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၁

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အမှတ်(၆) အင်းစိန်လမ်းမကြီးပေါ်ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာအတွင်း၌ တည်ဆောက်လျက်ရှိသော ငါးထပ်သာသနာ့သီတလ ဗိမာန်တော်ကြီး ရွှေတိဂုံပုံတူ စေတီတော် စတီးလက်ရန်းဝရန်တာကို ၁၀ပေတစ်ခန်းလျှင် ကျပ် ၂၀၀၀၀၀ ဖြင့်လည်းကောင်း၊ အဆိုပါရင်ပြင်တွင်ခင်းရန် တစ်ပေပတ်လည် နေပူခံ ကျောက်ပြားအချပ် ၂၀၀၀ အတွက် တစ်ချပ်လျှင် ကျပ် ၅၀၀ဖြင့်လည်းကောင်း၊ ဓမ္မဗိမာန်တော်ကြီး၏ လှေကား ၁၆စင်းတို့တွင် စတီးလက်ရန်း တစ်စုံလျှင် ကျပ် ၁၅၀၀၀၀ဖြင့်လည်းကောင်း၊ ရှေ့မျက်နှာစာ ၁၁ပေ X ၂ပေ မြသိန်းတန် အလူမီနီယံ နေကာမှန်တစ်ချပ်လျှင် ကျပ် ၁၀၀၀၀၀ဖြင့်လည်းကောင်း ဝေယျာဝစ္စအဖွဲ့ ဖုန်း-၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကွန်ပျူတာသင်တန်း တန်းခွဲသစ်များဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၁

အလယ်တန်း၊ အထက်တန်းများနှင့် တက္ကသိုလ်ဝင်တန်း ဖြေဆိုသူများ၊ ကွန်ပျူတာကို စိတ်ဝင်စားသူများအတွက် Window's 98၊ အဆင့်မြင့်တန်းများအတွက် D.T.P Course၊ Graphic Design Course၊ စာရင်းကိုင်ပညာရပ်အတွက် Accpac Plus Course၊ အင်ဂျင်နီယာလိုင်းများအတွက် Auto CAD 2000 (Civil Engineering Course & Mechnical Engineering Course)၊ ကွန်ပျူတာစက်ပြင် ဝါသနာပါသူများအတွက် Hardware & System Maintenance Course၊ Software ကို စိတ်ဝင်စားသူများအတွက် C & C++ Course များကို ဘာသာရပ်အလိုက် စနစ်တကျ တတ်မြောက်စေရန် သင်တန်းများကို လစဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ စိတ်ပါဝင်စားသူသည် TT Computerတိုက်(၃) အခန်း(၈) မြို့ပြအိမ်ရာ မြောက်ဘက်ခြမ်း (၈)မိုင် မရမ်းကုန်းမြို့နယ် ဖုန်း-၆၆၃၇၉၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အထက(၂)သာကေတ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် နှမ်းပါး ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ဦးထိန်ဝင်းက ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်စဉ်။ (က-ပ)

ဂျပန်နိုင်ငံမှ ပေးပို့လှူဒါန်းပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ပေးပို့လိုက်သော ဗလာစာအုပ်များကို ဒဂုံမြို့သစ်မြောက်ပိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်မာငွေက မူကြိုနေ့ကလေးထိန်း ကျောင်းများသို့ ဩဂုတ် ၁၉ရက်က ခွဲဝေပေးအပ်စဉ်။ (၃၀၂)

ဟန်မြန်မာအီလက်ထရွန်းနစ် အထူးလျှော့ဈေးရောင်းချမည်

ရန်ကုန် ဩဂုတ် ၂၁

ဟန်မြန်မာ အီလက်ထရွန်းနစ်၏ Digital Home Entertainment Roadshow ကို မြေနီကုန်း ဒဂုန်စင်တာပထမထပ်တွင် ဩဂုတ် ၂၂ရက် (သောကြာနေ့)မှ ဩဂုတ် ၂၄ရက် (တနင်္ဂနွေနေ့)အထိ သုံးရက်တိုင်တိုင် နေ့စဉ်နံနက် ၉နာရီမှ ည ၉နာရီအထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အထူးသရုပ်ပြ ရောင်းချပွဲတွင် နောက်ဆုံးပေါ် ဒီဂျစ်တယ် ဗီဒီယိုကင်မရာများ၊ ဒီဂျစ်တယ် ဓာတ်ပုံကင်မရာများ၊ ရောင်စုံရုပ်မြင်သံကြားစက် အမျိုးမျိုး၊ Hifi ကက်ဆက်နှင့် Home-theater အမျိုးမျိုးကို ခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။ Amazing Clearance Sales-03 အနေဖြင့် Showroom Dsiplay Sets. Model အဟောင်း(ပစ္စည်းအသစ်)များ၊ Mini Hifiကက်ဆက်အမျိုးမျိုး၊ ဗီဒီယိုပြစက်များ၊ ဗီဒီယိုကင်မရာများ၊ ဒီဂျစ်တယ် ဓာတ်ပုံကင်မရာများကို ၁၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်သည်။

ဝယ်ယူနိုင်

စိတ်ပါဝင်စားသူ မည်သူမဆို လာရောက် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို ဖုန်း-၂၅၆၆၂၀၊ ၂၅၆၈၂၅ နှင့် ၂၅၆၈၂၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ငွေနှင့်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၄ရက် နံနက် ၁၀နာရီက ပန်းဘဲတန်းမြို့နယ်ရှိ ကျိုလီယာဂျာမေဗလီ မင်္ဂလာခန်းမ၌ ကျင်းပရာ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များဖြစ်ကြသော ဦးခင်မောင်သန်း၊ ဦးကျော်သောင်း၊ ဦးမောင်မောင်ကြီး၊ ဦးစိုးမြင့်၊ ဦးသိန်းအောင်၊ ဦးညီညီထွန်း၊ ဦးစံလင်း၊ ဦးချိုတူးနှင့် ဦးသန်းမောင်တို့ကလည်းကောင်း၊ အလှူရှင် ဦးတင်မောင်နှင့် ဦးအောင်မြင့်တို့က လည်းကောင်း ငွေကျပ် ၅၆၅၀၀၀ တန်ဖိုးရှိ ရုံးသုံးစက္ကူများ၊ စက်ဘီး ၁၀စီးနှင့် ငွေကျပ် ၄၈၀၀၀၀ တို့ကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့နှင့် ပန်းဘဲတန်းမြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းခဲ့သည်။(သတင်းစဉ်)

ဆေးခြောက်ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဩဂုတ် ၂၁

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များသည် ၂၀၀၂ခုနှစ် ဇူလိုင် ၃၀ရက် မွန်းလွဲ ၂နာရီခွဲတွင် လယ်ဝေးမြို့နယ် သစ်ကြိမ်ကျေးရွာအုပ်စု အောင်ချမ်းသာရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိရသူ စိုးသိန်းနှင့် တင်ဝင်းတို့နှစ်ဦးအား ရှာဖွေရာ ၎င်းတို့၏ခြင်းတောင်းထဲမှ ဆေးခြောက် ၃၃ဒသမ ၄၇၅၀ကီလို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ပိုင်ရှင်ဖြစ်သူ ဟောမာန်ရွာနေ မောင်မြင့်အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ပျဉ်းမနားမြို့နယ် ဘိုမအောက်ရွာနေ ဦးပု၏သား စိုးသိန်း၊ လယ်ဝေးမြို့နယ် ဟောမာန်ရွာနေ ဦးထွန်းရွှေ၏သား တင်ဝင်းနှင့် ဦးစိန်၏သား မောင်မြင့်တို့အား သာဝတ္ထိရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၄/၂၀၀၂၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရအမှုဖွင့်အရေးယူခဲ့သည်။ အမှုကို ရမည်းသင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ခုနှစ် ဇူလိုင် ၃ရက်တွင် တရားရုံးက တရားခံစိုးသိန်းနှင့် တင်ဝင်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅အရ ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၂၅နှစ် ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန်နှင့် တရားခံမောင်မြင့်အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၂၅နှစ်ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။ (သတင်းစဉ်)

အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့် ပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တတိယအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းနှင့် တပ်မတော် အရာရှိကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး(အက)ပြိုင်ပွဲနှင့် မြန်မာ့ဆိုင်းဝိုင်း အတီးပြိုင်ပွဲတို့ ကျင်းပသည်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း တည်ဆောက်မြှင့်တင် ဖွံ့ဖြိုးစည်ပင်



ဒေးဒရဲတံတား

ဧရာဝတီတိုင်း ဒေးဒရဲတံတားကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ ဧရာဝတီတိုင်းမှ ပြည်သူများနှင့် ကုန်စည်များ ပြည်ထောင်စု ဒေသတစ်ဝန်းသို့ ကူးသန်းသွားလာမှု ပိုမိုလုံခြုံ ချောမွေ့လာခဲ့ပေပြီ။ (အပေါ်ပုံ)

[ဓာတ်ပုံမှတ်တမ်း–လှိုင်မိုး(ရွှေအင်းသား)]

ပွန်ချောင်း ရထားတံတား

ရှမ်းပြည်နယ် တိုင်းရင်းသား ပြည်သူတို့အကျိုး သယ်ပိုးဆောင်ကြဉ်းပေးနိုင်မည့် လွိုင်လင်ခရိုင် မောက်မယ်မြို့နယ် ဆိုက်ခေါင်–နမ့်စန် ရထားလမ်းပိုင်း၌ တည်ဆောက်ပြီးစီးနေပြီဖြစ်သော ပွန်ချောင်းတံတား၏ မြင်ကွင်း။ (ယာပုံ)

[ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)]

ပန်းဂျုံစိုက်ခင်း

နိုင်ငံတော်၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားသွေးချင်းတို့ ပါဝင်လက်တွဲ ဆောင်ရွက်လျက်ရှိသည်။ အောက်ပုံတွင် နယ်စပ်ဒေသ လောက်ကိုင်မြို့နယ်၌ ဘိန်းအစားထိုးသီးနှံ ပန်းဂျုံစိုက်ခင်းကို ဤသို့တွေ့ရသည်။

[ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့် (ကြေးမုံ)]



ကျောင်းဆောင်သစ်

နိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်တွင် တိုင်းရင်းသားရင်သွေးငယ်များ အခြေခံပညာများ သင်ကြားနိုင်ရန် အထက ကျောင်းဆောင်သစ် အဆောက်အအုံ တိုးချဲ့ဆောက်လုပ်လျက်ရှိစဉ်။ (အပေါ်ပုံ)

[ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)]

ဓာတ်ပုံ မှတ်တမ်း

သွင်အေး(ကြေးမုံ)
ခရမ်းစိုးမြင့် နှင့်
လှိုင်မိုး(ရွှေအင်းသား)

စိုက်ပျိုးရေးသင်တန်းကျောင်း

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစိုက်ပျိုးရေးသုတေသနခြံတွင် စိုက်ပျိုးရေးဝါသနာရှင်၊ တောင်သူလယ်သမားများနှင့် သင်ကြားလိုသူများအား အခမဲ့သင်ကြားပေးသောစိုက်ပျိုးရေးသင်တန်းကျောင်းကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)

ခေတ်မီစိုက်ပျိုးနည်းပညာများ ဖြန့်ဖြူးပေးနေသည့် ရွှေနံ့သာ စိုက်ပျိုးရေးသင်တန်းကျောင်း

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်
ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သကဲ့သို့ စိုက်ပျိုးရေးသည် နိုင်ငံတော်အတွက် အထူးအရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ စိုက်ပျိုးရေးဆိုရာတွင် စိုက်ခင်းအောင်မြင်ရေးသည် အဓိကဖြစ်သည်။ စိုက်ပျိုးသူတိုင်း စိုက်ခင်းအောင်မြင်ရေးကို အလေးထားသကဲ့သို့ အောင်မြင်သော စိုက်ခင်းဖြစ်လာစေရေးသည် ရောဂါပိုးမွှားကျရောက်မှုမှ ကောင်းစွာကာကွယ်နှိမ်နင်းနိုင်မှသာလျှင် အောင်မြင်သော စိုက်ခင်းဖြစ်လာနိုင်သည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာခြံတွင် သုတေသနပြု စိုက်ပျိုးထားသော ရုံးပတီသီးပင်မှ တစ်ပင်လျှင် ရုံးပတီသီး အသီး ၃၀ မှ ၅၀ ထိ သီးသော မျိုး ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)

စိုက်ပျိုးရေးသမားတစ်ဦးအနေဖြင့် မိမိစိုက်ခင်း အတွင်း ကျရောက်သော ရောဂါနှင့် ပိုးမွှားများကို ခွဲခြားနားလည်နိုင်မှသာလျှင် သင့်တော်မည့်ဆေးကို သုံးစွဲပြီး နှိမ်နင်းမှု ထိရောက်မှုရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်များတွင် အဓိကကျရောက်တတ်သောပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ သီးနှံစိုက်ပျိုးရာတွင် လိုအပ်သော အချက်များကိုလည်းကောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စိန်အင်တာပရိုက်မှ စာတွေ့၊လက်တွေ့ သင်တန်းပေးနေသော မင်္ဂလာဒုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရွှေနံ့သာခြံသို့ ကြေးမုံအဖွဲ့မကြာမီက သွားရောက်လေ့လာခဲ့သည်။

သင်တန်းဖွင့်

ကြေးမုံသတင်းအဖွဲ့အား ရွှေနံ့သာခြံမှ စိန်အင်တာပရိုက် အုပ်ချုပ်မှုဒါရိုက်တာဦးစိန်ဦးက သိရှိလိုသမျှရှင်းလင်းပြောကြားရာတွင် "စိန်အင်တာပရိုက်သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သောလုပ်ငန်းကို ၁၉၉၄ ခုနှစ်တွင် စတင်လုပ်ခဲ့ကြောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ရွှေနံ့သာခြံ ဧက ၆၀တွင် လုပ်ငန်းစတင်၍ သီးနှံစိုက်ပျိုးရေးပညာသင်တန်းကျောင်း ဖွင့်၍ စိုက်ပျိုးရေးနည်းပညာများကို တရုတ်(တိုင်ပေ))မှ စိုက်ပျိုးရေးပညာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် သင်တန်းဖွင့်ခဲ့ကြောင်း။

သင်တန်းသို့ စိုက်ပျိုးရေးနည်းပညာသင်ကြားလိုသော တောင်သူလယ်သမားများ၏ သားသမီးများ၊ ပြင်ပစီးပွားရေးပညာရှင်များ၊ အလုပ်သမားများ၏ သားသမီးများကို တစ်ကြိမ်လျှင် သင်တန်းသား ၄၀ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းကျောင်းအုပ်ကြီးမှာ Thai Kuang International Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Kuo Kun Shin ၏ ကြီးကြပ်မှုဖြင့် ပြည်ပမှ စိုက်ပျိုးရေးပညာရှင်များက သင်ကြားပို့ချကြောင်း။

သင်တန်းသို့ မြန်မာစာ ရေးတတ်၊ ဖတ်တတ်လျှင် လက်ခံသင်ကြားပေးခဲ့ရာ သင်တန်းအကြိမ်ပေါင်း (၁၁) ကြိမ်ရှိပြီဖြစ်ကြောင်း၊ သင်တန်းတစ်ကြိမ်လျှင် သုံးလကြာ စာတွေ့နှင့်လက်တွေ့ သင်ကြားပေးခဲ့ရာ ပြီးခဲ့သောသင်တန်းများတွင် တပ်တွင်းစိုက်ပျိုးရေးအတွက် တိုင်းစိုက်ပျိုးရေးများမှ တပ်မတော်သားများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ စေလွှတ်သူများ၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးအဖွဲ့များမှ ပညာသင်များပါ တက်ရောက် သင်ကြားခဲ့ကြကြောင်း။

အခမဲ့သင်ကြား

သင်တန်းတွင် စားသောက်နေထိုင်ရေးမှအစ အခမဲ့သင်ကြားပေးကြောင်း၊ မိမိတို့သင်တန်းမှရရှိသော ပညာများဖြင့် မိမိတို့ဒေသများတွင် စိုက်ပျိုးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းဆင်းသွားသော သင်တန်းသားများအား သီးနှံမျိုးစေ့များကို စိုက်ပျိုးစားသောက်နိုင်ရန် အခမဲ့ပေးလိုက်ကြောင်း၊ သင်တန်းသားများအချို့မှာ ချို့တဲ့ကြသည့်အလျောက် သင်တန်းဆင်းသွားပြီးနောက် သင်တန်းမှပေးလိုက်သော မျိုးစေ့များဖြင့်သစ်သီးဝလံ စိုက်ပျိုးစားသောက်သဖြင့် အရင်းအနှီးများရရှိပြီး ဆက်လက်လုပ်ကိုင်စားသောက် နေထိုင်နိုင်ကြကြောင်း။

၎င်းတို့၏ သင်တန်းမှ သင်ကြားပေးလိုက်သော ပညာဖြင့် စိုက်ပျိုးလုပ်ကိုင် စားသောက်ကြခြင်းကြောင့် ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တရုတ်(တိုင်ပေ) ဖရဲသီး၊ သခွားချိုသီး၊ ခရမ်းချဉ်သီး၊ သင်္ဘောသီး၊ မုန်ညင်း၊ ဘူးသီး၊ ငရုတ်သီးများ ရောင်းချပေးလျက်ရှိကြောင်း၊ ဖရဲသီးဆိုလျှင်နှစ်လုံးပေါက်ဝယ်ယူစားသောက်နိုင်အောင်မျိုးပြန့်ပွားရောင်းချလျက် ရှိကြောင်း"ဖြင့် ကြေးမုံသို့ ရှင်းပြသည်။

ရွှေနံ့သာခြံစိုက်ပျိုးရေးကျောင်းတွင် မြေဧက ၄၀ ခန့်တွင် စပါးနှင့် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးခြင်းဖြင့် သုတေသနလုပ်ခဲ့သည်။ စပါးကို (မိုးကာလ)မေလမှ စက်တင်ဘာလထိ စိုက်ပျိုး၍ စပါးပြီးလျှင် သီးနှံများ စိုက်ပျိုးသည်။ စပါးမှာ တရုတ်(တိုင်ပေ) စိုက်လှိုင်မျိုးစပါးဖြစ်၍ စတင်စိုက်ချိန်မှ သုံးလခန့်တွင် စပါးရိတ်သိမ်းနိုင်ကြောင်း၊ စိုက်လှိုင်မျိုးမှာ တရုတ်(တိုင်ပေ)မှ ဂျပန်သို့တင်ပို့ရောင်းချသော မျိုးဖြစ်သည်။ စိုက်လှိုင်မျိုးစပါးမှာ သုံးလတွင် စပါးရိတ်သိမ်းနိုင်ပြီး နောက်တစ်ကြိမ် ထပ်မံစိုက်နိုင်သောကြောင့် မိုးရာသီတွင် နှစ်ကြိမ်စိုက်ပျိုးနိုင်ကြောင်း၊ တရုတ်(တိုင်ပေ)စပါးမျိုး စိုက်ပျိုးခြင်းဖြင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချ၍ နိုင်ငံခြားငွေရနိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်မြင်ဖြစ်ထွန်းနိုင်

ရှင်းလင်းပြသ ပြောကြားသောဦးစိန်ဦးအားသင်တန်းတွင် အခမဲ့သင်ကြားပေးခြင်း၊ မျိုးများပွားပေးခြင်း၏ ရည်ရွယ်ချက်ကိုမေးကြည့်ရာ "မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းတွင် အိမ်နီးချင်း ထိုင်းနိုင်ငံကဲ့သို့ မြန်မာလူမျိုးတို့လုပ်လျှင် အောင်မြင်ဖြစ်ထွန်းနိုင်ကြောင်း ပြသလိုသဖြင့် ပြည်ပမှ စိုက်ပျိုးရေးပညာရှင်များ၏ အကူအညီကိုရယူကာ ခေတ်မီစိုက်ပျိုး နည်းပညာ၊ မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးနည်းပညာ ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း။

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစိုက်ပျိုးရေးသုတေသနခြံတွင် သုတေသနပြု စိုက်ပျိုးသော တရုတ်(တိုင်ပေ) စိုက် လှိုင်မျိုးစပါးပင်များမှာ စပါးနှံများဖြင့် လှပပြည့်ဖြိုးစွာ ဖြစ်ထွန်းလျက်ရှိပြီး သက်တမ်း သုံးလသာ ရှိသည်ကို ဩဂုတ် ၁၆ ရက်က ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-အောင်မိုး၊ ကြေးမုံ)

မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးသော်လည်း နည်းပညာမမှန်လျှင် အကျိုးဖြစ်ထွန်းမည် မဟုတ်သောကြောင့် စိုက်နည်းအမှန်ကို တောင်သူများ၊ မျိုးဝယ်သူများ သိရှိအောင် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အခမဲ့သင်ပေးခြင်းဖြင့် မည်သို့အကျိုးအမြတ်ရသည်ဆိုသည်ကို ပညာသင်ကြားပေးရာတွင် စာတွေ့၊ လက်တွေ့ သင်ကြားပေးသဖြင့် သင်တန်းသားများ စိုက်ပျိုးသော သီးနှံများကို ပြန်ရောင်းခြင်းဖြင့် အခမဲ့သင်ကြားပေးသည့် ကုန်ကျစရိတ် ပြန်ရကြောင်း။

ရေရှည်လုပ်ငန်း

စိုက်ပျိုးရေးပညာ လာရောက်သင်ကြားသူများသည် သီးနှံစိုက်ပျိုးရေး ဆက်လက်လုပ်ကိုင်ကြခြင်းဖြစ်၍ သီးနှံမျိုးများဝယ်ယူကြသဖြင့် ထိုက်သင့်သော အကျိုးအမြတ်ကိုလည်း ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် ချက်ချင်းစီးပွားဖြစ်သောလုပ်ငန်းမဟုတ်ဘဲ ရေရှည် ငါးနှစ်၊ ၁၀ နှစ်တန်သည် အချိန်ယူလုပ်ရသောလုပ်ငန်းဖြစ်၍ ရေရှည်အကျိုးစီးပွားကို ဖြစ်စေနိုင်သောကြောင့် နိုင်ငံလည်းအကျိုးရှိ မိမိတို့လည်း သင့်တင့်သောအကျိုးစီးပွားရမည် ဖြစ်ကြောင်း"ဖြင့် ကြေးမုံသို့ ပြောကြားလိုက်သည်။ ။ **(ကြေးမုံ)**

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစိုက်ပျိုးရေးခြံ၌ တရုတ်(တိုင်ပေ)မှ မျိုးယူစိုက်ပျိုးသည့် ချွမ်ချီသစ်ပင်များကိုတွေ့ရသည်။ ချွမ်ချီအရွက်သည် ကြော်စားရပြီး မျက်စိကြည်လင်ခြင်း၊ အသည်းကောင်းခြင်းတို့ကို အကျိုးပြုသည်။

ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)

ဝါတွင်း သဲအင်းဂူဝိပဿနာတရားပွဲ

ရန်ကုန် ဩဂုတ် ၂၁

ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ သမထ၊ ဝိပဿနာတရားတော်များကို သဲအင်းဂူဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော သဲအင်းဆရာတော်ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း) အရှင်သူမြတ်ကြီးသည် ဝါတွင်းသုံးလပတ်လုံး တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် (၈)လမ်း ဝေဇယန္တာဓမ္မာရုံ၌ ဥပုသ်နေ့တိုင်း ညနေ ၃နာရီမှ ၅နာရီထိ ခန္ဓာကိုယ်တွေ့ဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို ကြွရောက် တရားအားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၁

Basic English Speaking Skillsနှင့် Professional English Speaking Skills သင်တန်းများကို P.D.C မှ နိုင်ငံခြားတွင် သင်ကြားပို့ချခဲ့သော ဝါရင့်ဆရာများ ကိုယ်တိုင်သင်ကြားသည့် ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းများတွင် ပြောဆိုနိုင်ရန်အတွက် ဩဂုတ်လ တတိယပတ်နှင့် စက်တင်ဘာ ပထမပတ်တွင် သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။ တနင်္လာနေ့မှ စနေနေ့အထိ မွန်းလွဲပိုင်း၊ ညနေပိုင်းတွင် သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက အောင်လက်မှတ်ထုတ်ပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် သင်တန်းသား ဦးရေကန့်သတ်ထား၍ ဖုန်း–၂၅၃၁၆၄၊ ၇၀၉၆၀၇ နှင့် ၂၈၅၃၃၃ အိုလံပစ်တာဝါ(၁) ကိုးလွှာ အခန်း ၉၀၁ ဗိုလ်အောင်ကျော်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရွှေကံ့ကော် ပဋ္ဌမတန်းသချင်္ချာ ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၁

ရွှေကံ့ကော် ပညာရေးဝန်ဆောင်စာပေမှ သင်ထောက်ကူပြုစာအုပ်များ ထုတ်ဝေဖြန့်ချိလျက်ရှိရာ ဆရာဦးဗိုထွန်း B.Sc., B.Ed ရေးသားပြုစုသည့် ရွှေကံ့ကော် ပဋ္ဌမတန်းသချင်္ချာ အတွဲ(၁)၊ (၂) တွက်နည်းစုံ သင်ရိုးကုန်စာအုပ်ကို အမှတ်(၆၅)ဘဏ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း–၇၀၀၇၄၁နှင့် ၇၂၀၇၇၅တို့က ဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က–ပ)

ဘာသာရေးအနှစ်သာရများ စာစဉ်(၁) ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၁

ဦးတင်အောင်ကျော် အမှတ်(၈၅) ၅၆လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့မှ ပုံနှိပ်ပြီး ဦးကျော်ဟင်း ယုံကြည်ချက်စာပေ အမှတ်(၁၁၁) ၃၃–လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိလိုက်သည့် ဆရာတော်ဘဒ္ဒန္တ နန္ဒသေနာလင်္ကာရ (အရှင်နန္ဒသေနာလင်္ကာရ၊ သာမဏေကျော်၊ အစိုးရဓမ္မာစရိယ၊ တက္ကသိုလ မဟာဓမ္မာစရိယ–M.A)၏ ဘာသာရေးအနှစ်သာရများ စာစဉ်(၁)စာအုပ် **(အပေါ်ပုံ)**ကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ရတနာ့ဝါဒီ ပိဋကတ်စာအုပ်ဆိုင်နှင့် ကမ္ဘာအေးစေတီတော် မုခ် ပါရမီစာပေတိုက်တို့တွင် ဝယ်ယူပူဇော်နိုင်ကြောင်း သိရသည်။ (က–ပ)



* ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အစိုးရနှင့် ပြည်သူ ကြည်ဖြူစွာ နေ့မအား၊ ညမနား လက်တွဲဖော်ဆောင်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားတို့က ပြည်ထောင်စု ပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရေး လုပ်ငန်းများကို အခွင့်သာလျှင် သာသလို ကျားကုတ်ကျားခဲ ကြိုးပမ်းနေကြသည်–
* ခေတ်သစ်နယ်ချဲ့နိုင်ငံများကလည်း အမျိုးသားသစ္စာဖောက်များကို အလိုလိုက် အကြိုက်ပေး မွေးမြူကာ လိုသလို အသုံးချနေကြသည်–
* ပြည်ပအသံလွှင့်အချို့ကလည်း မဟုတ်မဟတ်လုပ်ဇာတ်များကို အချိန်ရှိသရွေ့ ထုတ်လွှင့်နေကြသည်–
* ဤသို့ အပြုသမားအင်အားစုအား အဖျက်သမားတို့၏ နှောင့်ယှက်နေသည့် လုပ်ရပ်များကို အများပြည်သူတို့ မျက်ခြည်မပြတ်စေဖို့ မီးမောင်းထိုးဖော်ပြထားသည့်

ဂုဏ်ပြုခံပင်လုံ သို့မဟုတ် ပြည်ထောင်စု၏ နှလုံးသားနှင့် လက်ရွေးစင်ဆောင်းပါးများ



ဖြန့်ချိလိုက်ပါပြီ။

ရောင်းဈေး ကျပ် ၂၀၀

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါပြီ။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ဖုန်း–၂၉၄၃၀၆။

၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ဆောင်ရွက်ရန်ဖြစ်သော ကျောင်းကျန်းမာရေး သီတင်းတစ်ပတ်လှုပ်ရှားမှုကို အမက(၂) ကမာရွတ်တွင် ဆောင်ရွက်ကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ ကြည့်ရှုအားပေးစဉ်။ (က–ပ)

ရန်ကုန်တက္ကသိုလ် Student's Guide Economics ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များက



စီစဉ် ရေးသားလမ်းညွှန်သည့် Student's Guide ဘာသာစုံ သင်ရိုးကုန်စာစောင်များကို တစ်ဘာသာချင်းအလိုက် နှစ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခု ၂၀၀၃–၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း (ဒသမတန်း) ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဘောဂဗေဒ ဘာသာရပ် သင်ရိုးကုန် စာအုပ်ကို ယနေ့ ထုတ်ဝေ ဖြန့်ချိထားသည်။ ဦးမင်းဦး ဌာနမှူး(သင်တန်းရေးရာ) ဘွဲ့နှင်းသဘင် အဆောက်အအုံ ရန်ကုန်တက္ကသိုလ် ဖုန်း–၅၃၆၅၀၃သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(ဝဲပုံ)** (က–ပ)

ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု ပြပွဲပြိုင်ပွဲကို တာမွေ အထက(၁)၌ ဩဂုတ်၁၅ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စုနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။ (က–ပ)

ရှမ်းပြည်နယ် သမဝါယမဈေးပွဲတော် ညောင်ရွှေ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

ရှမ်းပြည်နယ် သမဝါယမဈေးပွဲတော်အား ရှမ်းပြည်နယ် ညောင်ရွှေမြို့ အလက(၂) စုဝေးကွင်းတွင် စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၄ရက်အထိ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်အတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပံ့ပိုးခွင့်ပြုမှု၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီပံ့ပိုးဖြင့် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနနှင့် ရွှေရည်လွှင်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့ ပူးပေါင်းစီစဉ်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ရောင်းချသွားမည်

ရှမ်းပြည်နယ် သမဝါယမဈေးပွဲတော်ကို ညောင်ရွှေမြို့၏ စည်ကားခမ်းနားမှု အရှိဆုံး အချိန်ကာလ၌ အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျခမ်းနားစွာ ပြုလုပ်မည်ဖြစ်သည်။ ယင်းဈေးပွဲတော်ကြီး၌ အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများ၊ သမဝါယမထုတ်ကုန်များ၊ လက်မှုပညာထုတ်ကုန်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သွင်းကုန်၊ထုတ်ကုန်များ၊အလှကုန်ပစ္စည်းများ စားသောက်ကုန်ပစ္စည်းများ၊ အချိုရည်များ၊ဆေးနှင့်ဆေးပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများ၊ မီးဖိုချောင်သုံးကုန်ပစ္စည်းများ၊ ကော်ဖီမစ်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ၊ အမျိုးသမီးဝတ်ဖက်ရှင်ဒီဇိုင်း၊ အမျိုးသားဝတ် အကျႌအင်္ကျီဘောင်းဘီများ၊စက်နှင့်စက်ပစ္စည်းများ၊ဒေသတွင်းထွက်ကုန်များ၊ လူနေမှုအဆင့်အတန်းမြင့် လူသုံးအိမ်သုံးပစ္စည်းများ၊ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်ပစ္စည်းများ စုံလင်စွာခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

အဆိုပါဈေးပွဲတော်ကြီးကို နံနက် ၉နာရီမှ ည၉နာရီအထိ ငါးရက်တိုင်တိုင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်ကြမည်ဖြစ်သည်။ ဈေးပွဲတော်လာ ဧည့်သည်များအား အရောင်းပြခန်းများမှ ကံစမ်းမဲများ၊ လက်ဆောင်ပစ္စည်းများ ပေးအပ်၍

ရေစုပ်စက်များ အထူးဈေးနှုန်းဖြင့် ရောင်းချ

ရန်ကုန် ဩဂုတ် ၂၁

UniTrade(M)Ltd., မှ Pedrollo ရေစုပ်စက်မျိုးစုံကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ အဆိုပါ အထူးဈေးနှုန်း ချိုသာစွာရောင်းချပေးမည်ဖြစ်သည်။ ဖျော်ဖြေရေး အစီအစဉ်များအား ရောင်းအား မြင့်တင်ရေး သရုပ်ဆောင်များ၏ ကြော်ငြာ သရုပ်ဖော် အစီအစဉ်များ၊ ပရိသတ်အကြိုက် အစီအစဉ်များနှင့် နေ့စဉ်ဖျော်ဖြေပေးမည်ဖြစ်သည်။

ပါဝင်ပြသရောင်းချရန် စိတ်ပါဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များသည် အရောင်းပြခန်းများ နေရာချထားရေးအဖွဲ့ နေလကော်မာရှယ် ကုမ္ပဏီလီမိတက်ရုံးခန်း အမှတ်(၂၅) ၁၀၁ လမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၂၀၀၁၄၆ ကတစ်ဆင့် အမြန်ဆုံးကြိုတင် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က–ပ)

ရေစုပ်စက်များကို တစ်နှစ်အာမခံ သက်တမ်းပေးပြီး လိုအပ်သည့် အပိုပစ္စည်းနှင့် စက်ပြုပြင် ထိန်းသိမ်းခြင်းများကို ဝါရင့်အတွေ့အကြုံရှိသော အင်ဂျင်နီယာများမှ စိတ်တိုင်းကျသည်အထိ ပြုပြင်တပ်ဆင် ဆောင်ရွက်ပေးနေသည်။

ဝယ်ယူရရှိနိုင်

လိုအပ်ပါက Pedrollo ရေစုပ်စက် အရောင်းပြခန်းများဖြစ်သော (ရန်ကုန်) အမှတ်(၂၃၂) အနော်ရထာလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း–၀၁–၂၅၄၈၁၄၊ ၂၅၃၁၉၈ တိုက်(၁) အခန်း (၁၊၂) ဗိုလ်တထောင် ဘုရားလမ်း ပုဇွန်တောင်မြို့နယ်၊ ဖုန်း–၀၁–၂၉၆၇၇၈၊ ၂၉၃၁၄၃၊ ၂၉၃၁၄၅ နှင့် (မန္တလေး) အမှတ်(၂၀၈) ၈၃လမ်း (၂၆လမ်းနှင့်၂၇လမ်းကြား) ဖုန်း–၀၂–၃၂၄၃၁တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်းသိရသည်။ (က–ပ)

ဦးဇော်ဇော်အတွက် မွေးနေ့ဆုမွန်

ချစ်ဖေဖေ ဦးဇော်ဇော် (Chairman)

Max Myanmar Group of Companies ၏ ၂၂-၈-၂၀၀၃နေ့တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်အထိ ချစ်ဇနီး၊ ချစ်သမီး၊ ချစ်သားတို့နှင့်အတူ အောင်မြင်ပြည့်စုံမှုများစွာကို ရယူပိုင်ဆိုင်၍ အေးချမ်းသာယာပြီး ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ---။

ချစ်ဇနီး-ဌေးဌေးခိုင်
ချစ်သမီး-အိမ့်မှူးဇော် (မှူးမှူး)
ချစ်သားလေး-ဂျူနီယာဇော်ဇော်။

(၄)နှစ်မြောက် မွေးနေ့ဆုမွန်လွှာ

ဖေဖေ၊ မေမေတို့၏ တစ်ဦးတည်းသောသား **မောင်ဥက္ကာကျော်** (Mg Okk Karr Kyaw) ၏ ၂၂-၈-၂၀၀၃ ရက်တွင် ကျရောက်သော (၄)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်မှုများ ရရှိနိုင်ပါစေ---။

ဖေဖေ - ဦးမင်းခိုင်(အတွင်းရေးမှူး၊ မယက၊ မိုးကောင်းမြို့)
မေမေ - ဒေါ်သန်းသန်းဌေး။

ရန်ကုန်စီးပွားရေးတက္ကသိုလ် ကြေညာချက်

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမျိုးအစား

(က) Higher Diploma in Business Studies (HDBS)
(ခ) Higher Diploma in Accounting Studies (HDAS)

၂။ အဆိုပါသင်တန်းများအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ CBS, CABS နှင့် DBS သုံးမျိုးလုံးအောင်မြင်ထားသူများ သို့မဟုတ် CBK, CAA နှင့် DFA သို့မဟုတ် DMA သုံးမျိုးလုံး အောင်မြင်ထားသူများ လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်လွှာစတင်ရောင်းချမည့်နေ့ - ၂၀-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့)
၄။ သင်တန်းစမည့်နေ့ - ၁၁-၉-၂၀၀၃ (ကြာသပတေးနေ့)
၅။ ဆက်သွယ်ရန်လိပ်စာ - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
၆။ အသေးစိတ်သိလိုပါက ဖုန်း - ၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၅၃၆၄၃၆၊ ၆၆၂၅၁၅၊ ၇၂၆၄၅၁၊ ၇၂၆၄၅၂သို့ စုံစမ်းနိုင်ပါသည်။

၇။ သင်တန်းအမျိုးအစားလိုက် သင်တန်းသား ဦးရေ ကန့်သတ်ထားပါသည်။

ရဲမြင့်၊ ဌာနမှူး(သင်တန်းရေးရာ)
ရန်ကုန်စီးပွားရေးတက္ကသိုလ်။

ရောင်းရန်ရှိသည်

လက်ရှိပြေးဆွဲလျက်ရှိသော EK အင်ဂျင်နှစ်လုံးတပ် ခရီးသည်နှင့် ကုန်တန်ချိန် ၂၀၀ကျော်ခန့် တင်ဆောင်နိုင်သော လူစီးကုန်တင်နှစ်ထပ်သင်္ဘော တစ်စင်း ရောင်းရန်ရှိပါသည်။

ဆက်သွယ်ရန်
ဖုန်း-၂၀၂၅၄၀၊ ၂၉၈၉၄၃၊ ၀၉-၅၀-၀၀၅၆၃။

မွေးနေ့ဆုတောင်း

ဦးဇော်ဇော် (Chairman) Max Myanmar Co.,Ltd. ၏ ၂၂-၈-၂၀၀၃နေ့တွင်ကျရောက်သောမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ပျော်ရွှင်ချမ်းမြေ့၍ အောင်မြင်မှုများစွာ ရယူပိုင်ဆိုင်နိုင်ပါစေ---။

Max Myanmar Co., Ltd.ဝန်ထမ်းများ။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ **မော်တော်ယာဉ်မှူး (MTO)** ကျား/မ (၁)ဦး
-တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
၂။ **ယာဉ်ပြင်တာဝန်ခံ** ကျား/မ (၁)ဦး
-A.G.T.I-M.P(သို့) B.E-Mechanical ဖြစ်ရမည်။
၃။ **စက်ပြင်** ကျား (၃)ဦး
-လုပ်သက်အနည်းဆုံး (၃)နှစ်ရှိရမည်။
၄။ **ရုံးဝန်ထမ်း** ကျား/မ (၁)ဦး
-၁၀တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
၅။ **ယာဉ်မောင်း** ကျား (၅)ဦး
-ယာဉ်မောင်းသက် အနည်းဆုံး(၃)နှစ်ရှိရမည်။
၆။ **စတိုတာဝန်ခံ** ကျား/မ (၃)ဦး
-မော်တော်ယာဉ်ပစ္စည်းများအကြောင်းနားလည်သူဖြစ်ရမည်။
၇။ **လုံခြုံရေးဝန်ထမ်း** ကျား (၃)ဦး
-လုံခြုံရေးတာဝန်ထမ်းဆောင်ဖူးသူကို ဦးစားပေးမည်။

ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လိုင်စင်ဓာတ်ပုံ၊ အလုပ်သမားမှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်၊ မှတ်ပုံတင်မိတ္တူများ၊ စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ လျှောက်ထားနိုင်ပါသည်။

အမှတ်(၂၇)၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်။

Amazing Holidays
Your perfect holidays maker
(Salary in Kyats) ပြည်တွင်း၌သာခန့်ထားရန်

Hotel ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အတွေ့အကြုံရှိ အောက်ပါဝန်ထမ်းများ အလိုရှိသည်။

1. Civil Engineer	**(M/ F)**	**3 - Posts**
2. Electrical Engineer	**(M/ F)**	**1 - Post**
3. Electrician	**(M)**	**3 - Posts**
4. Plumber	**(M)**	**2 - Posts**
5. Driver(အိမ်ကား)		**2 - Posts**

အမှတ်စဉ်(၁)မှ (၄)အထိ လျှောက်ထားသူများသည် နယ်များတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ပတ်စ်ပို့ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မျှော်မှန်းလစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှတစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

Amazing Holidays အမှတ်(၈)၊ ပြည်လမ်း၊ (၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ် ထ/၄၄၈၉၊ ဆ/၁၆၅၇၊ ခ/၇၀၇၂ လက်ဝယ်ရှိသူ ဦးမြင့်သိန်း[၉/မထလ(နိုင်) ၁၁၈၆၇၃]မှ ဆက်လက်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်(၁၅)ရက် အတွင်း ကညန(ခရိုင်ရုံး) မိတ္ထီလာတွင် ကန့်ကွက်နိုင်ပါကြောင်း။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊(ခရိုင်ရုံး)မိတ္ထီလာမြို့။**

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်နှင့်အမှတ်အသားများသည် အမှတ်(၁၀၅) ဥဒေါင်းထောင် ကုန်သည်လမ်း [illegible] Shwe Super Light Co., Ltd. မှ [illegible]

မှတ်ပုံတင်သည့်နေ့ရက်နှင့် စာချုပ်အမှတ်	ကုန်အမှတ်တံဆိပ် အမည်နှင့် အမှတ်အသား	မှတ်ပုံတင်သည့်နေ့ရက်နှင့် စာချုပ်အမှတ်	ကုန်အမှတ်တံဆိပ် အမည်နှင့် အမှတ်အသား
16.1.2003 (243)	CALCIUM ကယ်(လ်)စီယမ်	4.3.2003 (1374)	CALCIUM VITAMIN ကယ်(လ်)စီယမ် ဗီတာမင်
15.1.2003 (249)	CALCIUM + ကယ်(လ်)စီယမ် +	4.3.2003 (1373)	CALCIUM VITAMIN D ကယ်(လ်)စီယမ် ဗီတာမင် ဒီ
3.3.2003 (1364)	CALCIUM B6 ကယ်(လ်)စီယမ် ဘီ(၆)	4.3.2003 (1365)	CIAL CALCIUM စီရယ် ကယ်(လ်)စီယမ်
3.3.2003 (1375)	CALCIUM B12 ကယ်(လ်)စီယမ် ဘီ(၁၂)	14.1.2003 (247)	ENERGY CALCIUM စွမ်းအား ကယ်(လ်)စီယမ်
3.3.2003 (1372)	CALCIUM CEREAL ကယ်(လ်)စီယမ် စေရီယာ	14.1.2003 (251)	MILK CALCIUM နို့ ကယ်(လ်)စီယမ်
15.1.2003 (245)	CALCIUM GOLD ကယ်(လ်)စီယမ် ရွှေ	15.1.2003 (250)	POWER CALCIUM ပါဝါ ကယ်(လ်)စီယမ်
3.3.2003 (1367)	CALCIUM ONE ကယ်(လ်)စီယမ် ဝမ်း	14.1.2003 (242)	STRONG CALCIUM စတောင်း ကယ်(လ်)စီယမ်
14.1.2003 (246)	CALCIUM PLUS ကယ်(လ်)စီယမ် ပလပ်စ်	16.1.2003 (248)	SUPER CALCIUM စူပါ ကယ်(လ်)စီယမ်
3.3.2003 (1371)	CALCI VITA ကယ်(လ်)စီ ဗိုက်တာ	15.1.2003 (244)	VITA CALCIUM ဗိုက်တာ ကယ်(လ်)စီယမ်

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်နှင့် အမှတ်အသားများဖြင့် -
[illegible] Coffeemix, Cereal, Cerealmix, Lemon Tea, Teamix [illegible] 2 in 1, 3 in 1, 4 in 1 [illegible] Cheese, Cracker, Cake, [illegible]

[illegible]

Shwe Super Light Co., Ltd. ၏ [illegible]



အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

* **Driver** 3 **(Male)**

ကျန်းမာသန်စွမ်းပြီး ဖျတ်လတ်၍ ယာဉ်မောင်းကျွမ်းကျင်သူ ဦးစားပေးမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် လိုအပ်သော အထောက်အထားများအားလုံးယူဆောင်၍ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက် လျှောက်ထားနိုင်ပါသည်။

Concordia Int'l Ltd.

၅ထပ်၊ ရွှေဂုံပလာဇာ၊ ရွှေဂုံတိုင်မီးပွိုင့်၊ ဗဟန်း၊ ရန်ကုန်မြို့။
ဖုန်း - ၇၂၀၈၃၈။

Yan Aung

ကားမျိုးစုံငှားရမ်းနိုင်ပါသည်။ (၂၄-နာရီ)
☎ ၂၅၆၃၉၉၁၊ ၂၅၆၃၉၉၀

TANDEM

CAR RENTAL
☎ 298472 / 297201
09-8030239

UNE HOLDINGS

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်မှ ထုတ်လုပ်သည်။

ပဒုမ္မာဆပ်ပြာ

BEST QUALITY

- ❖ အဝတ်လျှော်ဆပ်ပြာ (Laundry Soap)
- ❖ ကိုယ်တိုက်ဆပ်ပြာ (၇၀ ဂရမ်) (Perfume Soap)
- ❖ ကိုယ်တိုက်ဆပ်ပြာ (၁၀၀ ဂရမ်) (Perfume Soap)

- ❀ အရည်အသွေးမှာ အကောင်းဆုံး
- ❀ သုံးစွဲမှုမှာကျေနပ်မှု အရှိဆုံး
- ❀ ဈေးနှုန်းမှာသက်သာမှု အရှိဆုံး
- ❀ ပဒုမ္မာဆပ်ပြာဟာ အထူးခြားဆုံး

မည်သူမဆို လက်လီ/ လက်ကားဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ : အမှတ် (၁၈၉/ ၁၉၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၉၀၇၉၈၊ ၂၀၂၆၁၈

ပဒုမ္မာဆပ်ပြာစက်ရုံ : သံဖြူကုန်းကျေးရွာ၊ ပေါင်မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်။ ဖုန်း – ၀၅၇-၂၄၈၁၉

ငွေရှန် အကောင်းဆုံးအဆင့်မြင့်ငံပြာရည်

သင့်ဟင်းအိုးထဲကို ငွေရှန်ငံပြာရည် တစ်စက်ချလိုက်ပါ

အမြဲတမ်းအတွက် အရသာရှိနေတော့မှာ – – –ယုံ– – ယုံရင်သုံးကြည့်– –

ငွေရှန်ငံပြာရည်၏အာနိသင်

သန့်ရှင်းလတ်ဆတ်သော ငါး၊ ပုစွန်များဖြင့် ခေတ်မီနည်းစနစ်တကျ အသင့်စားသုံးရန်အဆင့်ထိ ပြုလုပ်ထားပြီး သယ်ယူ ထိန်းသိမ်းမှုလွယ်ကူခြင်း၊ အနံ့အသက် ကောင်းမွန်ခြင်း၊ အရသာ ကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံပါသည်။



ငါးပိ၊ ငါးခြောက်၊ ငါးဆားနယ်၊ ငံပြာရည်စက်ရုံ

အမှတ်(၁၈၉)၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပစက်မှုဇုန်

မြန်မာတစ်ပြည်လုံးမှ ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ပါ။

ဖုန်း–၆၉၀၄၇၇၊ ၅၄၇၄၅၈၊ ၀၉ ၈၀ ၃၄၁၂၀၊ ၀၉ ၅၀ ၁၆၁၈၀။

[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက ရေမြေကျူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်စိုးဝေထွန်း[၁၄/ကလန(နိုင်)၀၉၂၃၅၁] သည် မိဘစကားနားမထောင်သည့်အပြင် မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

ဖခင် – ဦးခင်စိုး။

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးတင်အောင်ရွှေ [၁၂/ တမန(နိုင်)၀၆၇၁၄၆]၊ မှတ်ပုံတင်အမှတ်– [L/RGN – ၀၃၆၀၇၆]၏ နိုင်ငံသားကတ်ပြား ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း – ၅၇၈၁၅၄၊ ၇၂၃၂၁၂။

ခွေးရောင်းရန်

နိုင်ငံခြားခွေးကြီးမျိုး (Import)နှင့် အင်းခွေး အမတို့မှပေါက်သော ကြီးထွားသန်မာသည့် ခြံစောင့်လုံခြုံမှုအတွက် အားကိုးရသည့် ခွေးကြီးမျိုး (၂)လသားပေါက်များ ဦးရာလူရမည်။

အမှတ်(၁၁၉၆)၊ ခ/၁လမ်း၊

မြို့သစ်၊ အင်းစိန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
(၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း
ကြေညာချက်

(၂၀၀၂–၂၀၀၃)ခု ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ် မတ်လနှင့်ဇွန်လတို့တွင်ကျင်းပခဲ့သော စတုတ္ထနှစ် (ဘောဂဗေဒ/ ဝါဏိဇ္ဇဗေဒ/စာရင်းအင်းပညာ) စာမေးပွဲအောင်မြင်ထားသူများ၊ ၂၀၀၂ခုနှစ် အောက်တိုဘာလ (၈)ရက်နောက်ပိုင်း မဟာဘွဲ့သင်တန်းအသီးသီးအောင်မြင်ထားသူများ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့၊ အပတ်စဉ်(၇)မှ အောင်မြင်ထားသူများ၊ ဒီပလိုမာ အောင်မြင်ထားသူများ၊ ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာဒုတိယအပတ်စဉ်မှ အောင်မြင်ထားသူများနှင့် စီးပွားရေးဖွံ့ဖြိုးမှုဒီပလိုမာ Dip. DSဒုတိယအပတ်စဉ်မှ အောင်မြင်ထားသူများကို ဘွဲ့နှင့်ဒီပလိုမာများ အပ်နှင်းချီးမြှင့်ရန် ဘွဲ့နှင်းသဘင်အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်ရက်/နေ့ – ၂၀၀၃ခုနှစ် နိုဝင်ဘာလ (၂)ရက်၊ (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ – ဘွဲ့နှင်းသဘင်ခန်းမ(ရန်ကုန်တက္ကသိုလ်)နယ်မြေ
ကျင်းပမည့်အချိန် – **နံနက်ပိုင်းအစီအစဉ် – နံနက် (၉:၀၀)နာရီ**

၁။ မဟာဝါဏိဇ္ဇဘွဲ့
၂။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA)
၃။ စီမံအုပ်ချုပ်မှုဒီပလိုမာ (DMA)
၄။ ပညာရေးစီမံခန့်ခွဲမှု ဒီပလိုမာ (DEM)
၅။ ဝါဏိဇ္ဇဂုဏ်ထူးဘွဲ့
၆။ ဝါဏိဇ္ဇဘွဲ့

ညနေပိုင်းအစီအစဉ် – ညနေ (၃:၀၀)နာရီ

၁။ မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ၊ စာရင်းအင်း)၊(M.Econ)
၂။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ (MPA)
၃။ စီးပွားရေးပညာဒီပလိုမာ (DES)
၄။ စာရင်းအင်းပညာဒီပလိုမာ (DS)
၅။ စီးပွားရေးဖွံ့ဖြိုးမှုပညာဒီပလိုမာ(Dip.DS)
၆။ စီးပွားရေးပညာဂုဏ်ထူးဘွဲ့(ဘောဂဗေဒ၊စာရင်းအင်း)
၇။ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ၊ စာရင်းအင်း)

ဘွဲ့နှင်းသဘင်ကြေး – ကျပ်၁၅၀၀ိ/– (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး– ကျပ် ၁၀၀၀ိ/– (ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်ရက်/နေ့–၂၀၀၃ခုနှစ် အောက်တိုဘာလ ၃၁ရက်၊ သောကြာနေ့။
အစမ်းလေ့ကျင့်မည့်အချိန် – နံနက်(၉:၀၀)နာရီ (နံနက်ပိုင်း/ညနေပိုင်း တစ်ပေါင်းတည်းကျင်းပမည်)။

လျှောက်လွှာပိတ်မည့်ရက် – ၂၀၀၃ခုနှစ် စက်တင်ဘာလ (၃၀)ရက်
မှတ်ချက်။ ။ (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂) နှစ်ဟောင်းမှဘွဲ့ / ဒီပလိုမာအောင်မြင်သူများသည် အဝေးရောက်သာ လျှောက်ထားရမည်။
(၃) တစ်လအတွင်း ရိုက်ကူးထားသော (၂"X၁၃⁄") ဓာတ်ပုံ (၂)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် လာရောက် လျှောက်ထားရမည်။
(၄) အသေးစိတ်အချက်အလက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တွင် လာရောက်စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်းအဆင့်(၁)
ဘွဲ့နှင်းဌာန
ရန်ကုန်စီးပွားရေးတက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
မကွေးတက္ကသိုလ် – မကွေးမြို့
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မကွေးတက္ကသိုလ်မှ ၂၀၀၁–၂၀၀၂ ပညာသင်နှစ် ၂၀၀၂ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ၂၀၀၂–၂၀၀၃ပညာသင်နှစ်၊ ၂၀၀၃ခုနှစ်၊ မတ်လတွင်ကျင်းပခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့(စနစ်ဟောင်း) နှင့် မကွေးတက္ကသိုလ်နှင့်ရေနံချောင်းဒီဂရီကောလိပ်တို့မှ ၂၀၀၂–၂၀၀၃ပညာသင်နှစ် ၂၀၀၃ခုနှစ် ဇူလိုင်လတွင်ကျင်းပခဲ့သော တတိယနှစ်(၉၆–အပထအောင်) ဝိဇ္ဇာ/သိပ္ပံဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် မကွေးတက္ကသိုလ်၏ ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်တက်ရောက်ရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း လျှောက်ထားနိုင်သည်။

ဘွဲ့နှင်းသဘင်ကြေး

တက်ရောက်ဘွဲ့ကြေး – ၁၅၀၀ိ/– (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး – ၁၀၀၀ိ/– (ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်သွင်းရမည့်ရက် – ၁၈–၈–၂၀၀၃ရက်နေ့မှ ၁၇–၉–၂၀၀၃ရက်နေ့ထိ

မှတ်ချက်

၁။ သတ်မှတ်လျှောက်လွှာပုံစံကို စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနမှ ဝယ်ယူဖြည့်စွက်ပြီး လျှောက်ထားရမည်။
၂။ လွန်ခဲ့သည့်သုံးလတွင် ရိုက်ကူးထားသော (၂"X၁၃⁄") ဓာတ်ပုံ(၃)ပုံပူးတွဲ၍ လျှောက်ထားရမည်။
၃။ သတ်မှတ်ဘွဲ့ကြေးများကို မကွေးတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရပါမည်။
၄။ ရပ်ဝေးမှပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာပေးပို့ရမည်ဖြစ်ပြီး၊ ငွေပို့လွှာ၏အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း** ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ စသည်များကို တိကျစွာဖော်ပြ၍ **ပါမောက္ခချုပ်၊ မကွေးတက္ကသိုလ်** သို့လိပ်မူ၍ လျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၅။ ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့်ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။
၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ ၁၉၉၅ပညာသင်နှစ်မှစတင်၍ ဘွဲ့လျှောက်လွှာမတင်သွင်းရသူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။
၈။ အသေးစိတ်အချက်အလက်များကို မကွေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ တယ်လီဖုန်းအမှတ်(၀၆၃–၂၃၀၉၃)တွင် စုံစမ်းနိုင်ပါသည်။

အောင်ကျော်ဦး
မော်ကွန်းထိန်း၊ သင်တန်းရေးရာ၊
မကွေးတက္ကသိုလ်။

ချစ်ဖေနှင့်ချစ်မေအတွက်မွေးနေ့ဆုတောင်း

ဩဂုတ်လတွင်ကျရောက်သည့် ချစ်ဖေ **ဗိုလ်မှူးအောင်မြင့် (စက်မှု၊ စက္ကူ၊ ဓာတု၊ ပုသိမ်၊ သာပေါင်း)**၏ (၅၃)နှစ်ပြည့်နှင့် ချစ်မေ **ဒေါ်မြင့်မြင့်ကြည်** (၅၁)နှစ်ပြည့် မွေးနေ့မှသည် ချစ်သား၊ ချစ်သမီးများနှင့် နောင်နှစ်ပေါင်းများစွာ ဘဝခရီးလမ်းကို အတူလက်တွဲပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေဟု ဆန္ဒပြုလျက်–––။

ချစ်သားကြီး–အောင်နိုင်သူ (မြန်မာစာ)
ချစ်သမီးကြီး–အေးမြတ်သူ (ဥပဒေ)
ချစ်သားလတ်–အောင်မြင်သူ(ကွန်ပျူတာ)
ချစ်သားငယ်–အောင်ကျော်သူ(နိုင်ငံတကာဆက်ဆံရေး)
ချစ်သမီးထွေး–အေးငြိမ်းသူ (အထက–၂၊ ကမာရွတ်)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၃–၂၀၀၄ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုဆရာအတတ်သင်တန်း သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြိုဆရာအတတ်သင်တန်း အမှတ်စဉ်(၈) သင်တန်းများဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများ ပြည့်စုံရပါမည်–
(က) ၂၀၀၂ခုနှစ် (သို့မဟုတ်) ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ပြီး ရမှတ်စုစုပေါင်း (၂၈၀)ထက်မနည်းသူဖြစ်ရမည်။
(ခ) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာမူရင်းနှင့် စာမေးပွဲအမှတ်စာရင်း၊ ဓာတ်ပုံမိတ္တူတို့ကို ပူးတွဲတင်ပြရပါမည်။
(ဂ) ၂၀၀၃ခုနှစ် ဒီဇင်ဘာလ(၂၂)ရက်နေ့တွင် အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(င) မြန်မာနိုင်ငံအတွင်း ဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ရန်ကုန်၊ မန္တလေး၊ တောင်ငူ၊ ပုသိမ်၊ မော်လမြိုင်၊ တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ထားဝယ်၊ ကျောက်ဖြူ၊ စစ်ကိုင်း၊ ပခုက္ကူ၊ ပြည်၊ ဘိုကလေး၊ ဘားအံ၊ မိတ္ထီလာ၊ မြောင်းမြ၊ လှည်းကူး၊ သဃ်န်းကျွန်းမြို့များရှိ ပညာရေးကောလိပ်များတွင် တက်ရောက်နိုင်ရမည်။
(ဆ) သင်တန်းပထမနှစ်အောင်မြင်ပြီးသူအား ဆရာအတတ်သင်ပညာရေးလက်မှတ် (Sertificate in Education)ချီးမြှင့်ပြီး မူလတန်းပြဆရာ၊ ဆရာမအဖြစ် ခန့်ထားပေးမည်။ ဒုတိယနှစ် အောင်မြင်သူများအား ဆရာအတတ်ပညာဒီပလိုမာလက်မှတ် (Diploma in Teacher Education)ချီးမြှင့်ပြီး အလယ်တန်းပြ (မူလတန်းတာဝန်) သို့မဟုတ် မူလတန်းပြ ဆရာ/ဆရာမအဖြစ်ခန့်ထားပေးမည်။ ထူးချွန်သူများအား ပညာရေးဘွဲ့ (ဘီ၊ အီးဒီ)သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။
(ဇ) ပညာရေးကောလိပ် သင်တန်းတက်ရောက်နေစဉ်အတွင်း သင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်မပြုပါ။
(ဈ) ပထမနှစ်သင်တန်းကာလမှာ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ(၂၂)ရက်မှ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ (၂၂)ရက်နေ့အထိ ဖြစ်ပါသည်။
၃။ လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့်ရက်ကို သက်ဆိုင်ရာပြည်နယ်/တိုင်းနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ထပ်မံကြော်ငြာပါမည်။
၄။ လျှောက်ထားသူ၏ မိဘနှစ်ပါး(သို့မဟုတ်)မိဘတစ်ဦးဦးသည် နိုင်ငံတော်အစိုးရဌာနတစ်ခုခုတွင် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာကို သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံနှင့်အတူ ပူးတွဲတင်ပြရပါမည်။
၅။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းထားသော လျှောက်လွှာပုံစံတွင် ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ (မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့် ဓာတ်ပုံတစ်ပုံ၊ မျက်မှန်မပါဘဲတစ်ပုံ)ကို ကပ်၍ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာပြည်နယ်/တိုင်း ပညာရေးမှူးရုံး (သို့မဟုတ်) တွဲဖက်ပြည်နယ်/တိုင်းခွဲ ပညာရေးမှူးရုံးသို့ ၂၀၀၃ခုနှစ် စက်တင်ဘာလ (၂၆)ရက်နေ့ထက်နောက်မကျစေဘဲ ပေးပို့ရပါမည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

၂၀၀၃–၂၀၀၄ပညာသင်နှစ်
လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်း အမှတ်(၈/၂၀၀၃)
သင်တန်းဝင်ခွင့်လျှောက်လွှာ
*[၂၀၀၂/၂၀၀၃ခုနှစ် (သိပ္ပံ/ဝိဇ္ဇာ)တွဲ]

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသား(သို့မဟုတ်)နိုင်ငံခြားသား စိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ်–––––ခုနှစ်––––––––လ––––––ရက်
၃။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနနှင့်ပြည်နယ်/တိုင်း–––––
––––––––––––––––––––––အောင်မြင်ခဲ့သည့်ခုနှစ်–––––––––
အောင်မြင်ခဲ့သည့်ဘာသာတွဲ–––––––––––ရမှတ်စုစုပေါင်း––––––––
၄။ အိမ်ထောင် ရှိ/မရှိ (ရှိပါက) ဇနီး/ခင်ပွန်းအမည်–––––––––––––
နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–––––––––––––––––––––
၅။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ––––––––––––––––––––––––
––
၆။ မူလတန်းပြအဖြစ်ခန့်ထားပါက မြန်မာနိုင်ငံအတွင်း နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ–––––––––––––––––––––––
ရက်စွဲ။ – – ၂၀၀၃

––––––––––––
လျှောက်ထားသူ လက်မှတ်

မှတ်ချက်။ *မိမိနှင့်မသက်ဆိုင်သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်သော ခုနှစ်/ဖြေဆိုခဲ့သော ဘာသာတွဲကို မျဉ်းသား၍ခြစ်ရန်။

အယူတော်ခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားခံသို့
သိစေသည့်အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့် –၄၁၊ နည်း၁၄)
ပဲခူးတိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမအယူခံမှုအမှတ် – ၁၉

ဒေါ်မြင့်သိန်း နှင့် **၁။ ဒေါ်ချိုချို၊ ၂။ ဦးမှတ်ကြီး၊ ၃။ ဒေါ်ခင်ဝင်း**
အယူခံတရားလို **အယူခံတရားပြိုင်**

၂၀၀၃ခုနှစ်၊ မေလ(၁၄)ရက်နေ့စွဲပါ ပဲခူးခရိုင်တရားရုံးတော်မှ ချမှတ်သော အမိန့်ကိုအယူတော်ခံမှု။

ယခင်အမှတ်(၁၈၃)၊ မင်းလမ်း၊ အောက်ဂူရပ်ကွက်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း ယခုလိပ်စာမသိ အယူတော်ခံတရားပြိုင် ဦးမှတ်ကြီးသိစေရမည်။

ယခုအမှုတွင် ပဲခူးခရိုင်တရားရုံးတော်က ချပေးသည့်ဒီကရီကို အယူတော်ခံတရားလို ဒေါ်မြင့်သိန်းက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်းထိုအယူခံမှုကို၂၀၀၃ခုနှစ် ဩဂုတ်လ(၂၉)ရက် (၁၃၆၅ခုနှစ် တော်သလင်းလဆန်း ၃ရက်)နေ့တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် –၄၁၊ နည်းဥပဒေ – ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် –၄၁၊ နည်းဥပဒေ–၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း၊ ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။

၂၀၀၃ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **မင်းအောင်**
တွဲဖက်တိုင်းတရားသူကြီး၊ ပဲခူးမြို့။

အမည်ပြောင်းခြင်း

အထက(၁) ရွှေပြည်သာမြို့နယ်၊ သတ္တမတန်း(A)မှ ဦးမျိုးမြင့်၏ သမီး မမေခိုင်လင်းအား ယနေ့မှစ၍ မအေးချမ်းမော်ဟု ခေါ်ပါရန်။

မအေးချမ်းမော်။

မအေးအေးစန်း
(အဘ)ဦးသန်းမြင့်
[၁၂/စခန(နိုင်)၀၁၈၇၁၅]
သိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မော်လီ(ခ) ဒေါ်တင်တင်အေး (မအေးအေးစန်း၏ ယောက္ခမ)၏ ညွှန်ကြားချက်အရ မောင်အောင်ဇော်ဦးလည်း အဆင်ပြေနေပြီဖြစ်၍ မအေးအေးစန်း၊ ကလေးတို့နှင့် မိသားစု ပျော်ရွှင်စွာနေထိုင်လိုနေပါသည်။ ကလေးရှေ့ရေးကိုငဲ့ပြီး စဉ်းစားဆုံးဖြတ်၍ ကြော်ငြာပါ တရားရုံးချုပ်ရှေ့နေအား အမြန်ဆက်သွယ်ပါရန် သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဒေါ်ခင်ဆွေရီ
တရားရုံးချုပ်ရှေ့နေ၊
၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

အကောင်းကြိုက်သူများနှင့် လက်ဖက်ရည်ဆိုင်များအတွက်
ရတနာဆင်မင်းစက်ချက်နို့ဆီ

စစ်ကိုင်းမြို့၊ ရတနာဆင်မင်း စက်ချက်နို့ဆီစက်ရုံကြီးမှ ထုတ်လုပ်ထားသော နို့အရသာအပြည့် ရတနာဆင်မင်း စက်ချက်နို့ဆီကို အရည်အသွေး အမျိုးအစားအလိုက် ယခင်ဈေးနှုန်းအတိုင်း ယနေ့မှစ၍ ပြန်လည်ရောင်းချပေးနေပါသည်။ ဆက်သွယ်လိုသော မိတ်ဟောင်း၊ မိတ်သစ်များ အောက်ဖော်ပြပါ ကိုယ်စားလှယ်ကြီးများထံတွင် လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

၁။ ကြယ်မင်း နို့ဆီ၊ ထောပတ် ဖြန့်ချိရေး ဖုန်း–၂၉၈၁၁၆၊ ၂၄၃၃၁၈၊ ၀၉–၈၀–၃၂၈၃၉
၂။ ဝေနှင်းဆီ နို့ဆီဖြန့်ချိရေး ဖုန်း–၂၂၅၈၉၄
၃။ ရွှေအုန်း နို့ဆီဖြန့်ချိရေး ဖုန်း–၆၄၁၇၀၉
၄။ ပဒေသာ နို့ဆီဖြန့်ချိရေး ဖုန်း–၅၇၇၀၇၃
၅။ လင်း နို့ဆီဖြန့်ချိရေး ဖုန်း–၀၅၆–၂၁၄၃၃
၆။ ကောင်းမြတ် နို့ဆီဖြန့်ချိရေး ဖုန်း–၂၉၈၆၀၄၊ ၂၉၈၇၀၀
၇။ ညီညီရှိန်း နို့ဆီဖြန့်ချိရေး ဖုန်း–၇၀၀၆၈၇
၈။ ကိုကျော်ကျော် နို့ဆီဖြန့်ချိရေး ဖုန်း–၆၉၉၁၆၁၊ ၀၉–၈၀–၂၈၁၁၀
၉။ ထွန်းတောက် နို့ဆီဖြန့်ချိရေး ဖုန်း–၅၇၇၃၅၈
၁၀။ ဆွေမင်း နို့ဆီဖြန့်ချိရေး ဖုန်း–၅၇၂၆၆၅၊ ၅၇၈၁၃၀

ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ

တိုက်ခန်းအမြန် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပိုင်ရှင်အမည်ပေါက် (ရုံးခန်းဖွင့်ရန်အသင့်) အခန်းအကျယ် ၃၀'X ၄၀' (တိုက်သစ်)၊ လှေကားကျယ်၊ 4th Fl အရှေ့လှည့်၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ကြမ်းခင်း၊ ကော်ဇောအပြည့်၊ Reception Counter နံရံကပ်ဗီရို၊ ဝန်ထမ်းစားပွဲ၊ ကုလားထိုင်(၆)လုံး၊ M.D စားပွဲ(၁)လုံး၊ ဆိုဖာဆက်တီ(၂)စုံ၊ မတ်တပ်ဗီရို (၁)လုံး၊ Air Con (၁)လုံး၊ **(ဖုန်း-၂၀၂၃၉၂)။**

ရွှေပုပ္ပါး

JUNIOR LEADER

TV-VIDEO

Ph-561095

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၄၂၄၀မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးအေးကြူ နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၂/သလန(နိုင်)၀၀၄၉၂၉]က မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်၃၀အတွင်း ကညန၊ ခရိုင်ရုံး (သန်လျင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(သန်လျင်)။**

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ဦးတင့်လွင် [အက်စ်ဘီအို-၁၁၀၈၂၃] ရွှေဘိုထံသို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ အမှတ်/ရက်စွဲ ၄၆၅၀/၀၆ / ၅-၉-၀၁ နှင့် ၁၈၀၅/၀၂ / ၅-၁၂-၀၂ တို့ကို လုပ်ငန်းလိုအပ်ချက်အရ ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း။

ဦးနေလင်း
(အက်စ်ဘီအို-၁၃၉၃၁၈)။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မြင့် အသက်(၇၆)နှစ်

ဗိုလ်မှူးဇော်ဇော်(စက်ရုံမှူး၊ တပ်/သတ္တု)ဇနီး ဒေါ်လင်းလင်း တို့၏မိခင်သည် ၁၉-၈-၂၀၀၃(အင်္ဂါနေ့)က ကွယ်လွန်သွားကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အရာထမ်း၊ အမှုထမ်းများ
တပ်မတော်သတ္တုပစ္စည်းစက်ရုံ။

ဝမ်းနည်းကြေကွဲခြင်း

လေးစားချစ်ခင်ရပါသော(ဦးလေးထွန်း)ဦးထွန်းလှ(၈၁)နှစ် (မုံရွာ) ၁၃-၈-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးအောင်မြင့်မြတ်-ဒေါ်မြမြသန်းမိသားစု။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မအေးအေးမွန် (W/RGN-013806)သည် ခွင့်မလွှတ်နိုင်သောအပြုအမူများ အကြိမ်ကြိမ် ပြုလုပ်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၂-၅-၂၀၀၃ နေ့မှစ၍ ဇနီးအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

မောင်ကျော်ထင်သိန်း
[၁၂/တမန(နိုင်)၀၁၄၂၁၃]။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ ဈေးလမ်း ဆူးလေကုန်းရပ်နေ ဦးထွန်းရွှေ-ဒေါ်ခင်မြိုင် တို့၏သမီး မချိုချိုဝင်း[၅/မရန(နိုင်)၀၁၀၇၈၆]သည် မိဘဆုံးမသည်ကိုမနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးထွန်းရွှေ-ဒေါ်ခင်မြိုင်။

နံနက် 11:00 နာရီမှ ညနေ 3:30 နာရီထိ Dim Sum နှင့်
နံနက် 11:00 နာရီ မှ ည 9:30 နာရီထိ နေ့လယ်စာနှင့် ညနေစာများကို
ယမ်းချာ (Dim Sum)
☎ 240216, 244336

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်မြင့်မြင့်ရီ	၁၂/ဥကတ(နိုင်)၀၃၃၉၂၄	(၁၀၄၅)၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၄	၆၈၁ (ခ)	ဒေါ်မြင့်မြင့်ရီ	ဂရန်မိတ္တူ
၂။	ဦးကြီးစိန်	၁၂/ဥကတ(နိုင်)၀၇၈၃၀၆	(၃၀၉)၊ တောင်ငူ(၁၃)လမ်း၊ ၅ ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၅	၃၀၉/ခ	ဦးကြည်	ဂရန်သစ်
၃။	ဒေါ်သဇင်အေး + ၃	၁၂/စခန(နိုင်)၀၂၀၆၈၂	(၆၁)၊ ကျွန်းတောလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၈ E[1]	၆၀-B	ဦးအေး	ဂရန်သစ်
၄။	ဒေါ်စန်းစန်းငွေ +၁	၁၂/ဗတထ(နိုင်)၀၀၅၁၅၃	(၅၂၅/ခ)၊ ကျွန်စစ်သားလမ်း၊ ကြို့ပွားရေးမြောက်	သဃ်န်းကျွန်း	ကြို့ပွားရေးမြောက်	၅၂၅/ခ	ဦးအေးလွင်	ဂရန်သစ်
၅။	ဒေါ်နောင်းစုလှိုင်	၁၂/ဗတန(နိုင်)၀၈၃၄၃၆	(၃၉)၊ ရေတာရှည်လမ်းတောင်း၊ ဗဟန်း	စမ်းချောင်း	၂၇C[9]	၃၃၈	ဦးခင်မောင်မြင့်	အမည်ပြောင်း
၆။	ဒေါ်မြင့်မြင့်နိုင်	၁၀/သထန(နိုင်)၀၀၈၀၃	(၁၁၅၉)၊ ၃၇ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၇	၁၁၅၉	ဦးအုန်းကြည်	ဂရန်သစ်
၇။	ဦးစိုးနိုင်	၁၂/သဃက(နိုင်)၀၂၀၀၃၂	(၅၉)၊ ပြည်တော်အေးလမ်း၊ လေးအောင့်ကန်	သဃ်န်းကျွန်း	လေးအောင့်ကန်	၁၈၅	ဦးချစ်သန်း	ဂရန်သစ်
၈။	ဒေါ်တင်တင်လှ	၁၂/အစန(နိုင်)၁၁၂၅၅၇	(၃၈/က)၊ မဟာမြိုင်ကျောင်းလမ်း၊ အောင်ဆန်း၊ အင်းစိန်	ဒဂုံဆိပ်ကမ်း	၈၆	၃၈၉	ဦးအောင်သော်	ဂရန်သစ်
၉။	ဒေါ်မြင့်မြင့်ရီ	၁၂/ကမရ (နိုင်) ၀၂၄၉၃၆	(၄၉၉)၊ သီဟိုလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်	ဒဂုံတောင်	၂၄	၄၉၉	ဒေါ်ကြည်အောင်	အမည်ပြောင်း
၁၀။	ဦးမြင့်ဦး	၁၂/မဂတ (နိုင်) ၀၀၆၃၇၁	(၁၀၇၈/က)၊ ရာဇသူရလမ်း၊ (၇) ရပ်ကွက်	တ/ဥက္ကလာပ	၇	၁၀၇၈/က	ဒေါ်တင်အေး	အမည်ပြောင်း
၁၁။	မစမ်းရည်မွန်	၁၂/ဥကတ (နိုင်) ၁၄၁၉၈၀	(၃၆၈)၊ ရွှေစင် (၂)လမ်း၊ (၄၄) ရပ်ကွက်	ဒဂုံမြောက်	၄၄	၃၆၈	ဒေါ်သိန်းသိန်းဆု	အမည်ပြောင်း
၁၂။	ဦးသက်ဝင်း	၁၂/ဗတန (နိုင်) ၀၄၈၉၈၀	(၃၃)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်	ဗဟန်း	၁၅-စီရှိ	၈၀၀	ဒေါ်သန်းရွှေ	မြေပုံကူး
၁၃။	ဒေါ်နိုင်နိုင်အေး	၁၂/ဗတန (နိုင်) ၀၅၅၉၇၅	(၂၇စီ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်း	ဗဟန်း	၁၆ အိုင်	၆၉ ဘီ / ၅-၂ အေ	ဒေါ်ရီ	အမည်ပြောင်း
၁၄။	ဦးကျော်ကျော်လှိုင် + ၁	၁၂/စခန (နိုင်) ၀၅၇၇၉၄	(ပ/၈၀)၊ ပြည်ထောင်စုလမ်း၊ ဒဂုံမြောက်	ဒဂုံမြောက်	၁၈	ပ/၈၀	[illegible]	အမည်ပြောင်း
၁၅။	ဦးထွန်းခင်	၁၂/မရက (နိုင်) ၁၁၇၁၈၉	(၇၅၁)၊ UE-1 ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	UE - 1	၇၅၁	ဦးလှဝင်း	ဂရန်သစ်
၁၆။	ဦးတင်ဝင်းထွန်း	၁၀/မလမ (နိုင်) ၁၁၁၆၆၂	(၁၀၁၀)၊ ဦးတင်အေးလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၅	၁၀၁၀	ဦးဟန်သောင်း	ဂရန်သစ်
၁၇။	မခင်ရွှေရွှေအောင် + ၁	၁၂/အရ (နိုင်) ၀၀၄၆၁၆	(ခ၂၀/ခ)၊ ကုန်းဘောင်(၁၁)လမ်း၊ (၆)ရပ်ကွက်၊ တ/ဥ	တ/ဥက္ကလာပ	၆	ခ၂၀/ခ	ဦးညွန့်ဦး	အမည်ပြောင်း
၁၈။	ဆလိုင်းကြည်စိုး	၈/မထန (နိုင်) ၀၃၀၆၆၂	(၁၂၄/၁)၊ (၇)လမ်း၊ (၁၄/၁) ရပ်ကွက်၊ တ/ဥ	တ/ဥက္ကလာပ	၁၄/၁	၁၂၄/၁	ဒေါ်ခင်လေးမာ	အမည်ပြောင်း
၁၉။	ဦးဆန်းထွန်း	YSE - ၀၂၀၇၂၅	(၂/တ)သာယာအေး(၃)လမ်း(၃)ရပ်ကွက်၊မရမ်းကုန်း	ဒဂုံဆိပ်ကမ်း	၉၀	၃၉	ဦးငွေအောင်	ဂရန်သစ်
၂၀။	ဒေါ်သောင်းတင် + ၁	၁၂/မဂတ(နိုင်)၀၄၇၇၃၆	(၇၀)၊ ၉၄ လမ်း၊ ကန်/တောင်၊ မင်္ဂလာတောင်ညွန့်	မင်္ဂလာတောင်ညွန့်	၁၂-K	V-၉၁	ဒေါ်အေးမြင့် + ၁	အမည်ပြောင်း
၂၁။	ဦးမြသိန်း (ဘီးလစ်)	ISN - ၅၂၀၇၃၃	(င/၂၄၄)၊ လေးအောင့်ကန်လမ်း၊ ဇ/မြောက်ရပ်ကွက်	သဃ်န်းကျွန်း	၂၆	၃၁	မောင်နေဒွန်း + ၁	မြေပုံကူး

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

ဦးဝင်းလှိုင် [၁၃/တကန(နိုင်)၁၂၂၀၀၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

မရန်ဟွေ(ခ)လီလီမေ [၁၃/လရန(နိုင်)၀၀၂၄၆၁]ကိုင်ဆောင်သူသည် ကျွန်ုပ်မိတ်ဆွေ ဦးဝင်းလှိုင်အား အသိပေးခြင်းမရှိဘဲတိတ်တစ်ဆိတ်ရန်ကုန်မှ ၎င်းမိဘများထံသို့ ၅-၁-၂၀၀၃နေ့တွင် ၎င်း၏သဘောဆန္ဒအလျောက် အိမ်မှဆင်းသွားရာ ယနေ့ထိတိုင် ကျွန်ုပ်မိတ်ဆွေ ဦးဝင်းလှိုင်ထံသို့ ပြန်လာခြင်းမရှိပါ။ ထို့ကြောင့် မရန်ဟွေ(ခ)လီလီမေ အိမ်မှဆင်းသွားသည့် ၅-၁-၂၀၀၃နေ့မှစ၍ ၎င်းနှင့်ပတ်သက်သမျှရှိသည့် ကိစ္စအဝဝအပေါ် ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူမည်မဟုတ်ကြောင်းနှင့် ၎င်းနှင့်ဆက်သွယ်ပြုလုပ်ထားသည့် ကိစ္စများသည် ကျွန်ုပ်မိတ်ဆွေ ဦးဝင်းလှိုင်နှင့် မသက်ဆိုင်ကြောင်း၊ တာဝန်မယူကြောင်း၊ ၎င်းသည် ဇနီးဝတ္တရားနှင့်အညီ ပြုမူဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ၎င်းအား ဇနီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟန်စိန် (တရားရုံးချုပ်ရှေ့နေ)
အမှတ်(၅၀)၊ ပထပ်၊ ဘဏ်လမ်း၊
အခန်းအမှတ်-A-21၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ဆန်း၊ ဦးသိန်းဇော်(Lucky Man Co., Ltd.)တို့၏ ကျေးဇူးရှင် မွေးသမိခင် ဒေါ်ကြင်မေ အသက်(၈၇)နှစ် (မင်းလှ)သည် ၁၇–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Lighthouse Enterpises Ltd. ဦးစိန်ဝင်းနှင့်အဖွဲ့သားများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးမင်း(Wizrd ကွန်ပျူတာနှင့်ပုံနှိပ်တိုက်)၏ ဇနီး ဒေါ်မိမိခိုင်သည် ၁၉–၈–၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခိုင်ထွေး–ဒေါ်သင်းသင်းခိုင်မိသားစု။

(၁)လပြည့်အောက်မေ့ဖွယ်ဆုတောင်းခြင်း
နန့်ဖြူတီ

၂၃–၇–၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားသည်မှာ ၂၃–၈–၂၀၀၃ ရက်တွင် (၁)လပြည့်ပြီးဖြစ်၍ အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၂၄–၈–၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မ/၅၊ ထီးမူးလမ်း၊ ဂျူဗလီ၊ တောင်သုကုန်း၊ အင်းစိန်နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်းမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးလှမောင်
အသက်(၇၀)
မန်နေဂျာ(ငြိမ်း)၊ ရုပ်ရှင်လုပ်ငန်း (ပြည်၊ သဲကုန်း)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၆၂)လမ်း၊ အမှတ်(၂၇)၊ ဒုတိယထပ်(A)နေ (ဦးလုန်း–ဒေါ်ဟံသီ) သဲကုန်းမြို့နယ်၏ သား၊ (ဦးမြသိန်း–ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်ထွေး၏ ခင်ပွန်း၊ (ဦးအောင်သန့်)–ဒေါ်တင်သန်းမြင့်တို့၏ ညီ၊ (ဦးတင်ထွန်း–ဒေါ်ရွှေ)၊ ဦးသန်းထွင့်လုန်း–ဒေါ်ကြင်ဥတို့၏ အစ်ကို၊ ဦးစိုးနိုင်–ဒေါ်ထွေးကျင်၊ ဦးသန်းထွင့်–ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်အေးသန်း(ထွေ/အုပ်)တို့၏ အစ်ကိုကြီး၊ ဦးသန့်ဇင်ဦး (ရွှေပုံလွှားသယ်ယူပို့ဆောင်ရေး၊လေဆိပ်)–ဒေါ်ကြူကြူဝင်း၊ ဦးအောင်မျိုးသန့်–ဒေါ်ခင်ဆွေလှိုင်၊ ဦးတင်အောင်ဝင်း(Asia Plaza Hotel)–ဒေါ်ဝင်းမင်းထွေး(စစစ၊ ပုသိမ်)၊ ဦးဉာဏ်ဝင်း(Golden Engla Shipping)–ဒေါ်တင်မင်းထွေး၊ ဒေါ်ခိုင်မင်းထွေး(M.F.T.B)တို့၏ ချစ်လှစွာသော ဖခင်၊ မောင်လွင်အောင်ဖြိုး၏အဘိုးသည် ၂၀–၈–၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မိမိခိုင်
အသက်(၃၉)နှစ်
ကျောင်းဆရာမ(ငြိမ်း)
ကျောက်ပန်းတောင်း၊နတ်မောက်

ကျောက်ပန်းတောင်းမြို့၊တောင်မြို့ ရပ်နေ ကျောင်းအုပ်ကြီး (ငြိမ်း)ဦးချစ်တင်–ဒေါ်တင်အေးတို့၏ သမီး၊ မုန်ကမ်းရွာနေ ကျောင်းဆရာ(ငြိမ်း) ဦးသိန်းဝင်း–ဒေါ်တင်မြတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၆) ပထမထပ်နေ နတ်မောက်မြို့၊ သရဖူ ပုံနှိပ်တိုက်ပိုင်ရှင် ဦးမျိုးမင်း(Wizardကွန်ပျူတာနှင့်ပုံနှိပ်တိုက်)၊ အမှတ်(၁၉၈)၊ (၃၃)လမ်း(ထက်)၏ဇနီး၊ ဦးဇော်ဦး(ခေတ္တ–ဂျပန်)၊ ဦးဇော်မင်း–မစပယ်(ခေတ္တ–ဂျပန်)၊ ဦးစိုးနိုင်–ဒေါ်မိမိလှိုင်တို့၏ ညီမ၊ ဗိုလ်ကြီးသိန်းဌေးမောင်–မသီတာသိမ့်တို့၏ အစ်မ၊ မောင်ဥက္ကာထက်(VII-D၊ဒဂုံ–၁)၊ မမျိုးသုနန္ဒာခိုင်(VI.C၊ ဒဂုံ–၁)၊ မဖုန်းသီရိခိုင်တို့၏ မွေးသမိခင်သည် ၁၉–၈–၂၀၀၃ရက်တွင် ရန်ကုန်ကျောက်ကပ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [နေအိမ်နှင့်(၃၃)လမ်းမှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ကိုရဲဝင်းလတ်(ခ)ရဲလေး
အသက်(၂၈)နှစ်

(ဦးမောင်ခင်–ဒေါ်စောတင်)တို့၏ မြေး၊ ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ အမှတ်(၁၈၈)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားရဲစခန်းနေ ရဲတပ်ကြပ်ကြီး ဦးမောင်ထွန်း–ဒေါ်ခင်မြင့်သိန်းတို့၏ သားငယ်၊ ဦးသိန်းအောင်–ဒေါ်သန်းသန်းဝင်းတို့၏ သားသမက်၊ ကိုအောင်လင်းမျိုး(ခ)ကိုအောင်အောင်၊ ကိုသက်ပိုင်–မမြသွေးလှိုင်တို့၏ ညီ/မောင်၊ မောင်ပြည့်သိမ်းကျော်၏ဦးလေး၊ မနွယ်နီလင်း၏ချစ်လှစွာသော ခင်ပွန်း၊ (ဦးလှသိန်း)–ဒေါ်သန်း၊ ဦးစန်းမြင့်–ဒေါ်စိန်အေး၊ (ဦးတင်လှိုင်)–ဒေါ်အုံးမေ၊ ဦးခင်ရွှေ–ဒေါ်သိန်းညွန့်တို့၏ တူ၊ ကိုရဲဝင်းလတ်(ခ)ကိုရဲလေးသည် ၂၀–၈–၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရားဒါယိကာမ
ဒေါက်တာဒေါ်မြမြလင်း (Jessey Lin)
အသက်(၈၀)
လူမှုဖူလုံရေး(ငြိမ်း)

စက်ရှင်တရားသူကြီး (ဦးစံလင်း–ဒေါ်သန်းခင်)တို့၏ သမီးကြီး၊ (ဦးစောမောင်–ဒေါ်ခင်စီ)တို့၏ သမီးချွေးမ၊ အမှတ်(၂၀၅–A)၊ ဗညားဒလလမ်းနေ (ဦးမျိုးဆွေ–ဒု–ညွှန်မှူး၊ သစ်တောဦးစီးဌာန)၏ ဇနီး၊ ဦးညွှန့်ဆွေ–ဒေါ်မာလာသန်းဇော်၊ ဗိုလ်မှူးကြီးအုန်းမြင့်–ဒေါ်ဝင်းဝင်းဆွေ၊ ဦးညွှန့်လွင်(G.M-Best Servicing)–ဒေါ်ရီရီဆွေ၊ ဦးခင်မောင်ထွန်း–ဒေါ်မိမိဆွေ(အခြေစိုက်–၁၊ ကပရ)၊ ဦးမြင့်ဆွေ–ဒေါ်ကြူကြူကြိုင်(ပြန်ဆက်/ဦးစီး)၊ (ဗိုလ်ကြီးသန့်ဆွေ)၊ (ဦးဌေးအောင်ဆွေ)၊ ဦးခင်မောင်တင်(3/AE-Eastwind)–ဒေါ်သက်သက်ဆွေတို့၏ မိခင်သည် ၂၁–၈–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလှူ့သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်စောနိုင်(ခ)မရှိရှမ်ဘီဘီ
အသက်(၆၁)နှစ်
အထက်တန်းသူနာပြုဆရာမကြီး(ငြိမ်း)၊ ပြည်မြို့

ပြည်မြို့၊ အမှတ်(၄၁)၊ လမ်းမတော်လမ်းနေ (ဦးကာစင်ရာဂျာ–ခတီဂျာဘီဘီ)တို့၏သမီးကြီး၊ ဆရာမဒေါ်ဟလီ၏ ချစ်လှစွာသော တူမ၊ (ဦးမောင်မောင်ခင်)၏ ညီမ၊ ဒေါ်ခင်စောညွှန့်(UNDP)၊ ဦးရဲထွန်း–ဒေါ်ညိုညို၊ ဦးဝင်းမောင်–ဒေါ်မြင့်မြင့်ခိုင်တို့၏ အစ်မကြီး၊ မဖြိုးနိုင်၏ ချစ်လှစွာသော မိခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၂၁–၈–၂၀၀၃(ကြာသပတေးနေ့) နံနက် ၉:၁၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင် ပြည်မြို့ ကဘာရ်စတန်၌ အေရှာနမာဇ်အပြီးတွင်ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မစမ်းစမ်းဝင်း
အသက်(၃၈)နှစ်
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ရန်ကုန်မြို့၊ သာကေတ(၃)ရပ်ကွက်နေ ဦးဝင်းတင်–ဒေါ်မြမြတို့၏ သမီး၊ သာကေတ၊သဒ္ဒါရုံနေ (ဦးဗလ)–ဒေါ်ချစ်မေတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်၊ လိုင်း(၆)၊ အခန်း(၃၀)၊ မိသားစုရပ်ကွက်နေ ဦးကျော်ဌေး(ပို့ဆောင်ရေးဝန်ကြီးဌာန၊ သိမ်ဖြူသင်္ဘောကျင်း)၏ ချစ်လှစွာသော ဇနီး၊ မောင်ပြည့်ဖြိုးကျော်၏ မိခင်၊ မချိုချိုဝင်း–ကိုဇော်နိုင်၊ မနွယ်နွယ်ဝင်း–ကိုစန်းမြင့်၊ မနီနီဝင်း–ကိုဝင်းဇော်ဦးတို့၏အစ်မ မစမ်းစမ်းဝင်းသည် ၂၀–၈–၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုကျော်ကျော်နိုင်
အသက်(၃၈)နှစ်
B.A, History (မြိတ်)

မြိတ်မြို့၊ ကန်ဖျားရပ်၊ အင်းဝရေခဲစက်လမ်းနေ ဦးဂွမ်ဘီး–ဒေါ်ခင်ဝင်းတို့၏ တစ်ဦးတည်းသော သား၊ ကိုဝင်းဗိုလ်–မအေးအေးမွန်၊ မစိုးစိုးမွန်တို့၏ မောင်၊ ကိုသန်းဌေး–မချိုပြုံး(ခေတ္တ–U.S.A)တို့၏ အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ ဦးလေးသည် ၁၉–၈–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၃–၈–၂၀၀၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် တပ်ပြင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်သန်းစိန် (၈၈)နှစ်
(စမ်းချောင်း)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၅၂)နေ (ဦးမောင်ထင်–ဒေါ်ငွေယုံ)တို့၏ သမီး၊ ဦးယုစိန်(ကုန်ဝန်ထောက်၊ မြန်မာ့ဆိပ်ကမ်း–ငြိမ်း)၏ ဇနီး၊ (ဦးဖြူညွှန့်–ဒေါ်သန်းကြည်)၊ (ဦးမောင်ကြည်)–ဒေါ်သန်းရင်တို့၏ အစ်မ၊ (ဦးမောင်မောင်ကြင်)–ဒေါ်ကျင်အေး(စား/ထွေ၊ ငြိမ်း)၊ ဦးကြင်အင်း(ခ)ဦးအောင်မိုး(အမှတ်–၉၊သစ်စက်၊ ဝါးတစ်ရာ)–ဒေါ်စန်းမြင့်၊ ဦးတိုးအောင်–ဒေါ်ခင်တိုးကြွယ်၊ ဦးတင်မြအေး–ဒေါ်ခင်ငြိမ်းအေး၊ ဦးစောလှိုင်၊ ဦးမြတ်သူ–ဒေါ်ခင်အေးခိုင်တို့၏ မိခင်၊ မြေး ၁၃ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂၁–၈–၂၀၀၃ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နီနီ (၈၃)နှစ်
(စက်တော်ရာ၊ ပုသိမ်)

ရန်ကုန်မြို့၊ အမှတ်(၁၅၅)(ပ)ထပ်၊ (၄၇)လမ်းနေ (ဦးဘသိန်း–ဒေါ်သိန်း)တို့၏သမီး၊ ဦးကိုကိုကြီး–ဒေါ်လှလှ၏ ညီမ၊ ဒေါ်မြမြ၊ ဦးမောင်မောင်လတ်–ဒေါ်ရီရီမြင့်၊ (ဦးစိုးမြင့်–ဒေါ်မြမြကြည်)တို့၏ အစ်မ၊ ဦးသိန်းထွန်း–ဒေါ်သန်းသန်းရီ၊ ဒေါ်ကြူကြူကို၊ ဒေါက်တာဖြူဖြူကို၊ ဦးဆန်နီကိုကိုကြီး၊ ဒေါ်ခင်မူမူလတ်၊ ဗိုလ်မှူးကြီးတင်ဦး၊ ဒေါက်တာမျိုးမင်း(ဒု–ညွှန်မှူး)၊ ဒု–ရဲမှူးကြီးရဲလင်း၊ ဦးဇော်လင်း–ဒေါ်ခင်လတ်သူ၊ ဒေါ်လဲ့လဲ့မြင့်၊ ဦးဝေလင်း၊ ဦးနေဝင်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်သင်းသင်းမြင့်၊ ဦးစောမောင်မောင်၊ ဒေါ်ရီရီမြင့်တို့၏ အဒေါ် ဒေါ်နီနီသည် ၂၀–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[အမှတ်(၁၅၅)၊ (၄၇)လမ်း နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သီ (၈၃)နှစ်
(မြိတ်)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ တိုက်(၂၀၁)၊ အခန်း(၁၉)နေ (ဦးထွန်းခင်၊အငြိမ်းစားရဲအရာရှိ)၏ ဇနီး၊ ဦးလှရွှေ–ဒေါ်မိမိ(စက်မှု–၁၊ကြွေ၊မြေ ငြိမ်း)၏ ကျေးဇူးရှင်မိခင်ကြီး၊ ဦးဘအောင်–ဒေါ်အေးအေးမီ၊ ဦးဇော်မင်းဦး–ဒေါ်ဥမ္မာမြင့်တို့၏ အဘွား၊ မောင်ဟန်ထွန်းဝင်း၊မညိမ်းဦးအောင်၊ မညိမ်းအေးအောင်၊မဇင်မေတင်၊သားငယ်လေး တို့၏ အဘွား၊ ရန်ကုန်မြို့ နေ (ဒေါ်ခင်ထား)၏ ညီမ၊ဦးသိန်းတင်–ဒေါ်စောရီ၊ (ဦးသောင်းညွန့်)– ဒေါ်သန်းရီ၊ ဦးသန်း အောင်–ဒေါ်ပြုံးပြုံး၊ ဒေါ်မြရီ၊ ဒေါ်ခင်စီ တို့၏ အစ်မကြီး၊ တူ၊ တူမ ၁၃ယောက်တို့၏ကြီးဒေါ်သည် ၂၀–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်သိန်းရင် (၇၅)နှစ်
အမှတ်(၂၀၅/၂၀၆၊ဘီရုံ)၊သိမ်ကြီးဈေး

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၄)လမ်းအောက်လမ်း၊ အမှတ်(၃၁)(ပ)ထပ်နေ (ဦးမြညိမ်း)၏ ဇနီး၊ ဦးမင်းဇော်–ဒေါ်ခင်ဝင်း၊ ဦးတင်ဝင်း–ဒေါ်တင်တင်ရီ၊ ဒေါ်နွဲ့နွဲ့ဝင်း (ခေတ္တ–U.S.A)၊ မသန်းသန်းဝင်းတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်သိန်းရင်သည် ၂၀–၈–၂၀၀၃ရက် ည ၈:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တကကက ရဲတင့်
ကပ/၁၅၇၄၇
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(က/၂၄၄၃)၊ ဇေယျာဝတီအရှေ့(၃)လမ်း၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ သာကေတနေ (ဦးထွန်းတင်–ဒေါ်အင်မေ)တို့၏သား၊ (ဦးမောင်ရွှေ)–ဒေါ်ခင်တင့်တို့၏ သားသမက်၊ ဒေါ်ညွန့်ညွန့်မေ၏ ခင်ပွန်း၊ မခင်ခင်သိုက်၊ မောင်အောင်မင်းသိုက်(MITT)တို့၏ ဖခင်၊ (ဦးဝင်းမောင်)–ဒေါ်ဝင်းဝင်း၊ ဦးမြင့်ဆွေ–ဒေါ်သိန်းနွဲ့၊ ဦးမြင့်စိုး–ဒေါ်ရင်ရင်နု၊ ဦးဟန်ရွှေ–ဒေါ်မြင့်မြင့်ဝင်း၊ ဦးရဲမြင့်၊ဦးရဲထွင့်တို့၏ မောင်/ညီ/အစ်ကိုသည် ၂၁–၈–၂၀၀၃ (ကြာသပတေးနေ့) နံနက် ၇နာရီတွင် သာကေတနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံ စစ်သင်္ချိုင်း၌ သဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းလှိုင်ထွေး(ခ)ဖိုးကုလား
အသက်(၃၆)နှစ်
ကောင်းညွှန့်ကြေးအိုး(လှည်းတန်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ်(၁၅)နှင့် ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗန္ဓုလအိမ်ရာ၊ အခန်း အမှတ်(၁၀၃)နေ ဦးလှညွှန့်–ဒေါ်အမာတို့၏ သားထွေး၊ မသန်းသန်းဝင်း၊ ကိုတင်မောင်ထွန်း၊ မမာလာဝင်းတို့၏ မောင်၊ မောင်ရဲထွဋ်သန်းလွင်၊ မဆုမွန်သန်းလွင်၊ မောင်စုနိုင်အောင်၊ မောင်မြတ်သီခတို့၏ ဦးလေး ကိုဝင်းလှိုင်ထွေး(ခ)ဖိုးကုလားသည်၂၁–၈–၂၀၀၃ရက် ညနေ ၃:၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရားဒါယိကာမ
ဒေါက်တာဒေါ်မြမြလင်း (Jessey Lin)
အသက်(၈၀)
လူမှုဖူလုံရေး(ငြိမ်း)

စက်ရှင်တရားသူကြီး (ဦးစံလင်း–ဒေါ်သန်းခင်)တို့၏ သမီးကြီး၊ (ဦးစောမောင်–ဒေါ်ခင်စီ)တို့၏ သမီးချွေးမ၊ အမှတ်(၂၀၅–အ)၊ ဗညားဒလလမ်းနေ (ဦးမျိုးဆွေ–ဒုညွှန်မှူး၊ သစ်တောဦးစီးဌာန)၏ ဇနီး၊ ဦးဗိုလ်ဗိုလ်ကျော်–ဒေါ်ခိုင်ရည်မွန်(ကကဌေ)၊ ဗိုလ်ကြီးကျော်စိုးလွင်–ဒေါ်ဖြူသဲငုံ၊ မောင်ဟိန်းဇော်ထက် (Sr.D/C-Eastwind)–မခင်ချိုချိုသဲ၊ မမေသကြင်(ရန်ကင်းပညာရေးကောလိပ်)၊ မောင်ဇင်ကိုထက်(ထ–၆၊ဗိုလ်တထောင်)၊ မောင်ခန့်ချော(လ–၂၊ ဒဂုံ)၊ မခိုင်မြတ်သွယ်(ထ–၂၊ လသာ)၊ မြစ်နှစ်ယောက်တို့၏ မာမီကြီးသည် ၂၁–၈–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမြေး၊ မြစ်များ။

ဦးငြိမ်းအောင် (၇၃)နှစ်
စားဖိုမှူးကြီး
စီဒီစီ–၃၉၈၅
ဝင်းတက်ရှစ်ပင်း(ယခင်မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း)
မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့ဝင်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (ဇ–တောင်)ရပ်ကွက်၊ ပွင့်လမ်း၊ အမှတ်(၄၄၄)နေ (ဦးသာစု–ဒေါ်စိန်မှုံ)တို့၏ သား၊ (ဦးဘမောင်–ဒေါ်လှမြ)တို့၏ သားသမက်၊ ဒေါ်စု၏ ခင်ပွန်း၊ (ဦးစန်းအေးမောင် – ဒေါ်ခင်မြင့်မြင့်စန်း)၊ ဦးအောင်မော်စန်း(စီးစတားရှစ်ပင်း)–ဒေါ်ဌေးဌေးလှိုင်၊ ဦးမောင်ဝင်း(ယူနီတင်းရှစ်ပင်း)–ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်ပြုံးချို၊ ဦးလှအောင်(နယူးအေးရှားရှစ်ပင်း)–ဒေါ်ညိုညိုဝင်း၊ မောင်မျိုးမင်းစိုး–မခင်ငြိမ်းထွေးတို့၏ မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၀–၈–၂၀၀၃ရက် ညနေ ၁၅:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ (သောကြာနေ့)နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း အမကြီး
ဒေါ်ကျင်နိုင် (၇၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ်(၄၉)နေ (ဦးကန်သောင်–ဒေါ်ဂိုး)တို့၏ သမီး၊ ဦးရင်မြင့်၏ ဇနီး၊ ကိုမြင့်နိုင်–မနွယ်နွယ်၊ ကိုရဲနိုင်–မခင်သီတာမိုး၊ မနီလာ–ကိုသန်းစိန်၊ မသန္တာ–ကိုပြုံးချို၊ မသီတာ၊ မသီဂီမြင့်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၁–၈–၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် (၁၅)လမ်း နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၃ရက် နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သိမ်းသိမ်း (၅၇)နှစ်
ကျန်းမာရေးဆရာမ(ငြိမ်း)
မိခင်နှင့်ကလေးကျန်းမာရေးဌာန

ရန်ကုန်တိုင်း၊ (၁၆)မြတ်လေးလမ်း၊ သန်လျင်မြို့နေ ဦးအောင်မြင့်၏ ဇနီး၊ မောင်သန့်ဇင်ထွန်း၊ မောင်ဇင်လင်းအောင်၊ မောင်မျိုးမြင့်အောင်တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်သိမ်းသိမ်းသည် ၂၁–၈–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၃–၈–၂၀၀၃ရက်တွင် ပျဉ်ထောင်ကျောင်းသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်လှစိန် (၉၅)နှစ်
(သန်လျင်)

ဦးလပ်၏ဇနီး၊ ဒေါ်လှမြိုင်၊ ဦးသောင်းဖေ၊ ဒေါက်တာ ဦးကိုကိုလတ်–ဒေါ်သီတာမိုးခိုင်၊ ဒေါ်လှမြင့်၊ ဒေါ်အုန်းမြင့်၊ ဒေါ်စိန်မြင့်လတ်(မြို့နယ်ဥပဒေအရာရှိ၊ ဗဟန်း)–ဦးအောင်ကျော်၊ဦးစိန်မြင့်၊ ဦးမျိုးမြင့်လတ်–ဒေါ်ဝင်းဝင်းမြင့် (မူလတန်းကျောင်းအုပ်၊ ကြာကန်၊ ကျောက်တန်း)၊ ဒေါ်ခင်မြဝင်းကြည်လတ်–ဗိုလ်ကြီးမြင့်ကျော်၊ ဦးမျိုးတင့်လတ်၊ ဦးစိန်မန်းမောင်လတ်–ဒေါ်တင်တင်နွယ်(ဥပဒေအရာရှိအဆင့်–၂၊ အမျိုးသားညီလာခံ)တို့၏ မိခင်ကြီး၊ မစန်းစန်းဝင်း၊ မောင်အောင်မြင့်မော်၊ မသန်းမြင့်မော်၊ မမန်းနွယ်လတ်ဦး၊ မသီရိလတ်၊ မောင်တက်နိုင်ဖျားကို၊ မဇရိပ်လတ်၊ မချက်ချက်၊ မဖွားတူ၊ မဒီဇင်ဘာတို့၏ အဘွား၊ လတ်မိသားစု၏ မိခင်ကြီး ဒေါ်လှစိန်သည် ၂၀–၈–၂၀၀၃ရက်တွင် အမှတ်(၁၀၇)၊ ရန်ကုန်အင်းစိန်လမ်း၊ ကမာရွတ်(လက်ခုတ်ပင်ရပ်ကွက်)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၁၀၇)၊ ရန်ကုန်အင်းစိန်လမ်း၊ ကမာရွတ်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ငွေ (၇၈)နှစ်
သဲအင်းယောဂီ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ်မင်းကိုယ်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၁၁)ပထမထပ်နေ (ဦးဘိုးဘ–ဒေါ်ရှုတာ)တို့၏ သမီး၊ (ဦးချစ်လှ)၏ ဇနီး၊ ဦးဇော်ဝင်း(အဏုမြူစွမ်းအင်ဦးစီးဌာန)–ဒေါ်ညွန့်တင်(စက်မှု–၁၊ကြွေထည်)၊ (ဒေါ်တင်မြင့်–ရန်ကင်းအထည်ချုပ်စက်ရုံ)၊ဦးနု(ပြည်တွင်းအခွန်များဦးစီးဌာန၊ င/စဌာနခွဲ)–ဒေါ်ကေခိုင်ကြည်(မြန်မာ့မီးရထား)၊ ဦးစောထွန်း(အကောက်ခွန်ဦးစီးဌာန)–ဒေါ်စန်းရီ(အကောက်ခွန်ဦးစီးဌာန၊ ငြိမ်း)၊ ဒေါ်တင်အုန်း(ရန်ကင်းအထည်ချုပ်စက်ရုံ)၊ ဦးသိန်းမောင်(ပြည်တွင်းအခွန်များဦးစီးဌာန၊ ဗိုလ်တထောင်မြို့နယ်)–ဒေါ်ဖြူဖြူအောင်(အမက–၁၊ တ/ဒဂုံ)တို့၏ မွေးသမိခင်၊ ကိုအေးကျော်–မဆွေဆွေညွှန့်၊ မခိုင်ဆုမြတ် (3rd MB၊ ဆေးတက္ကသိုလ်–၁)၊ မခင်စန္ဒာထွန်း(2nd GTCသန်လျင်)၊ မောင်ကျော်ဇောထွန်းတို့၏ အဘွား ဒေါ်ငွေသည် အထက်ပါနေအိမ်၌ ၂၀–၈–၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှစိန်ဦး (၆၅)နှစ်
(မင်းပြား)

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဦးစိုးတင့်ရပ်ကွက်နေ (ဦးညိုဇံဦး–ဒေါ်လှကြာဖြူ)၊ ဒေါ်စိန်မြဦးတို့၏ သမီးဦး၊ သာကေတမြို့၊ ရွှေခင်သာအဆင့်မြင့်အိမ်ရာစီမံကိန်း (၇)၊ တိုက်(A-2)၊ အခန်း(၁၀၁)နေ ဦးရွှေနီအောင်၏ ဇနီး၊ ဦးရွှေသိန်း (မင်းပြားမြို့နယ်အသင်းအမှုဆောင်)–ဒေါ်စန်းစန်းနွယ်၊ ဦးသိန်းထွန်း–မရွှေဝင်း(ခ)မိမိ၊ မောင်ထွန်းတင်–မမိုးမိုးဦး၊ မောင်တင်ညွန့်–မစိန်သန်းနု၊ မောင်ကျော်သိန်းနုတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၂ယောက်တို့၏ အဘောင်ရှင် ဒေါ်လှစိန်ဦးသည် ၂၀–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ ၃:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်လှစိန်ဦး (၆၅)နှစ်

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ အလုပ်အမှုဆောင် ဦးရွှေသိန်း၏ မိခင် ဒေါ်လှစိန်ဦးသည် ၂၀–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါ ပို့ဆောင်ကြပါရန်။ [သာကေတမြို့၊ ရွှေခင်သာအိမ်ရာ၊ တိုက်(A-2)၊ အခန်း(၁၀၁) နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။] အမှုဆောင်အဖွဲ့။

ဦးတင်ဝင်း (၄၉)နှစ်
အငယ်တန်းအင်ဂျင်နီယာ(၂)၊ မြို့ပြ

(ဦးနာတရာဂျန်–ဒေါ်လှခင်)တို့၏ သား၊ ဦးတင်မြင့်–ဒေါ်အမာ၊ (ဦးပါလနီး)–ဒေါ်ရတနာ့နှင်း၊ ဦးတင်အေး (အငယ်တန်းအင်ဂျင်နီယာ–၁၊ မြို့ပြ၊ လမ်းအထူး–၆) – ဒေါ်ဝင်းဝင်းကြည်တို့၏ညီ၊ ဦးမောင်မောင်–ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်ကိုသည် ၈–၈–၂၀၀၃ (သောကြာနေ့) နံနက် ၁၀နာရီတွင် မော်လမြိုင်မြို့၊ ကြာအင်းကျေးရွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဝင်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သောမနန္ဒ
သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်
အနောက်ချောင်းဒွါရဂိုဏ်း

ဧရာဝတီတိုင်း၊ ကျုံပျော်မြို့၊ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ဦးစီးမဟာနာယက၊ ရွှေကျောင်း ကျောင်းတိုက်ကြီး၏ ပဓာနနာယကဖြစ်တော်မူသော ဆရာတော်ကြီး ဘဒ္ဒန္တသောမနန္ဒသည် (၁၃၆၅ခုနှစ်၊ ဝါခေါင်လဆုတ် ၈ရက်) ၂၀–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ရက်) ၂၆–၈–၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအင်္ဂရာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တ ဣန္ဒိဉာဏာဘိဝံသနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးအောင်သိန်း (၈၅)နှစ်
ဒု–အင်ဂျင်နီယာ
သောင်တူး(ငြိမ်း)၊ ဆည်မြောင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ်(၃၃)၊ ဥသဩဖယားလမ်း၊ ကျိုက္ကဆံရပ်ကွက်နေ ဒေါ်လှရင်၏ ခင်ပွန်း ဦးအောင်သိန်း ရာသက်ပန်အသင်းဝင် အမှတ်(၆၁၈)သည် ၁၃–၈–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်ဖွဲ့။

ဘုရားဒါယိကာမ
ဒေါက်တာဒေါ်မြမြလင်း (Jessey Lin)
အသက်(၈၀)
လူမှုဖူလုံရေး(ငြိမ်း)

စက်ရှင်တရားသူကြီး (ဦးစံလင်း–ဒေါ်သန်းခင်)တို့၏သမီးကြီး၊ (ဦးစောမောင်–ဒေါ်ခင်စီ)တို့၏ သမီးချွေးမ၊ အမှတ်(၂၀၅–A)၊ ဗညားဒလလမ်းနေ (ဦးမျိုးဆွေ၊ ဒု–ညွှန်မှူးသစ်တောဦးစီးဌာန)၏ဇနီး၊ (ဒေါ်တင်တင်လင်း)၊ ဦးစိုးလှိုင်(လဝကမှူး၊ငြိမ်း)၊ ဗိုလ်မှူးကြီးလှထူး–ဒေါက်တာဒေါ်ခင်ခင်လင်း၊ ဦးလှိုင်ဝင်း(စန္ဒရားဦးနီနီ)–ဒေါက်တာဒေါ်စန်းမြင့်၊ ဦးမြင့်စိုး(ပါမောက္ခ၊ စိတ်ပညာ)–(ဒေါ်ရင်ရင်လင်း)တို့၏ အစ်မကြီး တူ၊ တူမ ရှစ်ယောက်တို့၏ ကြီးဒေါ်သည် ၂၁–၈–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမောင်နှမများ။

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ဝေဝေ (၇၆)နှစ်
ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ ထူပါရုံ(၂၂)လမ်း (အနောက်)၊ အမှတ်(၄၄၉)နေ (ဦးစိုးတင့်–ဒေါ်ဖွားသင်)တို့၏သမီး၊(ဦးအောင်သိန်း)၏ ဇနီး၊ (ဦးဘထွန်း)–ဒေါ်မြမြ၏ ညီမ၊ ဦးဝင်းမြင့်(သိုလှောင်ရုံမှူး၊ Golden Orchid Ltd.)–ဒေါ်စန်းစန်းလှ(ဒု–ဦးစီးမှူး၊ပို့ကုန်စီးပွား/ကူးသန်း)၊ ဒေါ်စန်းစန်းဝင်း(စိန်ဂေဟာ Mart.II)တို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၂၀–၈–၂၀၀၃ရက် ည ၉:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဦးသန်းမောင်(ခ)
ဟာဂျီနူးရ်မာမက်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၂)လမ်း၊ အမှတ်(၁၁၁)နေ (ဟာဂျီမဒေါ်စိန်စိန်)၏ ခင်ပွန်း၊ ဟာဂျီဦးဇော်ဦး–ဒေါ်နီနီ၊ ဟာဂျီဦးလှသန်း–ဒေါ်စန္ဒာ (ခေတ္တ–USA)၊ (ဦးအေးကျော်)၊ ဟာဂျီမဒေါ်သီဂီ(ခေတ္တ–Tokyo)၊ မမာလာထွေးတို့၏ ဖခင်၊ မောင်ငြိမ်းချမ်းကျော်၊ မောင်သူရကျော်၊ မောင်စိုးဝင်း၊ မောင်မျိုးသူ၊ မောင်အောင်မျိုးတို့၏ အဘိုးသည် ၂၁–၈–၂၀၀၃(ကြာသပတေးနေ့) နံနက် ၇:၃၀နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ဇဟိုရ်နာမာဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မမိမိ (၄၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၇)၊ စီသုံးလွှာ၊ ပုဇွန်တောင် ရေကျော်ကွက်သစ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးခင်လှိုင်–(ဒေါ်လှမြင့်)တို့၏သမီးငယ်၊ မမြင့်မြင့်ရီ၊ မောင်မြင့်ဦး–မဝါဝါမြင့်တို့၏ ညီမ မမိမိသည် ၂၁–၈–၂၀၀၃ရက်တွင် အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တန်အန်ကျို့(ခ)
Chen Hong Shi
အသက်(၁၀၁)နှစ်

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ စဥ့်အိုးတန်းလမ်း၊ အမှတ်(၃၃)၊ လေးထပ်နေ (ဦးစောကင်ထိုး)၏ ဇနီး၊ (စောထျုန်ဟုတ်)၊ (ဦးစော–ဒေါ်ခင်ခင်တင့်)၊ (ဦးစိန်ကြည်)–ဒေါ်ခင်ခင်မြင့်၊ Reginald H. Saw& Christine W-Saw(ခေတ္တ–USA)၊ (ဦးကင်ဝှက်)–ဒေါ်မြအေး၊ (ဒေါ်ကြူလှိုင်–ဦးတန်စိန်ဂွမ်)၊ ဦးအောင်လင်း–ဒေါ်သန်းသန်းကြည်တို့၏ မွေးသမိခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၇ယောက်၊ တီနှစ်ယောက်တို့၏ အဘွားသည် ၁၈–၈–၂၀၀၃ရက် ည ၉:၅၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း၊ သိမ် ဒါယိကာမကြီး
ဒေါ်ခင်သီ
အသက်(၈၄)နှစ်
(မော်လမြိုင်)

ကော့သောင်းမြို့ ပြည်သူ့ဆေးရုံဝင်း၊ အဏ္ဏဝါရပ်ကွက်နေ (ဦးသောင်းစိန်)၏ ဇနီး၊ ဦးသာစန်း – ဒေါ်တင်သန့်ဇင်၊ ဦးတင်အေး–ဒေါ်တင်အေးရီ၊ ဒေါက်တာဒေါ်ဌေးဌေးဝင်း(ကလေးအထူးကုဆရာဝန်ကြီး)တို့၏ မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၂၀–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးတင်အောင်
အသက်(၇၂)နှစ်
အငြိမ်းစား စာရင်းစစ်မှူး
စာရင်းစစ်ချုပ်ရုံး
(မော်လမြိုင်)

(ဦးငွေဇင်–ဒေါ်ချစ်ရင်)တို့၏ သား၊ ဦးစိန်လှိုင် – ဒေါ်ခင်အေးအေးအောင်၊ (ဦးမောင်မောင်လေး)–ဒေါ်ယဉ်ကြည်၊ (ဦးဝင်းကြည်)–ဒေါ်သန်းတင်၊ ဦးခင်ကြီးတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၆)နေ ဒေါ်သောင်းကြည်၏ ခင်ပွန်း၊ ဦးတင်ငြိမ်း–ဒေါ်ခင်ဌေးဝင်း(ကုန်စည်ပို့ဆောင်ရေး)၏ ဦးလေး၊ ဒေါ်သီသီအောင်(ဘဲဗွေးပစ္စည်းစက်ရုံ)၊ ဦးမျိုးညွန့်(ရန်ကုန်ချယ်ရီ)–ဒေါ်ဒေါ်လေ(ရန်ကုန်တိုင်းစာရင်းရုံး)၊ ဦးသန်းဆွေ(ခေတ္တ–စင်ကာပူ)–ဒေါ်ရီရီခိုင်၊ ဦးသောင်းအောင်တို့၏ မွေးသဖခင်၊ မမေမြတ်သူ၊ မောင်ပြည့်ဖြိုးပိုင်၊ မောင်မင်းခန့်ပိုင်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၀–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်း
အသက်(၆၈)နှစ်
(ဟင်္သာတ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ အမှတ်(၆၃)နေ (ဦးချစ်မောင်–ဒေါ်နွဲ့)တို့၏ သမီး၊ ဦးစံခင်–ဒေါ်စိန်မြတို့၏ သမီးချွေးမ၊ ဦးတင်ထွန်း၏ ဇနီး၊ ဦးဟန်ရွှေ–ဒေါ်စုစုလွင်တို့၏ ညီမ၊ ဦးကြည်စိန်(ဘဏ္ဍာအခွန်)–ဒေါ်အေးအေးသန်းတို့၏အစ်မ ဒေါ်ခင်သန်းသည် ၂၁–၈–၂၀၀၃ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၃ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် အနောက်ပိုင်းဆေးရုံကြီးသို့ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အထောက်အကူပြု ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်တွင် နမ့်ယွန်းတံတား တည်ဆောက်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၁

တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုလက္ခဏာများဖြစ်သည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ စက်ရုံအလုပ်ရုံစီမံကိန်းများ၊ တံတားကြီးများ၊ တက္ကသိုလ်ကောလိပ်များ၊ အထူးကုဆေးရုံကြီးများစသည့် နိုင်ငံတော်အတွက်လိုအပ်သော လူမှုရေး၊ စီးပွားရေးအခြေခံအဆောက်အအုံများနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး အဆောက်အအုံများ တည်ဆောက် အကောင်အထည်ဖော်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍများ တိုးတက်ဖွံ့ဖြိုးလာပြီး ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်ဖြစ်ထွန်းရန်၊ အထူးသဖြင့် တိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် အလေးထား ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်နိုင်ခဲ့ရာ နယ်စပ်ဒေသများမှာ ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတား ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၉)သည်လည်း **မြစ်ကိုမြင်လျှင် တံတားဆင်မည် ပြည်ခွင်သာဖို့ လမ်းခင်းစို့** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ဝမ်စလောင်းရွာအနီးတွင် တံတားတစ်စင်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

သတင်းဆောင်းပါး — သိန်းဝင်းလတ်

ဓာတ်ပုံမှတ်တမ်း — သွင်အေး(ကြေးမုံ)

ဖြတ်သန်းကြည့်ရှု

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဝမ်စလောင်းကျေးရွာအနီး တည်ဆောက်ဖွင့်လှစ်ခဲ့သည့် နမ့်ယွန်းချောင်းဖြတ် လင်းခေးဘက်ကမ်းနှင့် ဟိုမိန်းဒေသ ဆက်သွယ်သည့် နမ့်ယွန်းတံတားသစ်ကြီးပေါ်၌ ဒေသခံ တိုင်းရင်းသားပြည်သူများ တံတားဖွင့်ပွဲအပြီး ဖြတ်သန်းကြည့်ရှုနေကြသည်ကို ဩဂုတ် ၈ ရက်က ဤသို့ တွေ့ခဲ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–သွင်အေး၊ ကြေးမုံ)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင် သစ်တောရေးရာအသင်း ပွဲဦးထွက် စတင်အနိုင်ရ

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၃–၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲ ပွဲဦးထွက်ပွဲစဉ်အဖြစ် (က)အုပ်စုမှ တပ်မတော်ကြည်း(က)အသင်းနှင့် သစ်တောရေးရာအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ သစ်တောရေးရာအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရကာ ပွဲဦးထွက် သုံးမှတ်ရရှိသွားသည်။

သစ်တောရေးရာအသင်း– လေးဂိုး။
(အောင်ထွန်းနိုင်နှင့် မင်းယုအောင်–နှစ်ဂိုးစီ)
တပ်မတော်ကြည်း(က)အသင်း– တစ်ဂိုး။
(သန့်ဇင်ထွေး)
အကောင်းဆုံးဆု– အောင်ကျော်ထွန်း (သစ်တောရေးရာ)။
ဒိုင်လူကြီး– ဦးထွန်းထွန်း။

ယမန်နှစ်ဘောလုံးရာသီတွင် နှစ်သင်းစလုံး ထင်သလောက် အောင်မြင်မှုမရခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီတွင် အောင်မြင်မှုပြန်ရရေး အထူးကြိုးစားပြင်ဆင်ခဲ့ရာ သစ်တောရေးရာအသင်းက ဒုတိယပိုင်းတွင် သွင်းယူသောအနိုင်ဂိုးများဖြင့် လူငယ်အများစု အခြေခံ ဖွဲ့စည်းထားသော တပ်မတော်ကြည်း(က)ကို ဂိုးပြတ် အနိုင်ယူကာ ရာသီအသစ်တွင် တာထွက်ကောင်းသွားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

သစ်တောရေးရာ အသင်း ရှေ့တန်းမှ ကျော်ထွန်းအောင်က တပ်မတော်ကြည်း (က)အသင်း နောက်တန်းနှစ်ဦးကို ဖြတ်ကျော်ရန် ကြိုးစားစဉ်။ (ကြေးမုံ)